

# ခင်နှင်းယု

# နှင်းဆီမြေ့ရာ

ဝတ္ထုတိုများ

mgyoe.com

mgyoe.com

# ခင်နှင်းယု

ဝတ္ထုတို ၃၅ ပုဒ်စုစည်းထားသည်။

KHY0012
4,500.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၅၀၀ ကျပ်

၁၉၅.၁၃
နှင်းဆီမွှေးရာထွာတို့များ
ခင်နှင်းယု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၃၉၂ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) နှင်းဆီမွှေးရာထွာတို့များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နှင်းဆီမွေ့ရာ

# ဝတ္ထုတိုများ

# ခင်နှင်းယု

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခန္ဓာနှင့်အာရုံ | ၁ |
| ၂။ | ရွှေတမာ | ၉ |
| ၃။ | နှင်းဆီမွေ့ရာ | ၂၀ |
| ၄။ | ခံပွင့် | ၃၅ |
| ၅။ | မမြင်နိုင်သောအရာ | ၄၇ |
| ၆။ | တန်ခိုးတော်ရှင်၏ ကျလေသော မာန | ၅၉ |
| ၇။ | ကျောင်းနေစဉ် မေတ္တာမျှစဉ်က | ၇၄ |
| ၈။ | ကျွန်မတို့မှာ မိန်းမသား | ၈၅ |
| ၉။ | လမင်းကြီးနှင့် ငွေငါးဆယ် | ၉၇ |
| ၁၀။ | အိမ်ကြီးကျွန် | ၁၀၇ |
| ၁၁။ | ညောင်ဦးကမ်းပါးပြိုသောအခါ | ၁၁၆ |
| ၁၂။ | ဤသုံးအိမ် | ၁၂၅ |
| ၁၃။ | မိန်းမတို့အကြောင်း | ၁၃၆ |
| ၁၄။ | ဆူးကြောင့် ခက်တယ် | ၁၄၈ |
| ၁၅။ | လူသတ်လိုသူ | ၁၆၇ |
| ။ | ငါ | ၁၇၆ |
| | ရုပ်ဘုံ | ၁၈၉ |
| | တူးမာ | ၁၉၆ |
| | ရွှေမိုး ငွေမိုး ရွာသောအခါ | ၂၀၇ |


mgyoe.com

mgyoe.com


၂၀။ မနက်ဖြန် ၂၁၄
၂၁။ ဘယ်လိုချစ်တာလဲ ၂၃၆
၂၂။ မျက်နှာကလည်းပြောင်ပြောင် ၂၄၆
၂၃။ သည်းနိုင်ကြပါတယ် ၂၅၅
၂၄။ ဒုတိယဆုတောင်း ၂၆၅
၂၅။ ရွှေအိုးများရှိရာမြေ ၂၇၄
၂၆။ နှလုံးသားကို တံတားခင်း၍ ၂၈၃
၂၇။ ကသစ်ပန်း ၂၉၉
၂၈။ ကိုလွှမ်းပုံ ၃၀၆
၂၉။ မောင့်ကိုလွမ်းတော့ ၃၂၂
၃၀။ စာရေးဆရာ ဦးဇာဂရ ၃၃၀
၃၁။ ကြာပန်းနှင့် သဇင် ၃၄၂
၃၂။ ငွေလှေပေါ်မှာ ၃၅၄
၃၃။ ရှာသူတို့ဓလေ့ ၃၆၃
၃၄။ အသေးအဖွဲ ၃၇၈
၃၅။ ပန်းကလေးများကြောင့် ၃၈၆


❒

mgyoe.com

mgyoe.com

# ခန္ဓာနှင့်အာရုံ

မရွှေဇင်သည် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရမည်လော၊ ကံတရားကိုပင် ကျေးဇူးတင်ရမည်လော မဝေခွဲနိုင်။ သို့သော် ထိုအိမ်ကြီးကို ရောက်လာသည်မှာ သူအလွန်ကံကောင်းလာပြီဟု ထင်မြင်ယူဆရပေမည်။

အိမ်ရှင်မှာ မစ္စတာလျူး ဖြစ်သည်။ လျူး၏ ဇနီးကလည်း ချောမွေ့လှပသူ ဖြစ်လေသည်။

ရွှေဇင်သည် အိမ်အခန်းတိုင်းကို ရောက်၏။ အိမ်၏ရနံ့သည် သင်းပျံ့နေသည်။ အခန်းတိုင်းရှိ ပန်းအိုးငယ်များမှာ ပန်းပွင့်များကပင်လော၊ အမွှေးတိုင်ကပင်လော ခွဲးဆ၍ မတတ်ပေ။ ရနံ့များသည် အိမ်သားများ၏ စိတ်ကို အားတက်ရွှင်လန်းစေပေသည်။

လျူး၏အခန်းကို သွားရာတွင် ကြမ်းပြင်ထက်ရှိ ကော်ဇော်မှာ ကတ္တီပါမွေးလို နူးညံ့သည်။ ရွှေဇင်သည် ခြေထောက်အရာရှိတိုင်း ကော်ဇောကို ပွတ်တိုက်၍ လျှောက်၏။ နံရံများသည် အဝါနုရောင်ဖြစ်သည်။ မရွှေဇင်၏ စိတ်ကူးထဲတွင် အကယ်၍ သူသာ အိမ်ရှင်ဖြစ်လျှင်တော့ အခန်းနံရံများကို ခိုဥရောင်သုတ်မည်။ မီးလုံးများကလည်း အပြာနုနုကလေးဆိုလျှင် အိမ်ခန်းသည် ဘယ်လောက် အေးချမ်းနေမည်နည်း။ ဒါပေမဲ့ သူ့သခင်များသည် တရုတ်ဖြစ်၍ ပန်းရောင်နှင့် အဝါကိုသာ အသုံးများကြသည်။

သူသည် လျူးတို့ ဇနီးမောင်နှံအတွက်သာ အစေအပါး ဖြစ်၏။ တစ်အိမ်လုံး၏ အစေခံထဲတွင် သူ အသက်သာဆုံး ဖြစ်ပေသည်။ လျူးတို့ ထမင်းစားခန်းတွင် သူသည် အပါးမှ ထိုင်ရုံပဲ ထိုင်နေရသည်။ တစ်ခါတစ်ရံ

mgyoe.com

mgyoe.com


တစ်ကောင်စ နှစ်ကောင်စ ဝင်လာသော ပိုးကောင်နှင့် ယင်ကောင်တို့ကို ညင်သာစွာ ယပ်ပေးရသည်။

နံရံတွင်ကပ်ထားသော မီးပုံးအိမ်များသည် ပန်းရောင်ဖြစ်၍ မီးရောင်ကလည်း နှင်းဆီပန်းရောင်သွေးလို လင်းနေသည်။ ထမင်းစားပွဲဘေးရှိ မှန်ဗီရိုအနိမ့်ပေါ်တွင် ပန်းသီးနှင့် စပျစ်သီးတို့၏ရနံ့ကလည်း ချိုချိုလေး သင်းနေသည်။

လျှူး၏ဇနီး ထမင်းစားပြီးလျှင် သူသည် လက်ဆေးခွက်ထဲ အော်ဒီကလုံး ၃ စက်၊ ၄ စက်ခန့် ထည့်ပေးရသည်။

ရွှေဇင်အဖို့ အားလုံး အံ့ဩစရာကောင်းနေသည်။

နေ့နေ့ညည အစဉ်လိုပင် သက်သောင့်သက်သာ ရှိလှပါတကား။

ညနေစောင်းလျှင်တော့ ရေခဲစိမ်ထားသော စတော်ဘယ်ရီသီးများ (နက်စ်) နို့နှစ်မလိုင်များ ရော၍မွှေပြီး ဖန်ပန်းကန်နှင့် အဆင့်သင့် ထည့်ပြီးသားကို ရွှေဇင်က ယူသွားရသည်။

လျှူးတို့ဇနီးမောင်နှံသည် အိမ်နောက်ဘက်ခြံထဲရှိ မြက်ခင်းပေါ်တွင် ကြိမ်ကုလားထိုင်များနှင့် အေးချမ်းစွာ ထိုင်နေကြသည်။ အင်းလျားရေပြင်ပေါ်မှ ဖြတ်သန်းလာသော လေအေးကလည်း ရှင်လန်းစရာ ကောင်းလှသည်။

ရွှေဇင်သည် သစ်သီးပန်းကန်ကို အလယ်စားပွဲပေါ် ချပေးလိုက်သည်။ ပြီးလျှင် ပန်းကန်ငယ်များနှင့် သူ့သခင်များသို့ ထည့်ပေးလိုက်၏။ ကန်စောင်းကို နောက်ခိုင်းထားသော အိမ်ကြီးမှာ ယခုလို ကြည့်ရတော့လည်း အနောက်နေခြည်များထဲတွင် လှပ၍ နေပေသည်။

သူနင်းထားသော မြက်ခင်းကို ရွှေဇင်က အရသာခံကြည့်နေပြန်သည်။

"မြက်တွေကလည်း နူးညံ့နေတာပဲ"

သူသည် စိတ်ထဲမှ စကားပြောနေမိ၏။ ယမန်နေ့ကမှ ဖြတ်ပြီးစဖြစ်၍ မြက်များကလည်း စိမ်း၍ ညီနေသည်။

ရွှေဇင်သည် အနားတွင်ရပ်ရင်း အင်းလျားကန်ဘက်သို့ မျှော်ကြည့်နေ၏။

ရွက်ဖြူများသည် ကန်ရေပြင်တွင် ညင်သာစွာ ရွေ့လျားနေသည်။ ရေသည် ပြာ၍ ကမ်းစပ်က စိမ်းသည်။ တစ်ချက်တစ်ချက်တွင် နေခြည်က စိမ်းရောင် လက်သွားပြန်သည်။။ မျက်လုံးကိုမှိတ်၍ ရွှေဇင်သည် ခဏမျှ မှိန်းနေလိုက်သည်။

* * *

mgyoe.com

mgyoe.com


မနက်တိုင်းတွင် ရွှေဇင်သည် လျူးနှင့် သူ့ဇနီးအခန်းသို့ အစောဆုံး သွားရသည်။ လျူးတို့သည် အမေရိကန်ဆန်သော တရုတ်များဖြစ်၍ တစ်ခန်းစီ အိပ်ကြသည်။

ကွေကာအုပ်နှင့် နို့ကျိုထားသော ပူပူနွေးနွေး ၂ ပန်းကန်ကို လျူးတို့ အိပ်ခန်းများသို့ အမြဲတန်း သွား၍ ပို့ရသည်။

သူသည် ပင်ပင်ပန်းပန်း ဘာကိုမျှမလုပ်ရဘဲ အစဉ် သပ်သပ်ရပ်ရပ် နေရသည်။ ထို့ကြောင့် ရွှေဇင်သည် ကြာလေလေ လှပချောမွေ့လာလေသည်။

နံနက်တွင် လေများကလည်း လန်းဆတ်နေသည်။ သူသည် ကွေကွာအုပ် ပန်းကန်ကို စားပွဲပေါ်ချ၍ လျူးအိပ်ခန်းမှ နောက်ဘက်ပြတင်းကို ဖွင့်လိုက်၏။ အင်းလျားရေပြင်ပေါ်မှ လေတို့သည် ပြတင်းမှ ဖြတ်ဝင်လာကြသည်။

"အေးဟော့ ကောင်းလိုက်တဲ့ လေအေးပဲ"

လျူးသည် သဘောကျစွာ ပြောလိုက်၏။ ရွှေဇင်ကမူ ငြိမ်သက်နေသည်။ သူသည် ဝရန်တာသို့ ထွက်၍ အောက်သို့ ငုံ့ကြည့်၏။

"နှင်းဆီပန်းတွေ ဟယ်"

ပန်းရောင်စုံများ ပွင့်နေသည်မှာ အပေါ်ကစီးကြည့်မှ သာ၍လှသည်။ သူ့စိတ်ထဲတွင် ထိုအိမ်ပိုင်ရှင်ကြီး ဖြစ်ချင်လာသည်။ ဒါပေမဲ့ ထိုအိမ်ကြီးကို ဆောက်ရသည်မှာ တစ်သိန်းကုန်သည်ဟု သိရသည်။ တစ်သိန်းဆိုသည်မှာ သူနှင့် အလှမ်းကွာလှသည်။ သို့သော် ထိုအိမ်ကြီးရှင်အဖြစ်ကိုတော့ သူ ခံယူ လိုလှသည်။

ဘယ်လိုနည်းနဲ့များ ထိုအိမ်ကြီးရှင် ဖြစ်ရပါမည်လည်း။ စိတ်ထဲမှ မခွဲ မခွာဘဲ ထိုအိမ်ကြီးတွင် နေထိုင်နိုင်ဖို့ သူသည် ထာဝရ ဆုတောင်းမိ၏။

ဝရန်တာ အခန်းတွင်းဘက်သို့ လှည့်လိုက်ပြန်၏။ လျူးသည် ဖြည်း ဖြည်းပင် ကွေကာအုပ်ကို သောက်နေသည်။ အငွေ့များသည် ပန်းကန်မှ လွန်၍ လျူးမျက်နှာသို့ တိုးကာဟပ်နေသည်။

ရွှေဇင်သည် စားပွဲနားသို့ ကပ်၍ သွားသည်။ ထုံးစံအတိုင်း အနားတွင် ရပ်၍ စောင့်နေသည်။ အပြင်တွင် နေခြည်များ မြူးစ ပြုလာသည်။

ပြတင်းမှ နေခြည်များကြောင့် အခန်းနံရံ၏ အဝါရောင်မှာ တောက်ပ နေသည်။ လျူးသည် ရွှေဇင်မျက်နှာကို ကြည့်၏။

"မင်းပါးလေးတွေက နှင်းဆီသွေးလိုပဲ"

mgyoe.com

mgyoe.com


ရွှေဇင်သည် ပြုံးရမည်လား၊ ဘာလုပ်ရမည်လား မသိ။ လျှုံး၏ စကားကို ကြောင်၍ နားထောင်နေသည်။ လျှုံးသည် ကုလားထိုင်မှထ၍ ရွှေဇင့်မေးစေ့ကို ကိုင်ကာ ဆွဲ၍ မျက်နှာကို မော့လိုက်သည်။ ပြီးလျှင် ပါးကို လိမ်လိုက်သည်။ သို့သော် ရွှေဇင် မနာပေ။ သူသည် ငြိမ်၍ နေ၏။ ရင်များက ခုန်၍ လက်များက တုန်နေသည်။

"ကျွန်မ သွားတော့မယ်"

ရွှေဇင်သည် ပန်းကန်ကိုယူ၍ အခန်းတွင်းမှ ဖြည်းညှင်းစွာ ထွက်လာသည်။ စိတ်ထဲတွင် ဘယ်လိုဖြစ်နေမှန်းမသိ။ သူသည် အကယ်၍ ဤအိမ်ကြီးတွင် ထာဝရနေသွားရပါက လျှုံးအား ပါးကိုသာမက ရွှေရင်ကိုပဲ အပ်ရအပ်ရ သူ ကျေနပ်မိမည် ဖြစ်သည်။

လျှုံးသည် မစ္စလျှုံးနှင့် ညတိုင်း သွားနေကျပွဲနှင့် ဟိုတယ်များသို့ မသွားတော့ပေ။ သူသည် အိမ်၌ ပျော်လာသည်။ ရွှေဇင်နှင့် မြူးနေပေတော့သည်။

သူအိမ်၌ ကြာကြာပျော်၍ လာမှုကြောင့် ရွှေဇင်တွင် ပဋိသန္ဓေ ရှိလာတော့သည်။ ရွှေဇင်သည် သူ့အဖြစ်ကို ဝမ်းနည်းဖို့ သတိမရပေ။ သူသည် ပူပန်ရန်ကိုလည်း ကြိုတင်မတွေးခေါ်မိပေ။

သို့သော် နောက်ဆုံး ဝမ်းနည်းရတော့သည်။ သူ၏ ဝမ်းနည်းရခြင်းမှာ ကလေးတိတ်တိတ်ပုန်းရှိရ၍ မဟုတ်ပေ။

လျှုံးက သူ့ကို တောင်းပန်၏။ ဤအိမ်ကြီးမှ ထွက်ခွာ၍ အဝေးတွင် ကလေးမွေးဖို့ သူ့ကိုတောင်းပန်သည်။ လျှုံးသည် ငွေများများပင် ရွှေဇင်ကို ပေးသည်။ ထိုကဲ့သို့ အိမ်ကြီးကိုခွဲရ၍ သူဝမ်းနည်းခြင်း ဖြစ်ပေသည်။

ရွှေဇင်သည် မပေါ်သေးသော သူ့သန္ဓေကို အသာဖုံး၍ သူ မက်မောလှသော အိမ်ကြီးမှ ထွက်ခဲ့သည်။ မစ္စလျှုံးကိုမူ ရွှေဇင်မိဘများက လင်ပေးစားလို၍ ရွှေဇင် တောသို့ ပြန်သည်ဟု လျှုံးက အကြောင်းပြလိုက်၏။

ဒီလိုနှင့်ပင် ရွှေဇင့် ဇာတ်ထုပ်က ပြီးခဲ့ရသည်။ သို့သော် ရွှေဇင်သည် ထိုအိမ်ကြီးကို အိပ်မက်ထဲတွင် တွေ့ရတိုင်း ငိုမိသည်။

ရွှေဇင်သည်၏ကံအကြောင်းပေတည်း။ သူ့တွင် သားလေး ရလာလေပြီ။ လျှုံးသည် ထိုသတင်းကို ကြားကြားချင်း ရွှေဇင့်ဆီသို့ ပြေးလာသည်။ ကလေးရော၊ ရွှေဇင့်ကိုရော သူ့အိမ်သို့ ခေါ်သွားသည်။ သူ့မိန်းမကို လျှုံးက ပြောပြပြန်သည်။

mgyoe.com

mgyoe.com


"ရွှေဇင်ယောကျ်ား ဆုံးသွားပြီ၊ တို့များ သူ့သားကလေးကို မွေးစားရအောင်"

လျှူး၏သားသည် လျှူးလိုပင် ဖြူဆွတ်လှပပေသည်။ မစ္စလျှူးသည် ကလေးကို ချစ်၏။ သူတို့သည် ကလေးကို အမွေစား အမွေခံ မွေးရပေမည်။ ယောကျ်ားကလေးဆိုသည်မှာ တရုတ်လူမျိုးများအတွက် အဖိုးတန်လှသည်။

"စာချုပ်စာတမ်းနဲ့ မွေးမှာပဲ။ ဒါပေမဲ့ ရွှေဇင် ဒီမှာရှိနေရင် ကလေးက သူ့ကိုသာချစ်မှာ။ ရွှေဇင်ကိုတော့ ဒီအိမ်မှာ မထားနိုင်ဘူး" လျှူး၏ မိန်းမက ဆို၏။ ထို့ကြောင့် ရွှေဇင်သည် ဒုတိယမွိ သူ့သား နောင်ရေးကိုငဲ့က အိမ်ကြီးပေါ်ကိုမှ ခြေမချခင် ထွက်လာလာခဲ့ရပြန်သည်။ နည်းနည်းတော့ ရွှေဇင်အဖို့ ကြောင်တောင်တောင် ဟာတာတာဖြစ်နေသည်။ သူချစ်သော အိမ်ကြီးတွင် သူ့သားသည် မြူး၍ နေရှာပေမည်။ သည်အကြောင်းကပင် သူ့အတွက် ကျေနပ်စရာကောင်းမည်။ သူသည် အဝေးတွင်နေရင်း အချိန်များ ကုန်လွန်ခဲ့လေသည်။

စစ်ပင် ဖြစ်လိုက်သေးသည်။

ကုန်လွန်သွားကြသော နွေနှင့်မိုးဦး ဆောင်း စသည်တို့ကိုပင် သူသတိမထားမိ။ နှင်းမှုန်များကိုပင် မကြည်နူးရုံမက မိုးဦးကိုလည်း မလွမ်းဆွတ်တော့ပေ။ တကယ်တော့ သူအစဉ်သာယာသော အသည်းနှလုံးသည် သားနှင့် အိမ်ကြီး ဖြစ်သည်။ ထိုဟာများနှင့် ဝေးကွာ၍ နေရသည်မှာ အဓိပ္ပာယ်မရှိပေ။

ယခုတော့ ရွှေဇင်သည် မျက်စိရောင်များပင် မတောက်ပတော့ပဲ ဆံရောင်များကလည်း ကြောင်လာသည်။ ရွှေဇင်သည် အို၍ လာခဲ့ပေပြီ။

သူ အမှတ်မထားသော နွေဦးတစ်ညနေတွင် လျှူးနှင့် သူ့သားသည် သူ့အိမ်သို့ ရောက်လာသည်။ ဖွားရွှေဇင်သည် ကြိုးစား၍ သူ့သားကို ကြည့်သည်။ သားသည် သူ့ကို ဖက်၍ နမ်းလိုက်သောအခါ သူ့မျက်လုံးတွင် မျက်ရည်များ စို့ရွှဲလာ၍ သူ့သားကို ရေးရေးပဲ မြင်ရသည်။ သူ့သားသည် ထွား၍ လှပသော သူငယ်တစ်ယောက် ဖြစ်နေလေပြီ။

"သားဟာ အမေ့ကို မှတ်မိတယ်နော်"

ဖွားရွှေဇင်၏ လက်များသည် သား၏ ပခုံးကို ဖက်ထားသည်။ သူ့လက်များသည် ဝါဖျော့၍ ရှုံ့နေသည်။ ပြာသောအကြောများသည် တီကောင်များ အရေပြားပေါ်တွင် ယှက်၍ နေကြသည်။

mgyoe.com

mgyoe.com


"ရွှေဇင် မင်းသားကို တို့များအကြောင်းတွေ ပြောပြတယ်။ ကိုယ့်မိန်းမလည်း ဆုံးသွားပြီ"

"ဟင်"

ဖွားရွှေဇင်သည် လျှူးကို မော့ကြည့်၏။ လျှူး ပထမဆုံး လိမ်ခဲ့သောသူ၏ ရွှေရောင်ပါးမို့များသည် ယခု လျော့ရဲ၍ ချိုင့်နေသည်။ လျှူးက အိုမင်းသွားပြီ ဆိုပေမယ့် စိတ်များက မအိုပေ။ အရည်အသွေးမှာ ရွှေဇင်လောက်မမှိန်သေးပေ။ သို့သော် လျှူးမှာလည်း အတော်အိုရှုံ၍ နေပေပြီ။

"အမေ နေမကောင်းဘူးထင်တယ်။ ခုအမေ့ကို ကျွန်တော်တို့ လာခေါ်တာ။ ကျွန်တော် အင်းလျားစောင်းက အိမ်ကြီးကို အမွေရတယ်"

"အိမ်ကြီး"

အိမ်ကြီးဆိုသော အသံကြားသည်နှင့် တစ်ပြိုင်နက် ရွှေဇင်၏ မျက်လုံးများသည် ရုတ်တရက် တောက်ပလာသည်။ သူသည် ကြိုးစား၍ ပြုံးသည်။ သို့သော် သူ့အပြုံးသည် မလှပတော့ပေ။

လျှူးတို့ သားအဖသည် ဖွားရွှေဇင်ကို အိမ်ကြီးပေါ်သို့ ခေါ်လာခဲ့ကြသည်။ ယခုတစ်ခါ ရောက်လာခြင်းသည် ယခင်လို အစေခံ ရွှေဇင်အဖြစ်ရောက်လာခြင်း မဟုတ်ပေ။

သူဌေး၏မိခင်၊ သူဌေးကတော်အနေနှင့် ဖွားရွှေဇင် ပြန်လာခဲ့ရခြင်းဖြစ်သည်။

အဖွားကို သူတို့ တွဲ၍ ခေါ်လာကြသည်။ လှေကားတစ်ထစ်ခြင်း ဖြည်းညှင်းစွာ သူ တက်နေသည်။ အခန်းများကို ဖြတ်လာစဉ်ကရော၊ လှေကားကိုတက်နေစဉ်ပါ သူသည် နံရံများကို ဂရုစိုက်ကြည့်သည်။ ဒါပေမဲ့ သူ့မျက်လုံးများသည် ဘာကိုမျှ သဲကွဲစွာ မမြင်ရပေ။

ယခင်က လျှူး၏အိပ်ခန်းတွင် သူ့အတွက် အိပ်ရာပြင်ထားသည်။ အဖွားသည် အခန်းသို့ လျှောက်နေစဉ် ယခင်က သူအရသာခံ၍ နှင်းသောကော်ဇောပြင်ကို ပွတ်လျှောက်၏။ နူးညံ့မှုကို သူ ပြန်လည် ခံစားကြည့်သည်။ သို့သော် သူ့ခြေထောက်များသည် ကော်ဇော၏ နူးညံ့မှုကို အရသာခံ၍ မရပေ။

"ဘာဖြစ်လို့လဲ"

ထပ်၍ ပွတ်ကြည့်သည်။

"ငါ့ခြေထောက်တွေ ထုံနေပြီထင်တယ်"

mgyoe.com

mgyoe.com


အခန်းထဲရောက်၍ အိပ်ရာထဲတွင်လှဲရင်း ပတ်ဝန်းကျင်ကို သူလျှောက်ကြည့်၏။ နံရံများသည် ယခင်ကလို အဝါရောင်သုတ်၍ ပန်းနုရောင် မီးပုံးများ ထွန်းထားသည်။ လင်းနေသော အရောင်မှလွဲ၍ သူ့မျက်လုံးသည် အဝါနှင့် ပန်းရောင်ကို မသဲကွဲပေ။

"အမေ စတော်ဘယ်ရီနဲ့ စပျစ်သီး ဘယ်ဟာ စားမလဲ"

သူ့သားသည် ယုယစွာ မေး၏။

ရွှေဇင်ဘဝတုန်းက ဖန်ပန်းကန်ထဲတွင် မြင်ခဲ့ရသော ရေခဲစိမ်ထားသည့် စတော်ဘယ်ရီသီး နီနီလေးများကို သူ့မျက်လုံးထဲတွင် ပေါ်လာသည်။

"စတော်ဘယ်ရီသီး စားချင်တယ်"

သားသည် ယခင်ကလိုပဲ ရေခဲစိမ်၍ နို့နှစ်များ ဆမ်းကာ ပန်းကန်နှင့် ထည့်၍ လာသည်။

"အမေ တစ်လုံးစားကြည့်နော်"

ဖွားရွှေဇင် ပါးစပ်သို့ ဇွန်းငယ်နှင့် ခပ်၍ ထည့်၏။ အဖွားသည် ဖြည်းဖြည်းလေး ဝါးနေသည်။ စတော်ဘယ်ရီသီးကလည်း ဘာအရသာမှ မပေါ်၊ ချဉ်တင်တင် ခါးခါးကြီး ဖြစ်နေသည်။ ဝါးရင်း စိတ်ပျက်လာသည်။

အမှန်တော့ စတော်ဘယ်ရီသီးက မခါးပေ။ အိုမင်းသော သူ၏လျှာများကသာ အကြည်ဓာတ်ပျက်၍ အရသာမပေါ်နိုင်ဘဲ ခါးနေတော့သည်။ သူသည် စိတ်ပျက်၍ မျက်လုံးစုံမှိတ်ကာ မှိန်းနေသည်။ အခန်းအလယ်ရှိ စားပွဲမှ နှင်းဆီပွင့်များသည် လှပနေသည်။ စပျစ်သီးများ၏ အနံ့ကလည်း ပန်းရနံ့နှင့်ရော၍ မွှေးနေသည်။ တစ်ခန်းလုံး ယခင်ကလို သင်းပျံ့ပျံ့ရနံ့နှင့် လွှမ်းနေသော်လည်း အဖွား၏ နှာခေါင်းတွင် ဘာမှ မထူးခြားပေ။ အဖွားသည် ဘာအာရုံမှ ခံစား၍ မရတိုင်း မှိန်းနေ၏။ သူ့ဘဝကို ပြန်တွေးကြည့်သည်။ ဟိုတုန်းက အကြောင်းများ တွေးကြည့်ရသည်ကမှ အရသာရှိချင်ရှိဦးမည်။

သို့သော် ဘာကိုမျှ စူးစိုက်၍ တွေးမရပါတကား။ စဉ်းစားရင်း ပျောက်ချင်တာတွေပျောက်၊ တခြားရောက်ချင်တာတွေရောက် စူးစိုက်၍ တွေးလို့ ပင်မရ။ သူသည် အာရုံကြောများကို ထိန်းချုပ်မထားနိုင်တော့ပေ။ အဖွားသည် ငိုချင်လာမိသည်။

သူငွေးမိခင် ဖြစ်လာသည့်အတိုင်း လှပနူးညံ့သော လုံချည်များ တစ်ထည်ပြီး တစ်ထည် ရောက်လာကြသည်။ အရိုးဂေါက်ဂက်ဖြစ်နေသော တင်ပါးတွင်

mgyoe.com

mgyoe.com


ဘာလုံချည်မှလည်း မနူးညံ့ပေ။ လျှူး၏ မွေ့ရာထက်၌ ငြိမ်ငြိမ်လေး အသာလှဲနေ၏။ အမှန်တော့ အဝတ်မရှိလျှင် အရိုးရုပ်ကို မွေ့ရာပေါ်တွင် တင်ထားသည်နှင့် တူသည်။

အစေခံမိန်းကလေးသည် သူ့ကို ဆေးလာတိုက်သည်။ ပြီးလျှင် မိန်းကလေးသည် ဝရန်တာတွင် သွား၍ ရပ်၏။ အင်းလျား ရေပြင်သည် ငြိမ်၍ မြရောင်လွှမ်းနေသည်။ ရွက်လှေများသည် ဖြည်းညှင်းစွာ ရွေ့လျားနေသည်။ မိန်းကလေးသည် ခဏတွေ၍ကြည့်ရင်းမှ အဖွားဘက်သို့ လှည့်လိုက်၏။ အဖွားသည် အိပ်ရာပေါ်တွင် လှဲမြဲပင်။ ခါးဝတ်လုံချည်မှာ လျှောကျနေသည်။

ခွက်၍ဝင်နေကာ ရှုံ့တွတွဖြစ်နေသော အဖွား၏ တင်ပါးသည် စပရိန် မွေ့ရာပေါ်တွင် အရုပ်ဆိုးနေသည်။ မိန်းကလေးသည် အနားသို့ ကပ်၍ လုံချည်ကို ဆွဲတင်လိုက်၏။

"တင်ပါးကြီးက လှလည်း မလှဘူး"

တိုးတိုးပြော၍ ပြုံးမိသည်။ ပြတင်းမှ လေများသည် ယခင်ကလိုပင် ဖြည်းဖြည်းလေး ဝင်လာကြသည်။ အိမ်ကြီးကမူ ယခင်ကလိုပင် သက်သောင့်သာယာ ရှိပေသေး၏။

အဖွားကမူ အားလုံးသော အရသာများကို မခံစားနိုင်တော့ပေ။ ယခုအချိန်အခါကျတော့မှ ထိုအာရုံများမှာ ဘာများ အသုံးကျဦးတော့မည်နည်း။

(၁၉၅၃၊ မတ်လ။)

□

mgyoe.com

mgyoe.com

## ရွှေတမာ

အကယ်၍သာ သမီးလေး ခင်မာလာ မွေးဖွားရ၍ မလာပါလျှင်လည်း ဦးထွန်းအေးတို့အဖို့ ထိုမျှ စိတ်ပူပန်မည်မဟုတ်ပေ။

ယခုမူ သမီးလေးကို မွေးသည့်နေ့မှစ၍ သူသည် အစဉ်ပူပန်ခဲ့ရသည်။

ယခုညလိုအခါမျိုးတွင် အိပ်လို့ပင် မရလောက်အောင် စိတ်မှာ လှုပ်ရှားနေပေသည်။ သူ့သမီးလေးသည် အသက် ၂၀ ပင် ပြည့်တော့မည်။ ထိုအနှစ် ၂၀ ကာလပတ်လုံး သူသည် စိတ်ပင်ပန်းမှုဝေဒနာကို အစဉ် ခံစားလာခဲ့ရပေသည်။

အိပ်ခန်းမှထ၍ ဘေးတံခါးမကြီးမှ သူသည် ခြံတွင်းသို့ ဆင်းလာခဲ့သည်။

မိုးဦးဖြစ်၍ လေထဲတွင် မိုးသက်နံ့သည် ပါလာခဲ့လေသည်။ အိမ်ထဲတွင် ပူအိုက်သလို ဖြစ်နေပေသည်။ သူသည် စံပယ်ရုံများဘေးရှိ ခုံတန်းပေါ်တွင် ထိုင်၍ လေကို မှန်မှန်ရှူ၍နေသည်။

မိုးသားများမရှိသေးခင် လသည် ဝင်းပစွာ သာနေသည်။ သူ့မျက်လုံးများသည် စံပယ်ပွင့်များပေါ်သို့ ရောက်သွားသည်။ လရောင်ဖြင့် ပွင့်အာလာကြပြီဖြစ်သော စံပယ်၏ ငွေဝတ်လွှာများမှာ ရက်ရက်စက်စက်ပင် လှပနေပေသည်။ ချိုအေးသောရနံ့သည် သူ့ဝန်းကျင်ဝယ် သင်းပျံ့နေ၏။ သစ်ရွက်များလည်း ငွေရောင်တောက်၍ ဖြည်းညှင်းစွာ လှုပ်ရှား၍ နေပေသည်။

ထိုကဲ့သို့ လှပသော ညများတွင် သူသည် မခင်သူနှင့် တွေ့ခဲ့သည် မဟုတ်ပါလော။ နူးညံ့ပြေပြစ်သော၊ ယဉ်ယဉ်လေးနှင့်ချောမွေ့သော မခင်သူ၏ မျက်နှာကို လရောင်အောက်တွင် တွေ့ခဲ့ရလေသည်။

mgyoe.com

mgyoe.com


တီးတိုးစွာနှင့် နီးနှောနေကြသည့် ချစ်သူ့စကားသံတို့မှာ ထိုစဉ်က နှစ်သက်၍ မဆုံးခဲ့ပေ။

ယခုလို စံပယ်ရုံနားမှာတော့ မဟုတ်ပေ။ သူတို့နှစ်ဦးတွေ့စဉ်က မခင်သူတို့ ခြံထဲရှိ ယုဇနပင်အောက်မှာ ဖြစ်ခဲ့သည်။ လရောင်မှာ ယုဇနရွက်များကြားမှ လက်၍ ထင်နေသည်။ ညဥ့်၏လေတွင် ယုဇနပွင့်ရနံ့များသည် သင်းပျံ့လှသည်။ များသောအားဖြင့် သူက ချစ်စိတ်မွှန်တတ်သည်။ မခင်သူလေး၏ လိမ္မာမှုကြောင့် သူတို့ ကျူးကျူးလွန်လွန် မဖြစ်ကြ။ ထိန်းသိမ်းနိုင်ခဲ့ကြသည်။

ငယ်ရွယ်သူ ချစ်သူချင်း ယခုလို တိတ်ဆိတ်သော ညတွင် တွေ့ရသည်မှာ ချမ်းမြေ့ရွှင်လန်းဖွယ် ကောင်းသလောက် ကြောက်စရာ အခြေအနေဆိုးကိုလည်း ဖန်တီးပေးနိုင်သည်။

မခင်သူက ဓမ္မဆန်ပေသည်။ များသောအားဖြင့်လည်း ဓမ္မကြောင်းကို ယှဉ်၍ပြောတတ်၏။

သူသည် မခင်သူ၏ ပါးနုနုလေးကို သူ့ပါးနှင့်အပ်၍ ချစ်စိတ်မွှန်တိုင်း ပြောချင်ရာ ပြောခဲ့သည်။

"မေမေတို့က သဘောမတူလည်း ခင့်ကို မောင်က ရအောင် ယူမှာပဲ။ ခုတောင် နောက်ကောလိပ်မှာ ၃ နှစ်ပဲ နေရတော့မယ်"

သူသည် ဒါတွင်မက ဘယ်လောက်ချစ်ကြောင်းကိုလည်း ငိုကာချဲ့တတ်သေးသည်။

သို့သော် မခင်သူကမူ သူ့ရင်ခွင်ထဲတွင် လမင်းကို မော့ကြည့်ရင်းပင် ဓမ္မဆန်ဆန် ပြောတတ်သည်။

"လူတွေတောင်မှ မမြဲကြပါဘူးမောင်။ အချစ်ဆိုတာလည်း သခါရပါပဲ။ တစ်ကြိမ်တစ်ခါမှာ မုန်းချင်လည်း မုန်းပေမပေါ့။ ဘယ့်နှယ့်လုပ်ပြီး မောင်ဟာ ခင့်ကို တစ်သက်လုံးချစ်ရမယ်လို့ ခင်က ပြောနိုင်မလဲ။ ပြီးတော့လည်း ခင်နဲ့မောင်က ခုမှတွေ့ကြတာ။ မိဘဆိုတာ တစ်သက်လုံး ပြုစုကျွေးမွေးပြီး စောင့်ရှောက်လာခဲ့တာ။ မိဘစကားကိုတော့ ဘယ်တော့မှ မလွန်ဆန်နဲ့ပေါ့"

မခင်သူက ထိုသို့များ ပြောလိုက်လျှင် သူသည် ဆတ်ဆတ်ခါ နာတတ်သည်။ သူယောကျ်ားပီသကြောင်း၊ သစ္စာမဖောက်ကြောင်းကို တသီကြီး ပြောတတ်သည်။

ဒီလိုပြောလျှင်လည်း မခင်သူက ပြုံးပြုံးလေးပင် နေတတ်သည်။

mgyoe.com

mgyoe.com


ဒါပေမဲ့ နောက်ပိုင်းတွင် သူသည် မခင်သူအား သစ္စာဖောက်ခဲ့သည်။ မလိမ့်တစ်ပတ်လုပ်၍ စွန့်ပစ်ခဲ့ပြီး နွဲ့နွဲ့ရီကို ယူလိုက်သည်။

အတိတ်များသည် တစ်ခုပြီးတစ်ခုပေါ်လာတိုင်း သူ့စိတ်လှုပ်ရှားမှုသည် ပြင်းပြလာသည်။

သူပင် ယခု ဦးထွန်းအေးဖြစ်၍ မခင်သူလည်း ဒေါ်ခင်သူဘဝကို ရောက်၍ နေပေသည်။

ပထမတော့ သူသည် မခင်သူအချစ်ကို ဖောက်ဖျက်လိုက်စဉ်က သစ်ရွက်တစ်ရွက် ခြွေပစ်သလောက်ပင် စိတ်ထဲတွင် အမှတ်မထားခဲ့။

သို့သော် ခင်မာလာ မွေးလာသည့်နေ့တွင် "သမီးလေး" ဆိုလိုက်ကတည်းက ရင်ထဲတွင် ထိန်းခနဲ ဝင်ဆောင့်လိုက်သည်။

"ဘုရား... ဘုရား" သူသည် ဘုရားပင် တမိသည်။ မခင်သူအပေါ်တွင် သစ္စာဖောက်ခဲ့သလို၊ မခင်သူစိတ်ဆင်းရဲအောင် သူလုပ်ခဲ့သလို သူ့သမီးလေးအပေါ် တစ်စုံတစ်ယောက်က စော်ကားမှာကို သူ အင်မတန်မှ စိုးရိမ်လာသည်။

သူ့မှာ သမီးနှင့် ဖြစ်လာပေပြီ။ သူသည် ယခုတော့ တွေးခေါ်တတ်လာရပေမည်။ အခြေအနေက သူ မတွေးရင်လည်း မဖြစ်တော့ပေ။

ခင်မာလာသည် ပန်းလေးလိုလှသည်။ သည်လို လှလေလေ သူက စိတ်ပူလွန်းလေ ဖြစ်သည်။

တစ်ခါတစ်ခါတွင် ဒေါ်နွဲ့နွဲ့အား သမီးအတွက် စိုးရိမ်ကြောင်းကို ပြောပြတတ်သည်။

"ဩော်... ဒက်ဒီနယ် သမီးလေးက လိမ္မာပါတယ်"

သူ့ဇနီးမှာ ခေတ်ဆန်သူပီပီ သူ့ကို ဒက်ဒီဟု ခေါ်သည်။ သူ့ရင်ထဲတွင် ပိုဆိုးသွားသည်။ မခင်သူသည်လည်း လိမ်လိမ်မာမာနှင့် ရိုးရိုးသားသားပင် ဖြစ်သည်။

လရောင်မှာ အနည်းငယ် မှိန်သွား၍ သူ့အတွေးကို ရပ်နားလိုက်ကာ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ မိုးသားများ တက်လာ၍ မိုးဖွဲလေးများပင် တစ်ပေါက်နှစ်ပေါက် ကျလာသည်။ ထိုင်နေရာမှ ထရင်းပင် မချစ်တော့ပြီ ဖြစ်သော မခင်သူကို သတိရနေပြန်သည်။ သူသည် မိုးစိုမှာစိုး၍ မခင်သူကို ယုဇနပင်အောက်မှာ ထွေးနေတတ်သေးသည် မဟုတ်ပါလော။

mgyoe.com

mgyoe.com


သူသည် တဖြည်းဖြည်း သူဝင်ခဲ့သော အေးတံခါးမကြီးမှာရပ်၍ မှေးမှိန်နေသော လရောင်နှင့် ပြင်ပကို လှမ်း၍ကြည့်နေမိပြန်သည်။

"ဟင်" သူ့အသံများပင် ထွက်သွားသည်။ သူမြင်ရသည်မှာ တကယ်မှပင် ဟုတ်ပါလေစ။ တကယ်တော့ တကယ်ပဲ ဖြစ်သည်။

ပိတောက်ပင်အောက်တွင် ယောကျ်ားလေးနှင့် မိန်းမလေးနှစ်ယောက် မတ်တတ်ရပ်၍ ဖက်ထားသည်။ တစ်ဖက်မှဝင်နေသော လရောင်ဖြင့် မိန်းကလေးကို သူကောင်းစွာ မြင်ရသည်။ မိန်းကလေးမှာ သူ့သမီး ခင်မာလာပင် ဖြစ်သည်။ ယောကျ်ားပျိုသည် သူ့သမီးကို ယုယစွာ နမ်း၍ အပြင်သို့ ထွက်သွားသည်။ မကြာခင်ပင် သမီးလေး ခင်မာလာမှာ မှောင်ရိပ်တွင် ပျောက်ကွယ်သွားတော့သည်။

သူသည် ကြိုးစား၍ အိပ်ရာခန်းသို့ ရောက်အောင် လာရသည်။ ပြီးလျှင် အိပ်ပျော်အောင် မနည်းလုပ်နေရသည်။ သရဲခြောက်ခံနေရသလို ဖြစ်နေတော့သည်။

သူ့ကိုယ်သူ ဝဋ်လည်ပြီဟု ထင်နေသည်။

"ဘုရား သိကြားမလို့ မခင်သူအပေါ် ငါစော်ကားမိတာတွေဟာ သမီးလေးအပေါ် မကျရောက်ပါစေနဲ့"

သူသည် ကတုန်ကယင်ပင် ဆုတောင်းနေမိသည်။

* * *

ဒေါ်ခင်သူ၏ ခင်ပွန်းမှာ ဦးအောင်ကျော် ဖြစ်သည်။ Collective Farming ကို ပုံဖော်နိုင်ရန်အတွက် ဦးအောင်ကျော်မှာ သူငယ်ချင်းများနှင့် စုပေါင်း၍ လုပ်ငန်းတစ်ခုကို တည်ထောင်ထားသူ ဖြစ်သည်။

ပြည်သူ့ကောက်ပဲသီးနှံ ရောင်းဝယ်ရေးလီမိတက်တွင် မန်နေဂျာ ဖြစ်ပေသည်။ သူတို့သည် ဆန်စပါးတွင်မက ကြက်ငှက်မွေးမြူရေးနှင့် ရှမ်းပြည်နယ်တွင် စည်သွတ်ဘူးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အတော်တိုးတက်လာပေသည်။ သူသည် လယ်သမားတွေနှင့်လည်း ရောနှောနေသည်။ ကျွဲနွားတွေနှင့်လည်း နေတတ်သည်။

ယနေ့နံနက်မှာ တနင်္ဂနွေနေ့ ဖြစ်သော်လည်း ဦးအောင်ကျော်သည် အစည်းအဝေး တစ်ခုအတွက် မနက်အစောကြီးပင် သွားစရာရှိလေသည်။

သူ အဝတ်အစား လဲနေစဉ်ပင် ဒေါ်ခင်သူသည် အနီးသို့ ရောက်လာလေသည်။

mgyoe.com

mgyoe.com


ဒေါ်ခင်သူမျက်နှာ ကြည့်ရသည်မှာ နွမ်းနေပုံရသည်။

"ခင် ညတုန်းက အိပ်လို့မရဘူးလား"

ဒေါ်ခင်သူမှာ ညက တကယ်ပင် အိပ်၍ မရပေ။

"ဟုတ်တယ် အစ်ကိုကြီး သားအကြောင်း စဉ်းစားမိလို့ပါ"

"ခင်ကလည်းကွာ သားက မငယ်တော့ပါဘူး။ သူ့ သူငယ်ချင်းအိမ်မှာ အိပ်မယ်ဆိုရင် အိပ်မယ့်အကောင်ပါ။ ညက လည်မှာ မဟုတ်ပါဘူး။ သူပြန်လာလို့ အိပ်ချင်သေးရင်လည်း နေပါစေ၊ မအိပ်ရင်တော့ ၉ နာရီလောက်ကျရင် ကားနဲ့ အစ်ကိုကြီးဆီ လွှတ်လိုက်နော်။ အစ်ကိုကြီး ခုတော့ လမ်းလျှောက်သွားမယ်"

ဦးအောင်ကျော်သည် အဝတ်အစားလဲပြီး ထွက်သွားတော့သည်။ ဒေါ်ခင်သူမှာ ခြံအတွင်း လမ်းလျှောက်ရင်းပင် သားအကြောင်းကို စဉ်းစားနေမိသည်။ အထူးသဖြင့် ညက ဦးထွန်းအေးကို တစ်ညလုံး သတိရနေသည်ဆိုလျှင် ပိုမို၍ မှန်ပေလိမ့်မည်။

"ခင်ရာတစ်ခါတော့ အတွေ့ခံစမ်းပါ။ မောင့်သူငယ်ချင်းအိမ်မှာ ဘုန်းကြီးဆွမ်းကျွေးရှိတယ်ဆိုပြီး မောင် ညဘက် သူငယ်ချင်းအိမ်မှာ အိပ်ရင်း ခင်နဲ့ လာတွေ့မယ်"

ဦးထွန်းအေးသည် သူ့ကို ဒီလိုပဲ ပြောခဲ့သည်။ မိဘများကိုလည်း ဆွမ်းကျွေးကိုအကြောင်းပြ၍ အိမ်မှ ထွက်လာတတ်သည်။ သူ့သားလေးရော ညကများ သူ့ချစ်သူဆီ သွားနေမည်လား။

ဦးထွန်းအေး၏ သစ္စာဖောက်မှုကြောင့် ဦးထွန်းအေးအား ကြိုးစား၍ မေ့ဖျောက်ပစ်ပေမယ့် ဒေါ်ခင်သူအဖို့မှာ တသက်သက်ပင် ဖြစ်နေလေသည်။

သားဦးကပင် အသက် ၂၄ ကျော်ခဲ့၍ ယခုနှစ်ဆိုလျှင် B.Sc အောင်တော့မည်။ သူကတော့ ဦးထွန်းအေးကို မမေ့နိုင်ပေ။ ဒေါ်ခင်သူမှာ တစ်နည်းအားဖြင့် ကံကောင်းသူဟု ဆိုရပေမည်။

ဦးအောင်ကျော်က သူ့အား ငုံထားမတတ် ချစ်ရှာသည်။ မခင်သူအပေါ်မှာ သစ္စာရှိပေသည်။ တကယ်ယောကျ်ားပီသပေသည်။

"ခင်ရယ် ကိုယ့်ကိုမှ သူက မချစ်တော့ဘဲဟာ သိပ်စိတ်ဆင်းရဲ မခံပါနဲ့ကွ" ဒေါ်ခင်သူက တစ်ခါတလေ ငိုင်၍နေလျှင် ဒီလိုပဲ ဦးအောင်ကျော်က ပြောတတ်သည်။ ဦးအောင်ကျော်သည် ဒေါ်ခင်သူ ဖြစ်ပျက်ခဲ့သမျှကို အားလုံး သိသူ ဖြစ်သည်။

mgyoe.com

mgyoe.com


"မေမေ"

သားခေါ်သံကြား၍ အတွေးရပ်ကာ ဒေါ်ခင်သူမှာ ခြံဝသို့ လှမ်းကြည့်လိုက်၏။

"ဟော... သားပြန်လာပြီလား"

ဒေါ်ခင်သူသည် ရှေ့သို့တိုး၍ သားကို ဖက်လိုက်သည်။

"ဖေဖေရော မေမေ၊ ကိုအေးဖေတို့ သားကို လိုက်ပို့တယ်။ ခြံဝကပဲ ပြန်လွှတ်လိုက်တယ်။ သူတို့ညှော်သည်တွေ ပြန်ပို့ရဦးမယ်" စကားပြောနေသော သားမျက်နှာကို ဒေါ်ခင်သူက အကဲခတ်သလို ကြည့်၏။

"ဖေဖေ အစည်းအဝေး သွားတယ်။ ဒီနေ့ မေမေ နို့ထမင်း ကျိုထားတယ်။ ကဲ... ကဲ... လာ"

ဒေါ်ခင်သူသည် သားကို ထမင်းစားခန်းသို့ ခေါ်သွားသည်။ နို့ထမင်းနှင့် ကော်ဖီ ပြင်ခိုင်း၍ သူ့သားအနီးမှာ ထိုင်နေသည်။

နံနက်ခင်း၏ နေရောင်ခြည်မှာ ပြတင်းမှ ဝင်၍ အခန်းထဲတွင် လင်းနေသည်။

နံနက်၏ နေရောင်ခြည်သစ်လို သူ့သားမျက်နှာသည် နုပျိုလတ်ဆတ်နေသည်ဟု သူက ထင်သည်။

စားပွဲပေါ်မှာ နှင်းဆီဖြူကုံသို့ သူ့သားမျက်နှာသည် နုပျိုလတ်ဆတ်နေသည်ဟု သူက ထင်သည်။

ကျော်သူသည် နို့ထမင်းသောက်ရင်း တစ်ချက်မျှ သမ်းလိုက်သည်။

"သား ညကကောင်းကောင်း မအိပ်ရဘူးထင်တယ်" ဒေါ်ခင်သူမေးလျှင် ကျော်သူသည် ရုတ်တရက် မျက်နှာပျက်သွားရာမှ ဣန္ဒြေဆည်ကာ ပြန်ပြော၏။

"အိပ်ရပါတယ်မေမေ။ မနက်က ၄ နာရီလောက် ထရလို့ပါ"

ဒေါ်ခင်သူ့စိတ်ထဲ ထင့်သွားတော့သည်။ ဟုတ်ပါသည်၊ ညက သူ့သား အိပ်ရမည် မဟုတ်ပေ။

"ခင်နဲ့တွေ့တဲ့ညဆို နောက်နေ့မနက် သိပ်အိပ်ချင်တာပဲ။ ဒါပေမဲ့ မောင့်မှာ တစ်နေ့လုံး ဟန်ဆောင်နေရတယ်။ နေ့ခင်းအိပ်ရင် မေမေတို့က ညက အိပ်ပျက်လား၊ ဘာလား စစ်မှာစိုးလို့"

ဦးထွန်းအေးနှင့် သူတုန်းက ဒီလိုပဲ ဖြစ်ခဲ့သည်။ ခေတ်များ ပြောင်းလဲသည်နှင့်အမျှ ဝတ်စားတန်ဆာ အနုပညာဂီတများ ပြောင်းလဲသွားကြမည် ဖြစ်ပေသည်။

mgyoe.com

mgyoe.com


ချစ်ခြင်းဆိုသည်မှာ ပြောင်းလဲပေလိမ့်မည်မဟုတ်။ ဦးထွန်းအေးနှင့် ဒေါ်ခင်သူ ငယ်စဉ်က ချစ်ခဲ့ကြသလိုပင် ကျော်သူသည်လည်း သူ့ချစ်သူနှင့် ချစ်ပေလိမ့်မည်။

"ကဲပါလေ သားခဏ မှိန်းလိုက်ရင်ကောင်းမယ်။ မေမေတော့ မင့်ဖေဖေ ဆီ ကားနဲ့သွားကြိုဖို့ ဝင်းမောင်ကို ပြောလိုက်ဦးမယ်"

ဒေါ်ခင်သူသည် နောက်ဘက်လှေကားမှ ခြံထဲသို့ ဆင်းသွားသည်။ "ညက သိပ်လှတာ၊ လကလည်း ဝင်းနေတာ သားမှာတော့ ချစ်သူရှိနေပြီလေ" ဒေါ်ခင်သူ တစ်ယောက်တည်း တွေးနေတော့သည်။ ကားလွှတ်ပြီး အိမ်ထဲသို့ ပြန်လာ၏။

သူ့သား အိပ်နေသောအခန်းသို့ ဝင်သွားမိသည်။ ကျော်သူသည် မအိပ်သေး စောင်ခြုံ၍ ပက်လက်လှန်နေသည်။ ပြတင်းမှ လေအေးများသည် အထဲသို့ ဝင်လာနေသည်။

ညက ခင်မာလာနှင့် တွေ့ခဲ့သောအချိန်များသည် နှလုံးသားကို ရိုက်ခတ်နေသည်။ မျက်စိမှိတ်လိုက်တိုင်း ခင်မာလာ ပါးပြင်နုနုလေးများ မွှေးခဲ့ရသည်ကို ထင်ထင်ရှားရှား ပေါ်လာသည်။ သူသည် စောင်ကို လှစ်၍ မျက်လုံးဖွင့်လိုက်သည်။

"မေမေ" သူ လန့်သွားသလို အော်လိုက်၏။ ဒေါ်ခင်သူမှာ သူ့ဘေးတွင် မားမားကြီး ရပ်နေသည်။

"သားတော့ အိပ်နိုင်မှာ မဟုတ်ပါဘူးကွယ်"

ဒေါ်ခင်သူက ပြုံး၍ ပြောလိုက်၏။

ကျော်သူ မလုံတော့ပေ။ မျက်နှာလည်း မထားတတ်သလို ဖြစ်လာတော့၏။ မော့ကြည့်လိုက်တိုင်း မေမေ၏ ပြုံးပြုံးကြီးဖြစ်နေသော မျက်နှာမှာ "သား ညက ဘာလုပ်သလဲဆိုတာ မေမေ သိပါတယ်" ဟု ပြောသလို ဖြစ်နေတော့သည်။ သူသည် ငုတ်တုတ် ထိုင်လိုက်၏။

"မေမေ"

သူ့ဘေးတွင် ဒေါ်ခင်သူမှာ ထိုင်နေသည်။

"သားမှာ ချစ်သူ ရှိနေပြီ"

ဒေါ်ခင်သူ မတုန်လှုပ်ပါ။ နဂိုကပင် ရိပ်မိပြီး ဖြစ်သည်။

"အေးပေါ့ ဘယ်သူလဲ၊ ရှေ့နှစ်ဆို သားလည်း ကျောင်းထွက်ရမှာပဲ"

mgyoe.com

mgyoe.com


"သားယူမယ့် မိန်းမက ခင်မာလာတဲ့။ လယ်ဝန် ဦးထွန်းအေးသမီးပဲ"

"ကိုထွန်းအေးသမီး ဟုတ်လား"

ဒေါ်ခင်သူမှာ ဒီတစ်ခါတော့ အတော်တုန်လှုပ်သွားသည်။ ယခုဘဝတွင် တစ်ဖန်ပြန်၍ မျက်နှာချင်းဆိုင်သော်မှ မဆိုင်လိုတော့ပြီဖြစ်သော ကိုထွန်းအေး သမီးကိုမှ သူ့သားက သွား၍ ချစ်မိပေသည်။

"သားဖေဖေလာတော့ တိုင်ပင်သေးတာပေါ့"

ဒေါ်ခင်သူသည် အခန်းတွင်းမှ ထွက်လာသည်။

ဦးအောင်ကျော် ပြန်လာ၍ ထမင်းကျွေးနေသော်လည်း သူစိတ်မပါလှပေ။ ထမင်းစားပြီးပြီးချင်း သူ့အိပ်ခန်းကို တက်လာတော့သည်။

ဦးအောင်ကျော်မှာ နောက်မှဝင်လာ၍ ဒေါ်ခင်သူနှင့်အတူ ခုတင်ပေါ်မှာ ထိုင်နေသည်။

"ခင် နေမကောင်းပြန်ဘူးလား"

"ကောင်းပါတယ်၊ အိပ်ချင်လို့"

"ခင်က သားကို စိုးရိမ်လွန်တာကိုး သားအိပ်ပြီလား"

"ဟုတ်တယ်"

ဒေါ်ခင်သူ စောင်တစ်ထည်ကိုခြုံကာ လှဲအိပ်ရင်း ပြတင်းဘက်ကို ငေး နေသည်။

"သားမှာ ချစ်သူရှိပြီ အစ်ကိုကြီးရဲ့။ သူ ရှေ့နှစ်ဆန်းမှာ လက်ထပ် ချင်တယ် ထင်ပါရဲ့။ ညက ခင်ပြောတာ မမှန်ဘူးလား။ သူ မအိပ်ဘူး"

"ဘာကွဲ့ သားက မအိပ်ဘူး"

ဦးအောင်ကျော်သည် ဒေါ်ခင်သူပခုံးကို ဆွဲ၍ မေးလိုက်သည်။

"ဟုတ်တယ်၊ ဒီလောက်လှတဲ့ညမှာ သားဟာ ခင်မာလာကို သွားတွေ့ တာပေါ့။ ခင်မာလာက ကိုထွန်းအေးသမီးတဲ့။ ခင်တော့ဖြင့် ကလေးတွေကိုလည်း သနားတယ်။ ကိုထွန်းအေးကိုတော့ မျက်နှာချင်း မဆိုင်ချင်တော့ဘူး"

ဦးအောင်ကျော်သည် အတန်ကြာအောင် ငြိမ်သက်နေရာမှ သူ့ဇနီးကို ဆွဲယူပွေ့ရင်း…

"ခင်မာလာကို အစ်ကိုကြီး မြင်ဖူးပါတယ်။ ပညာလည်း တော်သားပဲ။ လိမ္မာပါတယ်တဲ့။ သတင်းတော့ ကြားဖူးပါတယ်။ သားက မေတ္တာရှိနေပြီပဲ ကွယ်။ ခင်ရယ် တစ်ခု စဉ်းစားစမ်းပါ။ ကိုထွန်းအေးက ခင့်ကို သစ္စာဖောက်ပြီး

mgyoe.com

mgyoe.com


နွဲ့နွဲ့ရီကို ယူသွားတုန်းက ခင် ဘယ်လောက် စိတ်ဆင်းရဲရသလဲ။ သူ့မိဘတွေဘက် လိုက်သွားတာပဲ မဟုတ်လား။ ခုလည်း သားကများမယူရင် ခင်မာလာ ဘယ်လောက် စိတ်ဆင်းရဲရမလဲ။ စဉ်းစားလေ။ တို့များ တရားမျှတဲ့ မိဘဖြစ်အောင် ကြိုးစားရမှာပဲခင်"

ဒေါ်ခင်သူသည် ငြိမ်သက်၍ပင်နေ၏။

* * *

ဦးထွန်းအေး၏ ဂနာမငြိမ်ရောဂါမှာ အိပ်ရာထဲကပင်ထ၍ မရပေ။ နေ့ခင်း ၁၂ နာရီ ထိုးလေပြီ။ သူ့အမိန့်အတိုင်း ဒေါ်နွဲ့နွဲ့ရီမှာ သမီးကို စစ်ဆေးနေသည်။ မကြာခင်ပင် သူ့ဇနီးသည် အခန်းထဲသို့ ဓာတ်ပုံတစ်ခု ကိုင်ရင်း ဝင်လာသည်။

"ကဲ ဒက်ဒီရယ်၊ စိတ်သိပ်မပူမနေပါနဲ့ ထစမ်းပါဦး"

ဦးထွန်းအေးကို အိပ်ရာမှ အသာ ဆွဲထူလိုက်သည်။

"ဒီမှာဒက်ဒီ သမက်လောင်းကို ကြည့်စမ်း။ မာမီ အကုန်စုံစမ်းပြီးပြီ။ မန်နေဂျာသူဌေးလေး ဦးအောင်ကျော်၊ ဒေါ်ခင်သူရဲ့ သားပေါ့"

ဦးထွန်းအေးသည် ဓာတ်ပုံကိုကိုင်းရင် တုန်သွားသည်။ မေးရိုးကားကား နားရွက်ကြီးကြီးနှင့် မျက်လုံးမျက်ဖန်ကောင်းသည်။ အမေတူသားပင် ဖြစ်သည်။

"ကောင်လေးက သူ့မိဘတွေကို ရှေ့နှစ်ဆန်းမှာ လက်ထပ်ဖို့ ပြောမယ်တဲ့။ ဒက်ဒီ မပူနဲ့တော့။ ဒီကောင်လေး ရိုးတာ၊ တော်တာ၊ ပိုက်ဆံရှိတာတွေဟာ အန်တီမြင့်စာရင်းထဲမှာ ရှိပြီးသားပါ"

အန်တီမြင့်ဆိုသော အဒေါ်ကြီးမှာ လူကုံထံ မုဆိုးမ ဖြစ်သည်။ အထက်တန်းလွှာသားသမီးများကို စာရင်းလုပ်၍ ဖလှယ်နေသော မိန်းမကြီး ဖြစ်သည်။ B.C.S Class (1), Class (2) များကိုလည်း သူ့စာရင်းထဲတွင် တွေ့နိုင်လေသည်။

ဦးထွန်းအေးသည် အခုထိ လှုပ်မရ။ သို့သော် စိတ်အနည်းငယ်တော့ အေးသွားလေသည်။ သူ့ကို စော်ကားမည့်သူ မဟုတ်သည်ကိုပင် ဝမ်းထဲမှာ ကျိတ်၍ ဝမ်းသာမိသည်။

"အေးလေ ဦးအောင်ကျော်နဲ့လည်း ဒက်ဒီနဲ့ခင်သားပဲ စုံစမ်းသေးတာပေါ့ မာမီ"

"အံမယ် ဒက်ဒီရယ် အန်တီမြင့်လက် လွှဲလိုက်ရင် ပြီးတဲ့ကိစ္စပါ"

mgyoe.com

mgyoe.com


"မခင်သူနဲ့ တူလိုက်လေကွယ်"

သူသည် သူ့ဇနီးကိုပင် ပြောနေလေသည်။

* * *

ဒေါ်ခင်သူတို့က ဆင်းရဲသူများ မဟုတ်ပေ။ ခင်မာလာနှင့် မောင်ကျော်သူ လက်ထပ်ရေးမှာ ချောမော၍ လာလေသည်။

ယနေ့ စေ့စပ်သည့်နေ့ ဖြစ်လေသည်။ ပရိသတ်များ အသီးသီး ထပြန်သွားကြလေပြီ။ ဦးအောင်ကျော်မှာလည်း ဒေါ်နွဲ့နွဲ့ရီနှင့် စကားလက်ဆုံ ကျနေလေသည်။

ဒေါ်ခင်သူသည် ယွန်းသေတ္တာငယ်တစ်ခုနှင့် စာတစ်အိတ်ကို ဦးထွန်းအေးအား ပေးခဲ့၍ နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

"ကဲ အစ်ကိုကြီးရေ ခင်တို့ ပြန်ကြဦးစို့။ ခွင့်ပြုပါဦး ဒေါ်နွဲ့နွဲ့ရီ"

ဒေါ်နွဲ့နွဲ့ရီမှာ ပြုံး၍ ကျန်ရစ်သည်။ ဦးထွန်းအေးသည် ကားပေါ်သို့ တက်သွားသော ဒေါ်ခင်သူ ဇနီးမောင်နှံကို ငေးနေသည်။

ဦးအောင်ကျော်၏ မေတ္တာစစ်ကို ခိုလှုံရသော ဒေါ်ခင်သူမှာ လန်းဆတ်နုပျိုလျက် ရှိသေးသည်။

ရိုးသားသောအလှသည် ဘယ်တော့မှ မရိုးဆိုသလိုပင် ဒေါ်ခင်သူသည် မရိုးသောအလှဖြင့် လှပနေပေသေးသည်။

ဦးထွန်းအေးသည် အိပ်ခန်းထဲသို့ ဝင်လာ၍ သေတ္တာငယ်လေးကို ဖွင့်လိုက်သည်။ အထဲတွင် စာများဖိုင်တွဲလျက် တွေ့ရသည်။ ငယ်စဉ်က သူရေးခဲ့သော "ချစ်သမျှကို" စာများဖြစ်လေသည်။ တော်ပေသည်။ သူကတော့ မခင်သူစာများကို မီးမြိုက် ပစ်ခဲ့လေသည်။ စာများအောက်မှ သူ လူပျိုတုန်းက ဓာတ်ပုံ ဖြစ်သည်။

သူသည် နောက်ဆုံးလက်ထဲရှိ စာအိတ်ကို ဖောက်၍ ဖတ်လိုက်သည်။ စာရွက်ပေါ်တွင်ကား ဒေါ်ခင်သူ လက်ရေးဖြင့်

မဲဇလီပင်ပျိုအောက်

ပေါက်လာတဲ့ ရွှေတမာ

ခါးချက်ကနာ

ရေစီးရယ်တစ်ခါ

ရေသာရယ်တစ်လှည့်

mgyoe.com

mgyoe.com


သူများလို တို့မရိုင်းတယ်
တိုင်းသိပါရဲ့။
ထိုကဗျာကလေးပဲ ပါလာလေသည်။

"ရေးတော့ မခင်သူ ရေးတော့။ ရေးနိုင်ပါတယ် မောင်က ခါးခဲ့မိပေတာကို"

သူသည် ကြေကွဲစွာပင် ပြောလိုက်ပါသည်။

(၁၉၅၃၊ ဧပြီ)

□

mgyoe.com

mgyoe.com

## နှင်းသီမွေ့ရာ

"ညီညီဟာ လူ့ဘဝကို အမှောင်နဲ့ စခဲ့တာပဲ ဆရာမ"

ညီညီ၏ဖခင်သည် ဆရာမ ပထမဆုံးရောက်သည့်နေ့က ညီညီ့အကြောင်းကို ဤစကားနှင့် စခဲ့လေသည်။

"သူ့ကိုတွေ့တဲ့အခါ ညီညီဟာ ဘယ်လိုလူကလေးလည်းဆိုတာ ဆရာမ သိပါလိမ့်မယ်။ ကျွန်တော့် သားကလေးအပေါ်မှာ ဆရာမဟာ နားလည်နိုင်ပါစေ၊ သည်းခံနိုင်ပါစေလို့ ဆုတောင်းပါတယ် ဆရာမ"

"ကျွန်တော့်ခြံဝင်းမှာတော့ ဆရာမ ပျော်ပါလိမ့်မယ်။ ခြံနောက်ဘက်မှာလည်း စမ်းချောင်းတစ်ခု စီးနေပါတယ်။ ကျွန်တော့်ခြံဝင်းကိုလည်း လာကြည့်ပါဦး။ သိပ်မဆိုးပါဘူး။ ဟောဒီ ပြတင်းက ကြည့်ပါ။ ကဲ... ညီညီကို သွားခေါ်ဦးမယ်"

ညီညီ့ဖေဖေသည် အခန်းထဲမှ ထွက်သွားသည်။ ဆရာမသည် သူညွှန်ပြခဲ့သောပြတင်းမှ ခြံဝင်းကို လှမ်း၍ကြည့်၏။ မိုးဦးဖြစ်၍ မြက်ခင်းများလည်း စိမ်းလန်းစ ပြုလာကြသည်။ အိမ်နောက်ဘက်တွင် တောအုပ်ညိုညိုလေးသည် စမ်းချောင်း၏တစ်ဖက်တွင် ရှိ၏။ အိမ်ရှေ့တွင် မျှော်မဆုံးသော လယ်ကွင်းကြီးမှာ မိုးကုပ်စက်ဝိုင်းသို့ ထိလုနီးပါး နေတော့သည်။

လယ်ကွင်းကို ဖြတ်၍လာသော မိုးဦးလေသည် ရနံ့တစ်ခုကို ဆောင်ယူခဲ့၏။ ဆရာမသည် လေကို ရှူရှိုက်ရင်း သူ့ရင်ထဲတွင် သံသယများ ကင်းရှင်းသွားသလို လန်းဆတ်လာ၏။ လေသည် အေး၍ လတ်ဆတ်၏။ မွှေး၏။

လေထဲတွင် စကားဝါပန်းရနံ့များ ပါလာပေသည်။ ခြံအရှေ့ဘက်ထောင့်

mgyoe.com

mgyoe.com


ရှိ မြက်ခင်းပြင်ပေါ်တွင် ရွှေပွင့်လေးများ ကြွေနေကြသည်။ အပင်ထက်တွင် စကားပွင့်များသည် ရွှေဝတ်လွှာများကိုခြုံ၍ နေကြ၏။ လေတိုက်လိုက်တိုင်း ပိုးဝါကောင်လေးများ ပျံ၍ လာကြသလို ပွင့်ဖတ်ဝါများသည် မြက်ခင်းပေါ်သို့ ခုန်ဆင်းကြ၏။ ပင်ခြေတွင် မြက်ခင်းကစိမ်း၍ ပန်းပွင့်ကား ဝါနေသည်။ အစိမ်းတွင် အဝါဖောက်ထားသော မြေကော်ဇောကို နှစ်သက်မိ၏။ တကယ် ဆိုတော့ ဤအိမ်ဝင်းသည် သာယာလှပသော ရှုခင်းတစ်ခု ဖြစ်၏။

"ဆရာမရေ… ဟောဒါ ကျွန်တော့်သား ညီညီ"

ဆရာမသည် အခန်းတွင်းသို့ လှည့်လိုက်၏။ ဆရာမဆီသို့ ဖေဖေက ညီညီကို ဆွဲခေါ်လာ၏။ ညီညီသည် ဘာကို ကြည့်နေပါလိမ့်။ ဘာကိုမျှ ကြည့်ပုံမပေါ်၊ သူ့မျက်လုံးများသည် ဘာအဓိပ္ပာယ်ကိုမျှ မပေါ်ပေ။

ဆရာမသည် ညီညီ့လက်ကို လှမ်း၍ ဆုပ်သောအခါ ညီညီသည် ငြိမ်၍ နေ၏။

"ဒါဟာ… သားရဲ့ ဆရာမပဲ။ သားဟာ နောင်ကို မပျင်းတော့ဘူး"

ညီညီသည် ဖြည်းဖြည်း ပြုံး၏။ ဆရာမ ရင်ထဲတွင် တင်းကြပ်ကြပ်နှင့် မောသလို ဖြစ်နေ၏။

"ဆရာမ ခြံဝင်းကို သဘောကျပြီ မှတ်လား။ အမှန်တော့ ညီညီသည် ဒီအလှတွေကို ဘာမှ မမြင်ပါဘူး"

ဆရာမသည် သူ့တပည့်ဖြစ်ရမည့် ညီညီ့အကြောင်းကို သိ၍ လာသည်။ ညီညီသည် ဆရာမဘက် တိုးလာရင်း ဆရာမလက်ကို သူ့ပါးနှင့် ပွတ်၏။

"ကျွန်တော့် ဆရာမလက်ဟာ သိပ်နုတာပဲနော်"

ဆရာမသည် ဝမ်းသာသွား၏။ ညီညီသည် အတွေ့တွင် အတော် ကျွမ်းကျင်၏။

"ကျွန်တော် မျက်စိမမြင်ဘူး ဆရာမရဲ့၊ ဘယ်တုန်းက စ မမြင်တာလဲ မသိဘူး။ ကျွန်တော်တို့ အခန်းကို သွားရအောင်"

ဆရာမသည် ညီညီက ယခုလို သူ့ဘဝကို ဖွင့်ထုတ်ပြောလိုက်သော အခါ ပို၍ ဆွေးသွား၏။

"ကဲ… ဆရာမလည်း အပန်းဖြေရအောင် ညီညီ့အခန်းထဲ သွားမယ်။ ညီညီနဲ့ တစ်ခန်းတည်းပဲ ဆရာမဖို့ ပြင်ထားတယ်"

ညီညီ့ အဖေက ပြော၏။

mgyoe.com

mgyoe.com

ဆရာမသည် ဘာကိုမျှ ပြန်မပြောနိုင်။ ညီညီ့အခန်းထဲ ရောက်သည့်အထိ ရင်ထဲမှာ ဆို့နေသည်။ ညီညီ့ အဖေ ထွက်သွားချိန်တွင် အခန်းလေးမှာ တိတ်၍ ကျန်ရစ်သည်။ ညီညီသည် ကုလားထိုင်ပေါ်တွင် ထိုင်ရင်း မျက်နှာက ပြုံးနေသည်။

"ဆရာမက ကျွန်တော်နဲ့နေရင် ပျော်မှာလား"

"ပျော်မှာပေါ့... ညီညီပျော်ဖို့အတွက် ဆရာမ လာခဲ့တာပဲ"

"ညီညီနဲ့နေရင် ပျော်မယ်"

သူသည် ခဏငေးရင်း

"မဟုတ်ပါဘူး။ ကိုကိုနဲ့ညီလေး၊ ညီမလေးတွေကတော့ ညီညီနဲ့နေရတာ မပျော်ဘူးတဲ့။ သူတို့အားလုံး စမ်းချောင်းဘက်ကို ကစားရအောင် သွားတယ်။ ညီညီနဲ့ ဘယ်သူမှ မကစားကြဘူး။ ညီညီကလည်း ဘာကို ကစားရမှန်း မသိပါဘူး"

"ညီညီ့ မေမေကော"

"မေမေ နေမကောင်းလို့ အိပ်နေတယ်။ ညနေကျရင် ဆရာမနဲ့ တွေ့ရမှာပေါ့"

ဆရာမသည် ညီညီ့ဘေးတွင် ထိုင်ရင်း စိတ်မောမိ၏။ ညီညီ့မျက်နှာသည် ချစ်စရာကောင်းပေမဲ့ မျက်လုံးများသည် အရောင်ကင်းမဲ့နေ၍ မျက်နှာသည် တန်ခိုးမရှိပေ။ မျက်မမြင်စာကိုလည်း ဆရာမက မတတ်။ ဤကလေးကို ဘယ်လိုလုပ်၍ စာသင်ရပါ့။ ဘယ်လိုပင် ဖြစ်စေ၊ တစ်ယောက်တည်း ခြောက်သွေ့နေရှာသော ကလေးငယ်၏ အဖော်ဖြစ်ရသည်ကို သူဝမ်းမြောက်၏။ ညီညီသည် သူ့ကြောင့် ပျော်ရွှင်လာပေပြီ။

ညဉ့်ဦးတွင် ညီညီ့မေမေနှင့်တွေ့ပြီး ဆရာမသည် အိပ်ရာကို အစောကြီး ဝင်၏။ သူသည် အိပ်မရ။ ညီညီ့ခုတင်ကို ထလာသည်။ ညီညီသည် မအိပ်သေးပေ။ ပါးစပ်မှ သီချင်းကို ညည်းနေ၏။ သူ့သီချင်းသံလေးမှာ အေးလှသည်။

"မောင်လေးရေ ထပါတော့၊ ရောင်နီလာလှပေါ့"

"ညီညီ သီချင်းဆိုတာ သိပ်ကောင်းတာပဲ"

ဆရာမသည် သူ့ဘေးတွင် ဝင်ထိုင်၍ လက်ကလေးများကို ဆုပ်ပေးသည်။ ညီညီသည် ပြုံးနေ၏။

mgyoe.com

mgyoe.com


"သီချင်းတွေက အများကြီး ရပါတယ်။ ဒါပေမဲ့ ဘာကို မှန်းလည်း မသိဘူး"

"ဘာကိုလည်း ညီညီ"

"အကုန်လုံး ပြောတာပေါ့။ ရောင်နီလာလှပေါ့ဆိုတာ ဘာလဲ ဆရာမ။ ကိုကိုကပြောတော့ မိုးလင်းခါနီးရင် ကောင်းကင်က နီလာတယ်တဲ့။ ကောင်းကင်ဆိုတာ ဘာလဲ။ နီတာဆိုတာ ဘာလဲဟင်"

"ဘုရား... ဘုရား" ဆရာမသည် ရင်ထဲမှ ဘုရားတမိ၏။ ထို့ကြောင့် ညီညီ့အဖေက သူ့သားသည် အမှောင်နှင့် ဘဝကို စခဲ့သည်ဟု ဆိုခြင်းပေပဲ။

"ညီညီ အခု အသက် ဘယ်လောက်လဲ"

"၁၂ နှစ်လို့ ဖေဖေ ပြောတယ်။ ညီညီဖြင့် ဘာကိုမှ မမြင်ဘူး။ မိုးလင်းတယ် ဆိုတာကော ဘာလဲ ဆရာမ။ ပြီးတော့ "နေ" ဆိုတာကကော"

ဒုက္ခပါပဲ။ ဆရာမသည် ညီညီ မေးခွန်းများကို ဘယ်လိုမှစ၍ မဖြေတတ်ပေ။

"ဒီည ညီညီ အိပ်လိုက်ဦးမယ်နော်။ နက်ဖြန်မှ ဆရာမ အားလုံး ပြောပြမယ်"

"တကယ်လားဟင်... အို ညီညီတော့ သိပ်ပျော်တာပဲ။ သူတို့က ညီညီနဲ့ စကားမပြောချင်ဘူးတဲ့။ မနက်ကျရင် သူတို့သွားတဲ့ စမ်းချောင်းဆိုတာကိုပဲ ဆရာမနဲ့ ညီညီနဲ့ သွားမယ်။ စမ်းချောင်းဆိုတာကော ဘာလဲဆရာ။ အေးလေ မနက်ကျတော့မှပဲ ပြောပါ။ ဆရာမ အိပ်တော့နော်"

ညီညီသည် စိတ်ပျော်လွန်း၍ စကားကို သွက်သွက်ကြီး ပြောနေသည်။ သူကလေးအတွက် ဆရာမ စိတ်မောမိ၏။ ညီညီသည် လူကောင်းကလေးပေပဲ။ ငြိမ်ငြိမ်သက်သက်ပင် အိပ်ပျော်သွား၏။

* * *

မနက်ကော်ဖီသောက်ချိန်တွင်မူ ညီညီသည် စားပွဲဝိုင်းတွင် စကားအများဆုံး စပြောလာ၏။ သူ့မျက်နှာသည် ရွှင်၍ ပါးမို့လေးများပင် သွေးရောင်လွှမ်းလာသလို ထင်ရသည်။ ဖေဖေနှင့် မေမေသည် သူတို့သားကလေး ယခုလို ရွှင်လာသည်ကို အတော်ဝမ်းသာမိ၏။ မောင်နှမတွေအားလုံးသည် ညီညီ့ကို အံ့သြနေသည်။

"ညီညီဟာ အရင်တုန်းကဆို အင်မတန် တိတ်ဆိတ်တာပဲ ဆရာမရယ်။

mgyoe.com

mgyoe.com


ကျွန်မကလည်း ကလေးများပြီး မမာတော့ သူ့အပေါ်မှာ သိပ်ပြီး အရေးမပေးနိုင်ဘူး။ သူ့အဖေကလည်း မြို့နဲ့တောကို ကူးနေရတာနဲ့ မအားဘူး။ ညီညီ တိတ်တိတ်ဆိတ်ဆိတ် နေတာဟာ ကျွန်မတို့မှာ အပြစ်မကင်းပါဘူး"

ညီညီ့အမေသည် သူ့အပြစ်များကို ဖွင့်ဟ ဝန်ခံ၏။ အားလုံး ကလေးများ အခန်းထဲမှ ထွက်သွားသည်ကို ညီညီက ကြား၏။

"သူတို့ သွားကြပြီ ဆရာမ၊ ညီညီတို့လည်း အပြင် ထွက်ရအောင်နော်"

ဆရာမသည် ညီညီခေါ်ရာသို့ လိုက်လာသည်။ သူ့ရင်ထဲတွင် ညီညီ့အတွက် အစီအစဉ်ကို တီထွင်နေသည်။ သူ့မိဘများ စာသင်ဖို့ ခေါ်လာသော်လည်း ယခုအိမ်ကြီးကို ရောက်ချိန်တွင် စာပေအကြောင်းကို ဘာကိုမျှ မပြောသေးပေ။ မျက်မမြင် စာသင်နည်းကို မတတ်ကြောင်း၊ ညီညီ့အဖေ့ကို ဖွင့်ဟ ပြောပေမဲ့လည်း ဘာမျှ မပြောကြ။ ညီညီပျော်အောင်သာ လုပ်ပေးဖို့ ပြောကြ၏။ သူသည် နာနီလုပ်ရမည်လား။ ဘာကိုမျှ မမြင်ဖူး၊ ဘာကိုမျှ မသိသော ကလေးစိတ်ကို ဘယ်လို ပျော်ရွှင်အောင် လုပ်ရပါ့။ စိတ်၏ ပျော်ရွှင်မှုဆိုသည်မှာ ဘယ်အပေါ်မှာ တည်ပါလိမ့်။

မြင်ခြင်းအပေါ်တွင် တည်၍ ရယ်မိ၏။ ငိုင်မိ၏။ ငိုမိ၏။

ကြားခြင်းကလည်း စိတ်နှလုံးကို ပြောင်းသေးသည် မဟုတ်ပါလော။

အတွေ့အထိများကကော့...

ဆရာမခေါင်းထဲတွင် အလင်းရောင်သည် ဖျတ်ခနဲ ဝင်လာသည်။ ညီညီကို တွဲ၍ မြက်ခင်းပေါ် လျှောက်လာချိန်တွင် ဆရာမသည် ညီညီ့အတွက် နည်းသစ်တစ်ခုကို တီထွင်လိုက်သည်။ ညီညီ စကားပြောတတ်ခြင်းကပင် ဘဝ မဆုံးသေးကြောင်းကို ဖော်ပြနေ၏။

"ညီညီနဲ့ ဆရာမ စကားဝါပင်ကြီးအောက်ကို သွားရအောင်နော်။ အခုနေ လမ်းလျှောက်တုန်း ဆရာမတို့ ဖိနပ်ချွတ်ထားရအောင်"

ညီညီသည် ဖိနပ်ကို ချွတ်ရင်း မြက်ပေါ် နင်းလာသည်။ မိုးဦးကျစ ပြုပေမဲ့ မြက်ခင်းတွင် ရွှံ့များ သိပ်မရှိပေ။ လေများသည် အေး၍ ပတ်ဝန်းကျင်သည် စိမ်းလန်းစိုပြည်လှသည်။ စကားဝါပွင့်တို့သည်လည်း မိုးဦးကို ကြို၍ ပွင့်နေကြပေပြီ။ တောအုပ်ဘက်ဆီမှာလည်း မှိုင်း၍နေသည်။ ရှေ့လယ်ကွင်းဘက်မှာမူ နေခြည်သည် နွေးရုံ ဖြာကျနေသည်။ တောပန်းရနံ့လေးများမှာလည်း လေထဲမှာ တစ်ချက်တစ်ချက် ရော၍ ပါလာ၏။ ဩကာသ လောကသည်

mgyoe.com

mgyoe.com


သာယာစိုပြည် လှပါတကား။ ခြံစည်းရိုးတွင်လည်း တောနှင်းဆီအရိုင်းများမှာ ဆယ့်နှစ်ရာသီ ပွင့်နေကြသည်။ သစ်ရွက်များပေါ်တွင် ညက ရွာထားသော မိုးစက်များသည် နံနက်နေခြည်နှင့် တွေ့ကြပြန်လေသည်။ လေဝှေ့လိုက်တိုင်း ပုလဲပွင့်များလို ကြွေ၍ ကျလာကြပြန်၏။

"လှလိုက်တာကွယ်"

ဆရာမသည် ရင်ထဲမှ နှစ်သိမ့်မှုကို ဖွင့်လိုက်မိ၏။

"ဘာကိုလဲဟင် ဆရာမ၊ ဘာလှတာလဲ"

ဆရာမသည် ရင်ထဲတွင် ဆို့သွား၏။ ညီညီ့လက်များကို ညှစ်၍ ဆုပ်ကိုင်ရင်း ဘာပြောရမည်ကို မတွေးတတ်ပေ။ သူတို့သည် စကားဝါပင်အောက်ကို ရောက်၍ လာကြသည်။

"ကဲ ခဏ ထိုင်ရအောင်နော်။ ညီညီ ဖိနပ်ချွတ်လျှောက်တော့ ညီညီ့ ခြေထောက် ဘယ့်နှယ်လဲဟင်"

ညီညီသည် မြေကို စမ်း၏။ မြက်ပင်ကလေးများကို လက်နှင့် ထိကြည့်၏။

"ကျွန်တော့် ခြေထောက်အောက်မှာ သူတို့ ရှိတာပေါ့နော်"

"ဟုတ်တယ်။ ကိုင်ကြည့်စမ်း။ အဲဒါလေးတွေက မြက်ပင်လို့ ခေါ်တယ်။ သူတို့ကြောင့် ညီညီ့ခြေထောက် မနာတာပေါ့"

ညီညီသည် ခြေထောက်နှင့်ရော၊ လက်နှင့်ရော မြက်ကို စမ်း၏။ အရင်တုန်းက ခြံထဲဆင်းချိန်တွင် ဖိနပ်ကို အမြဲ စီးထားရ၍ သူသည် မြက်ပင်၏ နူးညံ့မှု အတွေ့အထိကို မသိပေ။ မြက်ရွက်၏ အရှည်ကို ဆွဲ၍ ကြည့်ပြန်၏။ သူစိတ်ထဲတွင်မူ မြက်ခင်းကို ဘာရောင်များ ဆိုးကြည့်မည်မသိပေ။ သို့သော် မြက်ပင်၏ အနေအထားကိုမူ လက်နှင့် စမ်း၍ စိတ်ကူးတွင် ပုံသဏ္ဌာန်ကို မှတ်မိနေလေပြီ။

"အဲဒီ မြက်ပင်လေးတွေဟာ ဘယ်လောက်ရှိလဲ။ ဟောဒါကကော ဘာလဲဟင်"

ညီညီသည် မြက်ခင်းပေါ်တွင် ကြွေကျနေသော စကားဝါပန်းတစ်ပွင့်ကို စမ်းမိ၍ မေးခြင်းဖြစ်၏။

"အဲဒါကို စကားဝါပန်းလို့ ခေါ်တယ်။ နမ်းကြည့်စမ်း ညီညီ"

ညီညီသည် ပန်းပွင့်လေးကို နမ်းရင်း မျက်နှာရွှင်လာသည်။ သူ့နှာခေါင်း

mgyoe.com

mgyoe.com


သည် ရနံ့ကို အာရုံခံစားတတ်လေပြီ။ သူသည် ပွင့်ဖတ်ကို အထပ်ထပ် စမ်းကြည့်၏။

"ဒီအပွင့်လေးက မြက်ထက် နုတယ်။ မွှေးလည်း မွှေးတယ်နော်"

"ဟုတ်တယ်၊ ဒါကြောင့် လေထဲမှာ မွှေးနေတာပေါ့။ အဲဒီပန်းရနံ့ မွှေးပြီး လေကအေးလာရင် မိုးဦးကျတယ်လို့ ခေါ်တာပေါ့"

"မိုးဆိုတာ ဘာလဲဟင် ဆရာမ"

"ကောင်းကင်က ရေတွေ ကျလာတာပေါ့"

"ကောင်းကင်"

ညီညီသည် ကောင်းကင်ဆိုသော စကားလုံးအတွက် သံသယ ရှိရှာပေမည်။ သို့သော် သူသည် ကောင်းကင်၏ အပြာကိုသော်လည်းကောင်း၊ စကားဝါပွင့်၏ အဝါကိုလည်းကောင်း၊ ဘယ်လိုမှ နားလည်လိမ့်မည် မဟုတ်ချေ။ ညီညီကို စကားဝါပင်စည်အောက်တွင် ရွှေ့ထိုင်ထားချိန်တွင်မူ ညီညီသည် ပင်လုံးကို လက်နှင့် စမ်းကြည့်၏။ ဆရာမသည် ညီညီကို ထားခဲ့၍ ခြံစည်းရိုးမှ နှင်းဆီပွင့်ကို ညီညီ့လက်ထဲ ထည့်လိုက်သည်။ သူသည် အတွေ့သစ်တစ်ခုကို တွေ့ရပြန်သည်။ သူ့လက်များသည် နှင်းဆီပွင့်နှင့် စကားဝါပွင့်ကို ယှဉ်၍ ထပ်ကာ ထပ်ကာ ကိုင်ကြည့်၏။ ပန်းပွင့်လေးများသည် သူ့လက်ထဲတွင် ကြေမွလာသည်။ တစ်ဖတ်ချင်း ပွင့်ဖတ်ရှိသော စကားဝါပွင့်နှင့် ပွင့်ဖတ်အထပ်များသော နှင်းဆီ၏သဏ္ဌာန်ကို ညီညီက စမ်းသပ်၍ သိလေပြီ။ နှင်းဆီရနံ့နှင့် စကားဝါရနံ့ကိုလည်း သူ ခွဲတတ်သည်။ ခဏအကြာတွင် မိုးဖွဲဖွဲ ရွာလာ၏။ ဆရာမသည် ညီညီ့ကို မိုးရွာထဲ လျှောက်စေချင်၏။

"ညီညီ ပြန်စို့"

ညီညီသည် ပန်းပွင့်များကို လက်ထဲမှာ ဆုပ်ထား၏။ သစ်ပင်အောက်မှ အထွက်တွင် သူ့ကိုယ်ပေါ်သို့ မိုးပေါက်များ ကျလာသည်။

"ဟာ... ဘာတွေလဲ ဆရာမ ချိုးတဲ့ရေတွေလား"

"ဟုတ်တယ်။ အဲဒါ မိုးရေပေါ့။ ဆရာမ ခုနက ပြောတဲ့ မိုးရွာတယ်ဆိုတာလေ။ ကောင်းကင်က ကျလာတာပေါ့"

ညီညီ့အဖို့ ယနေ့တွေ့သမျှမှာ အထူးအဆန်းများ ဖြစ်နေသည်။ သူ အိမ်ထဲရောက်ချိန်တွင်မူ ကလေးများသည် အိမ်ထဲမှာ အော်ဟစ် ကစားနေကြသည်။

mgyoe.com

mgyoe.com


"ပုတ်သင်ညို အပျိုလိုချင် ခေါင်းညိတ်"

ညီညီသည် သူ့အခန်းထဲ ရောက်သည်အထိ တခြားကလေးများ အော်သလို "ပုတ်သင်ညို အပျိုလိုချင် ခေါင်းညိတ်" ဟူ၍ အော်လာသည်။ အဝတ်အစားများကိုလည်း ဆရာမလဲပေးချိန်တွင် ညီညီသည် တွေးနေပြန်သည်။

"ပုတ်သင်ညို ဆိုတာဘာလဲဟင်"

သည်မေးခွန်း၏အဖြေမှာ နည်းနည်းမျှ မလွယ်ပေ။ ပုံသဏ္ဌာန်နှင့် နှိုင်းပြရအောင်လည်း ညီညီသည် ဘာကောင်ကိုမျှ မမြင်ဖူးပေ။

"ဘာလဲဟင် ဆရာမ"

"အကောင်လေးတစ်ကောင်ရဲ့အမည်ပဲ။ သူ့ခေါင်းက စိမ်းပြီး သူ့ကိုယ်က သစ်ရွက်ခြောက်အရောင်လိုပဲ"

"ဘာ... ဘာ စိမ်းတယ်ဆိုတာ ဘာလဲဟင်"

ဆရာမသည် အမှားကို ပြောမိပြန်သည်။ ညီညီအတွက် အဖြေမှာ အရောင်နှင့် ပြော၍မရ။ လက်နှင့် ထိတွေ့မှ ညီညီက သိပေမည်။

"နေဦးကွယ်၊ ညီညီ့အတွက် ဆရာမ တဖြည်းဖြည်း ပြောပြမယ်နော်"

"ပုတ်သင်ညိုဟာ ညီညီတို့အိမ်က ကြောင်လေးလိုလား"

ဩော်... ဒုက္ခပေပဲ။ ညီညီ၏ စိတ်ကူးပန်းချီတွင် ပုတ်သင်ညိုပုံကို ဘယ်လိုများ ဆွဲထားပါလိမ့်။

"မဟုတ်ဘူး။ ဒါပေမဲ့ ပုတ်သင်ညိုဟာ ကြောင်လို တိရစ္ဆာန်မျိုးထဲမှာ ပါတယ်"

နေ့လယ်တွင်မူ မိုးသည်း၍ ညီညီတို့ အပြင်သို့ မထွက်ရပေ။ စမ်းချောင်းလေးရှိရာသို့ သွားချင်ကြောင်းကိုသာ ပူဆာနေသည်။ နေသာသော တစ်ညနေတွင် ပို့ရန်ကို ဆရာမက ကတိပေးမှ ညီညီသည် ငြိမ်ငြိမ်လေး လှဲနေ၏။

ညီညီကို ပုံလေးများ စမ်း၍ပြောသောနေ့တွင် ဆရာမမှာ စိတ်မောလှ၏။

"ရှေးရှေးတုန်းက အဘိုးကြီးနဲ့ အဖွားကြီးရှိတယ်"

"အဘိုးကြီးဆိုတာ ဘာလဲ"

"ညီညီတို့ဖေဖေ သိပ်အသက်ကြီးသွားတော့ အဘိုးဖြစ်တာပေါ့။ အဘိုးကြီးဆိုရင် လက်တွေက ညီညီတို့လို တင်းမနေဘူး။ လျော့နေတယ်။ ခါးကြီးက ဆန့်မနေဘူး ကုန်းနေတယ်။ ညီညီလိုလည်း လမ်းမလျှောက်နိုင်ဘူး၊ ပါးတွေလည်း ဖောင်းမနေဘူး။ ပိန်နေတယ်"

mgyoe.com

mgyoe.com


ဆရာမပြောသမျှ ညီညီသည် သူ့ကိုယ်သူ စမ်းစမ်းကြည့်၏။ အဘိုးကြီး ဆိုသည်ကို သူဘယ်လို သဘောပေါက်ရမည်ကို မသိပေ။

"သူတို့မှာ သိပ်လှတဲ့ သမီးလေးတစ်ယောက် ရှိတယ်"

"လှတယ်ဆိုတာ ဘာလဲဟင်"

"အို... မေ့လို၊ မေ့လို့ ညီညီ။ အဲဒီ မင်းသမီးလေး အသားတွေဟာ စကားဝါပန်းရဲ့ ပွင့်ဖတ်လို နူးညံ့နေတာပဲ"

"ဪ..."

ယခုအခါတွင်မူ ညီညီသည် နှင်းယုဥ်ချက်များနှင့် သူ့ပုံထဲမှ မိန်းကလေး ပုံကို ဖော်နေလေပြီ။

"သူ့ကိုယ်ကကော စကားဝါပွင့်လို မွှေးလား"

"မွှေးတာပေါ့"

ပုံပြောစကမှု အတော်ပင် ခက်ခဲ၏။ သို့သော် နောက်များတွင် ညီညီ ဖေဖေသည် အရုပ်များ တစ်ခုပြီးတစ်ခု ဝယ်ပေး၏။ ညီညီသည် သူ့အခန်းထဲ တွင် စီထားကာ လက်နှင့်စမ်း၍ ဆရာမကို ခွဲပြသောနေ့တွင်မူ ဆရာမသည် ဝမ်းသာလာ၏။ ပုံထဲတွင် ဆင်ကြီးတစ်ကောင်ပါလျှင် ညီညီသည် ဆင်ရုပ်ကို စမ်း၍ နားထောင်၏။ မင်းသမီးအကြောင်းပါလျှင် မင်းသမီးရုပ်ကလေးကို စမ်းကြည့်ရင်း နားထောင်၏။ ပုံပေါင်း မြောက်မြားစွာကို ညီညီက နားထောင် တတ်လာ၏။ ဝတ္ထုလေးကို ဖတ်ပြလျှင်လည်း ညီညီက နှစ်သက်၏။ သို့သော် ဝတ္ထုများတွင် လောကအလှနှင့် လူ့အလှများကို ဖော်ပြချိန်တွင်မူ အရောင်အဆင်း တို့အတွက် ညီညီသည် စိတ်မကုန်နိုင်ဘဲ စိတ်ဆင်းရဲရပြန်၏။ ထို့ကြောင့် ဆရာမသည် ဝတ္ထုများကိုပြင်၍ ညီညီကို ပြောပြရ၏။ နူးညံ့ခြင်း၊ ကြမ်းခြင်း၊ မွှေးခြင်း၊ နံခြင်း၊ အသံသာခြင်း၊ မသာခြင်းတို့နှင့်သာ ဝတ္ထုလေးများ၊ ပုံလေးများ ကို တန်ဆာဆင်ရ၏။

* * *

နွေဦးပေါက်ချိန်တုန်းကမူ စမ်းချောင်းဘေးတွင် ညီညီသည် နှစ်သိမ့် နေ၏။ ရေစီးသံကိုလည်း သူသိပြီ။ စမ်းရေကိုလည်း လက်နှင့် ထိကြည့်၏။ ရေစပ်သို့ ဆင်းရသောအခါတွင်လည်း သူပျော်လာသည်။ ဥဩ၏ သီချင်းသံ တွင် ညီညီသည် ကြည်နူးလာတတ်သည်။ စမ်းချောင်းတစ်ဖက်ကိုကူး၍ တော စပ်သို့ သွားစဉ်တွင်လည်း ညီညီသည် သစ်ရွက်ခြောက်ကလေးများကို ကိုင် ကြည့်၏။ သစ်ရွက်များကို စမ်းကြည့်၏။

mgyoe.com

mgyoe.com


အမှန်တော့ ယခင်ကလို သူ့ဦးနှောက်သည် ခြောက်သွေ့၍ ဟင်းလင်း မနေတော့ပေ။ ပန်းပွင့်များ၊ ရနံ့များ၊ စမ်းချောင်း၊ တောအုပ်၊ ငှက်ကလေးများ အသံဖြင့် စိုပြည်ရွှင်လန်း၍ လာသည်။

နောက်တစ်နှစ် ဆောင်းဦးပေါက်တွင်မူ ကရမက်ရနံ့များကိုပင် သူ မှတ်မိနေလေပြီ။

"ဆရာမရေ လေတွေကလည်း အေးတယ်။ စကားပန်းကလည်း မွေး လာပြန်ပြီ။ မိုးကျပြီ ထင်တယ်နော်"

နောင်နှစ်မိုးဦးကျချိန်တွင် ညီညီသည် ယခုလို ပြောလာ၏။ ညီညီ စိတ်လေးများသည် ခံစားတတ်လာပြီကော၊ ဆရာမသည် ကျေနပ်ပျော်ရွှင်မိ၏။

* * *

ညီညီနှင့် ဆရာမ အတူနေ၍ လေးနှစ်မြောက်သောနေ့တွင်မူ တစ်အိမ် လုံး အံ့သြကြရပြန်၏။

"ဖေဖေ ကျွန်တော် ညတုန်းက ဝတ္ထုရေးထားတယ်"

"ဟေ"

ညီအစ်ကို မောင်နှမများက ညီညီကို အရူးလေးဟု ထင်ကြ၏။ ဖေဖေက အံ့သြ၍ အမေ့မျက်လုံးများကမူ တောက်ပလာသည်။

"သားဟာ ဝတ္ထုရေးတတ်တယ်"

"ဟုတ်တယ်၊ ခု တိုတိုလေး ရေးတယ်။ နောက်ဆိုရင် ဆရာမ ဖတ်ပြ တဲ့ ဝတ္ထုတွေလို အရှည်ကြီး ရေးမယ်"

ဖေဖေသည် ရင်ထဲမှ ဘုရားတမိသည်။

"ညီညီပြောတာ ဟုတ်သလား ဆရာမ"

"ဟုတ်ပါတယ်၊ ညတုန်းက သူပါးစပ်က ပြောပြတာကို ကျွန်မက လိုက်ရေးပါတယ်။ ဒါပေမဲ့ စာစီစာကုံးပုံက ရေးစဆိုတော့ နည်းနည်းလိုသေး တယ်။ စကားပြောသလိုပဲ ဖြစ်နေပါတယ်"

"ဖေဖေတို့က သားကို မယုံဘူးလား။ ဆရာမရဲ့ အခန်းထဲမှာ သွား ယူပြီး ဖတ်ပြလိုက်ပါ။ ကျွန်တော့်ရင်ထဲမှာ အားလုံးရှိပါတယ် ဖေဖေ။ ပြီးတော့ ကျွန်တော့်ဝတ္ထုဟာ ဆရာမဖတ်ပြတဲ့ ဝတ္ထုလေးတွေထက်တောင် ဆန်းသေး တယ်"

မှန်၏။ ညီညီ၏ဝတ္ထုထဲတွင် အရောင်နှင့်မြင်နိုင်သော အလှများမပါပေ။

mgyoe.com

mgyoe.com


"ကျွန်တော် အခု အသက် ၁၆ နှစ် ရှိလာပြီ။ ဖေဖေ မြင်သလို မမြင်ပေမယ့် ကျွန်တော့်ရင်ထဲမှာ စမ်းချောင်းလေးလည်း ရှိတယ်။ ပန်းပွင့်တွေလည်း ရှိတယ်။ ပုံတွေလည်း ရှိပါတယ် ဖေဖေ"

ညီညီသည် ယခင်ကလို မယုံမရဲ အားလျော့နေသော ကလေးငယ် တစ်ယောက် မဟုတ်တော့ပြီကို အမေက သိ၏။ ဆရာမသည် ညီညီ့ဝတ္ထုတို ကလေးကို ယူလာ၍ စားပွဲတစ်ခုလုံး ကြားအောင် အသံကျယ်ကျယ် ဖတ်ပြ၏။ အမြင်အာရုံမပါသော ညီညီ၏ ဝတ္ထုကြားစလေပြီ။

* * *

ကျွန်တော့်မှာ ခရီးလမ်းစဉ်ရယ်လို့ မရှိပါဘူး။ ဘယ်မှာ ဘာရှိတယ်ဆိုတာ မသိတော့ ဘယ်ကိုမှလည်း မသွားချင်ဘူး။

ကျွန်တော့်အနီးမှာ ရေစီးသံတွေ ကြားနေရတော့ စမ်းချောင်းနားမှာ ကျွန်တော် ရောက်နေတယ်ဆိုတာ သေချာသိပါတယ်။ သစ်ပင်ကြီးတစ်ခုရဲ့ ပင်စည်ကို မှီနေတုန်း ကျွန်တော့်ကိုယ်ပေါ် သစ်ရွက်တွေက ကြွေကျနေတယ်။ လေကလည်း ခပ်ဖြည်းဖြည်း တိုက်နေတော့ ကျွန်တော့် အသားတွေဟာ အေးနေတယ်။

ကျွန်တော် ခြေသံတစ်ခုကို ကြားရတယ်။ လေထဲမှာလည်း နှင်းဆီပန်းရနံ့ဟာ ဆုပ်ကြဲလိုက်သလို တစ်ပြိုင်နက် မွှေးလာတော့ ရင်ထဲမှာ အေးသွားတာပဲ။ အမွှေးနံ့ဟာ ကျွန်တော့် စိတ်တွေကို ရွှင်လာအောင် လုပ်ပေးတယ်။ ခြေသံရှင်ဟာ ဒီနှင်းဆီနံ့ကို ယူလာတယ် ထင်ပါရဲ့။

"ကျွန်တော့်အနားကို လာနေတယ် ဘယ်သူလဲဗျာ"

ကျွန်တော် မေးလိုက်ရင်ဘဲ အသံတစ်ခုဟာ ကျွန်တော့်အနားက ပေါ်လာတယ်။ သူ့အသံဟာ ဥသြငှက်သံထက် သာယာပါတယ်ဗျာ။ အေးပြီးတော့ အသံဟာ နွဲ့လွန်းလို့ ကျွန်တော့်ရင်ထဲ မောလှိုက်သွားတာပဲ။

"ကျွန်မ မနှင်းဆီပါ"

"မနှင်းဆီ အင်း နှင်းဆီ ရနံ့တွေကလည်း သိပ်မွှေးတာပဲ"

"ဟုတ်တယ်၊ ကျွန်မရဲ့တဘက်က နှင်းဆီပွင့်ရဲ့ ပွင့်ဖတ်တွေကို ဆက်ပြီး ချုပ်ထားတာပေါ့။ ရှင်တစ်ယောက်တည်း ဘာလုပ်နေလဲ။ မိုးချုပ်လှပြီ"

"မိုးချုပ်တာကိုတော့ မပြောပါနဲ့ကွယ်။ ကိုယ့်လောကမှာ မိုးချုပ်တာနဲ့ မိုးလင်းတယ်ဆိုတာ မရှိပါဘူး"

mgyoe.com

mgyoe.com


သူ့အသံဟာ တိတ်သွားပြီး အသက်ရှူသံပြင်းပြင်းကို ကျွန်တော် ကြားရပြန်တယ်။

"ရှင်က မျက်စိမမြင်ပဲကိုး၊ ဒီမှာပဲ နေရစ်မှာလား"

"ကျွန်တော်က ဘယ်ကို သွားရမှာလဲ"

"လိုက်ချင်တယ်ဆိုရင်တော့ စမ်းချောင်းကိုဖြတ်ပြီး ဟိုတောအုပ်ဘက်ကို ကျွန်မသွားမလို့၊ အတူလိုက်နိုင်ပါတယ်"

"အတူ"

ကျွန်တော့်ရင်ထဲမှာ သိပ်လှုပ်ရှားသွားတယ်။ ကျွန်တော်ဟာ သူ့အသံကို နှစ်သက်တယ်။ သူ့ကိုယ်က အမွှေးရနံ့မှာလည်း ကြည်နူးမိတယ်။ ကျွန်တော် နောက်ဆုံး သတိပြုမိတာကတော့ သူ့နောက်ကို သိလိုက်ချင်တာပဲ။

"ကျွန်တော့်ကို တွဲခေါ်ရင်တော့ ခင်ဗျားနောက်ကို လိုက်ပါရစေ"

"လာပါလေ၊ ကျွန်မ တွဲခေါ်ပါ့မယ်"

ကျွန်တော့်လက်ကို လာထိတဲ့ အတွေ့ကဖြင့် နူးညံ့လွန်းလို့ ကျွန်တော့်ရင်ထဲမှာ လှိုင်းခတ်သွားတာပဲ။ ပန်းပွင့်ဖတ်ထက် နူးညံ့ပါတယ်။

ကျွန်တော် သူခေါ်ရာကိုလိုက်ရင်း ခြေထောက်နဲ့၊ ရေနဲ့ တွေ့တဲ့အခါ စမ်းချောင်းလေးကို ဖြတ်နေပြီဆိုတာ သိပါတယ်။ ချောင်းဟိုဘက်ကို ရောက်ပြီး လျှောက်လာလိုက်တာ ရေစီးသံတွေ မကြားရတော့ဘူး။ အဝေးကနေ သစ်ရွက်ကို လေတိုးသံတွေကြားရတော့ တောအုပ်က တဖြည်းဖြည်း နီးလာပြီလို့ သိပါတယ်။

"မင်းတို့အိမ် ရောက်လာပြီလားကွယ်"

"ကျွန်မမှာ အိမ်မရှိဘူး။ ဒီတောစပ်မှာနေတယ်"

"မင်းမှာ အိမ်ရှိတယ်ဆိုရင်တောင် အိမ်ဆိုတာ ဘာမှန်းလည်း မသိဘူး" လို့ ကျွန်တော်က ပြောမိတယ်။

"ရှင်မောရင် ဒီမှာ နားဦးပေါ့။ တောစပ်လည်း ရောက်ပြီ"

ကျွန်တော် မြေကြီးပေါ်မှာ ခဏထိုင်နေတုန်း လက်ထဲကို ငှက်ပျောသီး တစ်လုံး ရောက်လာတယ်။ သူပေးတာပဲ ထင်ပါရဲ့။ ငှက်ပျောသီးရဲ့ အရသာ ဟာ အမေပေးတာထက် ကောင်းပါကလားလို့ စိတ်ထဲမှာထင်မိတယ်။ သူ့ခြေသံ ကတော့ ကျွန်တော့်အနားမှာ ကြားနေရတာပဲ။

"ကျွန်မ တဘက်ကို ခင်းပေးမယ်။ ဒီအပေါ်မှာ ရှင်အိပ်နော်"

mgyoe.com

mgyoe.com


သူဟာ ကျွန်တော့်ကို တွဲခေါ်ပြီး အိပ်ခိုင်းတယ်။ ကျွန်တော် လှဲလိုက်တော့ သူ့တဘက်ကလေးဟာ ပန်းမွေ့ရာလေး ဖြစ်သွားတယ်။ လေကလည်း အေး၊ ပန်းရနံ့ကလည်းမွှေး၊ အိပ်ရာကလည်း နူးညံ့နဲ့စိတ်ဟာ သိပ်ပြီးသာယာတာပဲ။

ဘုရား... ဘုရား သူ့ခြေသံကို ကျွန်တော့်နားမှာ မကြားရတော့ဘူး။ သူ ဘယ်ရောက်သွားပါလိမ့်။

ပန်းဖတ်လေးတွေနဲ့ လုပ်ထားတဲ့ မွေ့ရာကလည်း ဘယ်လို ဖြစ်လာပါလိမ့်။ ဆူးလေးတွေဟာ ကျွန်တော့်အသားကို စူးလာတယ်။ နှင်းဆီရဲ့ သတ္တိကို ပြကြပါပကောလား။ မွှေးတယ်၊ နူးညံ့တယ်၊ ဆူးလည်း ရှိတယ်။ အမယ်လေး ကျွန်တော် ဘယ်နေရာကိုမှရွေ့လို့ မရဘူး။ ဟာ ဆူးတွေ စူးလာတယ်။

"မနှင်းဆီ မနှင်းဆီ"

ကျွန်တော် အသံကုန်ဟစ်ပေမယ့် သူ့အသံဟာ မကြားရတော့ဘူး။ တောဘက်က ပြန်လာတဲ့ ကျွန်တော့်အသံကြီးသာ ပြန်ကြားရတယ်။ လေတွေကလည်း တိုက်လိုက်တာ ကျွန်တော့်ကိုယ် လွင့်သွားမတတ်ပဲ။ အေးလာလိုက်တာလည်း မပြောပါနဲ့တော့။ ကျွန်တော့်ကို ဘယ်သူလာခေါ်ပါ့မလဲ။ ကျွန်တော် ဘယ်ကိုမှလည်း မသွားတတ်ဘူး။ ခုမှအိမ်ကို ကျွန်တော်လွမ်းတယ်။ အမေ့ကို သတိရတယ်။ ရင်ထဲမှာလည်း မောလာတယ်။

"ကျွန်တော့်ကိုလာခေါ်တဲ့ သစ်ပင်ရင်းမှာပဲ ထားခဲ့ပါတော့"

ကျွန်တော် ဟစ်အော်ပေမယ့် ကျွန်တော့် ပတ်ဝန်းကျင်မှာ သစ်ပင်တွေ၊ လေတိုးသံတွေကလွဲလို့ သည့်ပြင် ဘာသံမှ မကြားရတော့ဘူး။

* * *

ညီညီ ဝတ္ထုကား ဆုံးသွားပေပြီ။

အမေ့မျက်လုံးများသည် တောက်ပမြဲ တောက်ပနေပေ၏။ ဖေဖေက တော့ တွေးနေသည်။ ညီညီ့ မျက်နှာကလည်း ငြိမ်၍ စိတ်ကူးနေပုံရသည်။ ဆရာမတစ်ယောက်သာ စိတ်ထဲမှာလှုပ်ရှားသလို မျက်နှာကလည်း ဏ္ဍမြွေမရပေ။

"ကဲလေ မေမေ ညီညီ့ဝတ္ထုဟာ မေမေတို့ဖတ်တဲ့ ဝတ္ထုတွေနဲ့ တူပါတယ်နော်"

"သားရဲ့ဝတ္ထုက ပိုပြီး ဆန်းပါတယ်ကွယ်"

အမေသည် ခပ်သွက်သွက် ဖြေပေမယ့် ဖေဖေက ငြိမ်နေသည်။

mgyoe.com

mgyoe.com



"ဆရာမ ကျွန်တော် အခန်းထဲ သွားချင်တယ်"

ဆရာမသည် ညီညီ့ကို စာရွက်များနှင့်အတူ အခန်းထဲသို့ ခေါ်သွား၏။ ဆရာမ ပြန်လာချိန်တွင်လည်း ဖေဖေနှင့် မေမေသည် စားပွဲမှာ ငြိမ်ငြိမ်သက်သက် ထိုင်နေတုန်းပင် ဖြစ်၏။ သူတို့ ရင်ထဲတွင် ဘာဖြစ်နေသည်ဟုလည်း သူတို့ မပြောတတ်ပေ။

ဆရာမသည် ကုလားထိုင်တစ်လုံးတွင် ဖြည်းဖြည်းဝင်ထိုင်ရင်း အသံတိုးတိုးနှင့် သူစကားစပြောလိုက်၏။

"ကျွန်မ ညီညီ့ကို စာသင်တာ ဒီလောက်နဲ့ပဲ တော်လောက်ပြီ ထင်ပါတယ်"

"ဟင်"

သူတို့နှစ်ယောက်လုံးသည် ဆရာမကို ပြိုင်တူကြည့်ကြ၏။

"အမှန်တော့ ကျွန်မ သင်တာဟာ စာလည်းမဟုတ်ပါဘူး"

"စာမဟုတ်ပေမယ့် ကျွန်တော် ကျေနပ်ပါတယ်။ ဆရာမ ဘာဖြစ်လို့ ဆက်မသင်ချင်တာလဲ"

"ဒါထက်တိုးပြီး ကျွန်မ မသင်တတ်လို့ပါ။ ညီညီဟာ အရွယ်ရောက်လာပြီ။ သူ့စိတ်ကူးတွေကလည်း သူ့ဘဝကို သာယာအောင် လုပ်တတ်ပါပြီ"

"သူ စာရေးချင်တဲ့အခါတိုင်း တစ်ယောက်ယောက် အနားမှာရှိရင် ညီညီဟာ စိတ်ကျေနပ်မှာပါပဲ"

နောက်တစ်ပတ်တွင်မူ ဆရာမသည် ညီညီ၏ အိမ်ကြီးမှ ထွက်၍ မြို့သို့ ပြန်ခဲ့လေသည်။

ခြောက်လလောက်တွင် ညီညီ့ဖေဖေထံမှ စာတစ်စောင် ရောက်လာ၏။ စာထဲတွင် ဆရာမကို သတိရကြောင်းနှင့် ညီညီအကြောင်းများ အများကြီးပါ၏။ ညီညီသည် မျက်စိမမြင်သည်မှလွဲ၍ သားများထဲတွင် အလှဆုံး လူပျိုလေးတစ်ယောက်ဖြစ်ကြောင်းကို ဖော်ပြထား၏။ ညီညီ ရေးခိုင်း၍ သူကိုယ်တိုင် ရေးပေးရသော ဆရာမထံသို့ ညီညီ့ ပေးစာတစ်စောင်လည်း ပူးတွဲပါလာ၏။ ဆရာမသည် ညီညီ့စာလေးကို ဖတ်လိုက်၏။

* * *

**ဆရာမ**

ညီညီ မျက်စိမမြင်ရတာကို ကျေးဇူးတင်တယ်။ အစတုန်းက ဆရာမ သင်ကြား ပြသတာတွေကို ညီညီ ကျေးဇူးတင်မိတယ်၊ ဝမ်းသာမိတယ်။

mgyoe.com

mgyoe.com


အခုတော့ ညီညီဟာ ဆရာမကို စိတ်ဆိုးတယ်။ ဝတ္ထုထဲက မနှင်းဆီကို စိတ်ဆိုးသလို စိတ်ဆိုးမိတယ်။ အမှန်တော့ နားလည်းမကြား၊ တွေ့တဲ့အာရုံကိုလည်းမသိ၊ အနံ့လည်း မခံတတ်ရင် ညီညီ ဘယ်လောက် ပျော်လိုက်မလဲ။ ခုတော့ ညီညီဟာ အတွေ့၊ အနံ့နဲ့ အသံသာယာမှုကို အလွန်ခံစားချင်တာပဲ။

ဘုရားတန်ခိုးကြောင့် မျက်စိမမြင်တာဘဲ ကျေးဇူးတင်ရဦးမယ်။ မျက်စိသာမြင်ရင် မြင်ရတဲ့အာရုံနဲ့ ပတ်သက်ပြီး ကျွန်တော် ဘယ်လောက် စိတ်ဆင်းရဲရမလဲ။ မမြင်ရခြင်းဟာ ဒုက္ခတစ်ခု ငြိမ်းတာပဲ။

ဆရာမရေ အရင်တုန်းကလို ဘာမှမသိတဲ့အဖြစ်မျိုးမှာ ညီညီ့ကို ပြန်ထားခဲ့ပါဦး။

ဆရာမ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

ညီညီ

ဆရာမသည် စာရွက်ကို ဆုတ်၍ ချေပစ်လိုက်၏။

ဆရာမ စေတနာသန့်ပါတယ်။ ညီညီ့ နှင်းဆီလို ဆူးမပါဘူး။ စကားဝါပန်းလို နူးညံ့ပြီး မွှေးပါတယ်။

ဆရာမသည် အထက်ပါ စာကြောင်းလေးသာ ညီညီ့ထံသို့ ပြန်၍ ရေးလိုက်ပါသည်။

(၁၉၉၃၊ ဇွန်လ။)

□

mgyoe.com

mgyoe.com

## ခံပွင့်

နန်းအလယ် ပန်းစံပယ် မပေါ်ခိုက်ဟာမို့
အလိုက်တော်တန်သင့်အောင်လို့ ခံပွင့်ကိုကုံး၊
နန်းရဝေ မန်းမြေမှာ စံပယ်လှိုင်တော့ ခံပန်းခိုင်
ယာယီရွှေ့တယ်၊ တောလေ့ရွာသုံး။

ယုံရမှာခက်သောအကြောင်းတို့တွင် ဦးသာကျော် ကျွန်မကို ပြောသော ပုံသည် သာ၍ယုံကြည်ရန် ခဲယဉ်းလှပေသည်။ သူကတော့ သူပြောသော အကြောင်းအရာများသည် ပုံမဟုတ်ဟူ၍ ဆို၏။

"တကယ်ဖြစ်တာဗျာ။ မခင်လေးဟာလည်း တကယ်ရှိနေပါတယ်။ ကျုပ်တို့ ယာတောမှာကို ရှိနေပါတယ်" ဟူ၍ဆို၏။ သူပြောသောပုံမှာ ရိုး၍ လှပသည်။ တပေါင်းလနှင့်လည်း လျော်ကန် သင့်မြတ်လှပေသည်။ သို့သော် ရွာ၏အမည်ကိုမူ မဖော်ပေ။

နေခြည်ပျောက်ချိန်တွင် ယာတောပေါ်သို့ မြူမှုန်လေးများ သမ်းလာပုံ ကို ပြောပြသောနေရာတွင် လွမ်းဆွတ်ဖွယ်ကောင်း၍ ပန်းချီဆန်လှပေသည်။

* * *

ကဗျာဆရာတို့က လရောင်ခြည်ကို ငွေရောင်ခြည်ဟု ဆိုသော်လည်း ယာတောသူတို့၏ မျက်လုံးတွင် ရွှေရောင်လို ဝါပြေပြေသာ မြင်တွေ့၍ နေရ

mgyoe.com

mgyoe.com

ပေသည်။ အရှေ့မှ လထွက်လာလျှင် လအိမ်စောင့်နတ်သမီး၏ဆံပင်များ ပြေ၍ လျှောကျလာသလို လရောင်ခြည်သည် ညွတ်ပျော့၍ မြေသို့ ကျလာသည်။ လရောင်ခြည်နှင့် သိမ်းပြီးစ ယာခင်းပြင်တို့ တွေ့ထိသလို ဤလယ်ယာခင်းပြင်တို့တွင် ဦးသာကျော်တို့ ယာသမားတစ်စု သခင်ကျော်ဖေယျတို့ တွေ့ကြသည်ဟု ဆို၏။

ရွာထဲမှာမူ အိမ်ရှေ့တိုင်းလိုလို ဘူးစင် ရှိ၏။ ဘူးစင်များကြားသို့ လရောင်သည် လှုးလွန်၍ ဝင်လာတတ်၏။ ရွာပျိုချောတို့ကို လရောင်သည် တိုးဝင်၍ ရှာဖွေနေဟန် ရှိပေသည်။ ဤရွာရှိ အပျိုချောတို့ ဘူးစင်အောက်မှာ ညဥ့်တိုင်း ထိုင်နေတတ်သည်ဟုဆို၏။ ရှေးတုန်းကမူ ဤဘူးစင်အောက်တွင် ဗိုင်းငင်ကြသည်ဆိုသော်လည်း ယခုတော့ ဤရွာတွင် ဗိုင်းငင်သည်ကို မတွေ့ရသည်မှာ ကြာလှပေသည်။

ဤဘူးစင်အောက်တွင် သခင်ကျော်ဖေယျနှင့် မခင်လေးတို့ တွေ့ကြသည်ဟု ဆိုပြန်သည်။ သူသည် လရောင်ခြည်လိုပင် ဤယာတောသို့ တိုးဇွေ့ ဝင်လာရင်း မခင်လေးကို တွေ့ရပေသည်။

ခင်လေးမိဘများသည် ယာခင်းရှင်ဖြစ်သော်လည်း ခင်လေးသည် ယာတောတွင် ကြာကြာမနေတတ်ပေ။ မြို့မှာကျောင်းနေသည်ကများ၏။ သို့သော် အိမ်ကို ပြန်ရောက်တိုင်း အမေက ယာတောသူလို နေရမည်ဟု ပြော၏။

နှင်းမှုန်သိပ်သော နံနက်တွင် အစောကြီးထ၍ ဆွမ်းချက်၏။ ယာခင်းသို့ အလုပ်ဆင်းမည့်သူတို့အတွက် အမေနှင့် ထမင်းအတူ ချက်ပေးရသည်။

ညဥ့်တွင်လည်း လရောင်အောက်တွင် မြေပဲသီးများကို အခွံချွတ်၍ ပေးရ၏။ မြေပဲခွန် ချွတ်နေစဉ်တွင် အမေသည် သူ့ယာတောအကြောင်းကို ခဏခဏ ပြောပြ၏။

"ဘယ်ကိုပဲ ရောက်နေနေ အမေတို့ဆီကို ပြန်လာပါ သမီးရယ်"

အမေသည် စကားပြောတိုင်း မယုံမရဲ ရှိတတ်၏။ အမှန်လည်း သူသည် ခင်လေးကို မယုံ။ ခင်လေးသည် ဤယာတောကို စွန့်ပစ်၍ မြို့သို့ ဝင်သွားမည်ဟု အမေက ထင်၏။

ထင်လည်း ထင်စရာပေပဲ။ လူတိုင်းလိုလိုက ခင်လေးသည် လှပသည်ဟု ဆို၏။ ဤအလှသည် ယာတောနှင့် မတန်ဟုလည်း ဆိုကြသည်။ အမေကတော့ ထိုစကားများကိုကြားတိုင်း ခေါင်းတွင်တွင် ခါ၏။

mgyoe.com

mgyoe.com


"ခက်ပဲ ခက်ရချည်ရဲ့။ ယာတောကထွက်တဲ့ အလှဟာ ယာတောနဲ့ ဘာလို့ မတန်ရမှာလဲ။ မိန်းကလေး မကြားပါစေနဲ့။ မိန်းကလေး ကိုယ်ဟာ ယာတောအနံ့ နံနေတယ်" ဟု အမေက ပြောတတ်သည်။

ခင်လေးက ဆရာမဖြစ်ချင်သည်ဆို၍သာ အမေက ကျောင်းထားပေးရသည်။ မြန်မာလို အလယ်တန်းပြဆရာမ ဖြစ်နေဆဲတွင် ခင်လေးသည် သခင်ကျော်ဇေယျနှင့် သိလာသည်။ သခင်ကျော်ဇေယျသည် သူတို့ရွာသို့ လာနေကြဖြစ်သည်မှာ ကြာပေပြီ။ ခင်လေးနှင့်တော့ ယခုမှပင် တွေ့ဆုံကြပေသည်။

ခင်လေးတို့ရွာမှ ယာသမားများကို သခင်ကျော်ဇေယျကလာ၍ စည်းရုံးရသည်ဆိုသည်။ ယာသမားတိုင်းလိုလိုက သခင်ကျော်ဇေယျကို သိသည်။

ထိုစဉ်က သခင်ကျော်ဇေယျသည် မြေပဲကြော်နှင့် ရေနွေးကြမ်းကိုသာ နှစ်သက်ခဲ့ပေသည်။ ယာခင်းပြင်ပကို ကျော်ဖြတ်လာသော ယာတော၏လေအေးကို နှစ်နှစ်ခြိုက်ခြိုက် ရှုရှိုက်ခဲ့ရ၏။ ချိုအေးသော တောပန်းရနံ့ရိုးရိုးကိုသာ သူ နှစ်သက်ပါသည်ဟု ဆိုသည်။

အမှန်မှာမူ ဘူးစင်အောက်သည် ယာတောကို စာဖွဲ့ရာနေရာ ဖြစ်ပေသည်။ ဤဘူးစင်အောက်တွင် သခင်ကျော်ဇေယျနှင့် ခင်လေး တွေ့ဆုံခြင်းကို အမေကတော့ မနှစ်သက်ပေ။

သို့သော် ဦးကျော်ကိုယ်တိုင်က "ကောင်းသောတွေ့ခြင်း" ဆိုသည့်အတွက် အမေက မငြင်းဆန်ပေ။ ပင်နီဖျင်ကြမ်းအကျီနှင့် ပခုက္ကူလုံချည်တို့မှာ သခင်ကျော်ဇေယျသည် ဤယာတောတို့နှင့် မကင်းကွာလှကြောင်းကို ပြနေ၍ အမေက ကျေနပ်ရပေသည်။ သို့သော် အမေက စိတ်ထဲမှာ ထင့်နေ၏။

"ဘာကိုများ အမေ စိတ်ထင့်ရပါလိမ့်"

အမေတို့ရွာမှ ထွက်သော် လမ်းဘေးတစ်လျှောက်တွင် နှင်းဆီရိုင်းပင်များ အလေ့ကျပေါက်၍ နေသည်။ ဤလမ်းဘေးမှပင် သခင်ကျော်ဇေယျသည် ခင်လေးကို လှည်းနှင့်ခေါ်ဆောင်၍ လာသည်။ နံနက်အစောကြီး ထလာရ၍ နှင်းများမှာ လမ်းကိုမမြင်နိုင်လောက်အောင် ပိတ်ဆို့၍ နေသည်။ အညာဆောင်း၏ နံနက်ခင်း လေသည် အေးစက်၍ သွက်လက်လှသည်။ ခင်လေးက သခင်ကျော်ဇေယျဘေးတွင် ကပ်၍ ကွေးကွေးလေးထိုင်ကာ လိုက်ပါလာသည်။ တောပန်း ရနံ့ ချိုချိုလေးများသည် ခင်လေးကို နှုတ်ဆက်ကြသည်။ သူသည် အမေ့အိမ်ကလေးကို မြင်ရနိုးနှင့် လှည့်ဆန့်၍ ကြည့်သည်။ သို့သော် နှင်းများ

mgyoe.com

mgyoe.com


ပိတ်နေ၍ အမေ့အိမ်ကို မမြင်ရသည့်အခါဝယ် သခင်ကျော်ဇေယျာအားတွင်ပု၍ ငြိမ်နေလိုက်သည်။ မျက်လုံးထဲတွင်မူ မျက်ရည်များက ဝိုင်း၍ နေပေသေးသည်။

အမေကတော့ ဘုရားပင်ဖြောင့်အောင် ရှိမခိုးနိုင်ပေ။ လှည်းသံပျောက်သည်အထိ နှင်းထုထဲသို့ မျှော်ကြည့်၏။

"အမေကတော့ ရွာအပြင်ထွက်တဲ့လမ်းကို ဘယ်တော့မှ မရောက်ဖူးဘူး" ဟု အမေသည် မိန်းမဖော်လေးကို ပြောပြနေသည်။ ယခုမူ ဤလမ်းဘေးမှ သမီးထွက်သွား၍ အမေသည် ထိုတောလမ်းရှိရာသို့ ခြေဦးမျှပင် မလှည့်တော့ပေ။

ဦးသာကျော်သည် သူ့ပုံပြင်ကို ခင်လေးလိုက်သွားသည့်အခန်းတွင် ခဏ ရပ်၍ထား၏။ သူ့မျက်လုံးထဲတွင် နှင်းမှုန်များ ဖုံးအုပ်နေသော ယာတော၏ နံနက်ခင်းကိုပင် မြင်၍ နေလေသလား။ ဘာအကြောင်းကြောင့် ရပ်နေသည် ဟူ၍တော့ ဖွင့်ဟမပြောပေ။ နောက်တစ်ခန်းဆက်တွင်မူ တပေါင်း၏ ပန်းချီနှင့် ထိုပန်းချီကားအောက်တွင် လှုပ်ရှားမှုများအကြောင်း ဆက်၍ပြောပြန်သည်။

တပေါင်းသည်ဟောင်း၍ သစ်သောလဖြစ်၏ဟု သူက ရိုးရိုးပင် ဆိုပါသည်။ အိုမင်းရင့်ရော်သော ရွက်ဟောင်းတို့သည် မကြာခင်ကပင် မြေသို့ လျောကျသက်ဆင်း၍ လာကြသည်။ ရွက်အိုတို့သည် တစ်ခါကမူ အကိုင်းများ ထက်တွင် သူတို့၏ လှပတင့်တယ် ပျိုမျစ်ခြင်းများကို လောကသားတို့အား ပြခဲ့လေသည်။ ကောင်းကင်လေသည်သာလျှင် သူတို့၏ ရှုရှိုက်ရာ ဖြစ်ခဲ့လေသည်။

"ယခုတော့လည်း အိုမင်းရင့်ရော်လာပြီဆိုတော့ ဆိုးလိုက်သည့် ကံကြမ္မာပေပဲ။ မြေတွင် ခဏရပ်နား၍ အဘိုးအိုသည် တရားရိပ်တွင် ခိုအောင်းသလို ခဏတာတော့ မသေခင် နားလိုက်ချင်ပါရဲ့" သို့သော် ပူပြင်း၍ သွက်လက်သောလေက ရွက်အိုရွက်ဟောင်းများကို မောင်း၍ ထုတ်၏။ အပင်အောက်တွင် အနားမရဘဲ လေမောင်းနှင်ရာသို့ ပြေးကြရပြန်သည်။

ရွက်ဟောင်းများသည် မြေတွင် ပြန့်ကြဲ၍ ဖရိုဖရဲ ပြေးလွှားကြရင်း သစ်ပင်များထက်သို့ မော်၍ ကြည့်၏။ အကိုင်းများပေါ်တွင် သစ်လွင်သော ရွက်နုများသည် ဝတ်လွှာ အစိမ်းနုများကို လွှမ်းခြုံ၍ နေရောင်ခြည်တွင် လှပပေစွ။ တောတန်းဆီမှ တပေါင်းလေရူးသည် တောပန်းတို့၏ ရနံ့တို့ကို စုပေါင်းသယ်ယူလာ၏။ ရွက်ဟောင်းကြီးများသည် ငယ်စဉ်က သူတို့ဘဝကို ပြန်လည်အောက်မေ့မိသည်။ လူသားသာဆိုလျှင်လည်း မျက်ရည်တောက်တောက် ယို

mgyoe.com

mgyoe.com


လိုက်ပါ၏။ သူတို့လောကကို ထွက်ပြူစတုန်းကလည်း သည်လိုပင် တပေါင်းလ မဟုတ်ပါလော။ ပျိုမျစ် သစ်လွင်သော အရွယ်တွင် နေရောင်ခြည်ကို လှုံ၍ တောပန်းရနံ့တို့ ပြွမ်းသော ကောင်းကင်ပြင်ကို ရှူရှိုက်ရသည်မှာ ဘဝနိဗ္ဗာန် ပေတည်း။ ယခုတော့ လေတိုက်လိုက်တိုင်း ပြေးလွှားရသည်မှာ မောလှပါ တကား။

ဤသို့ အဟောင်းများ ကြွေလျော့၍ အသစ်တို့ မွေးဖွားချိန်ဝယ် ဦးသာ ကျော်တို့ရွာတွင် တော်လှန်ရေးသည်လည်း ပေါက်ဖွားလာခဲ့သည်ဟုဆို၏။ တောတန်းနှင့်မဝေးသော ဤရွာပြင်လမ်းအနီးတွင် ဂျပန်ကိုတိုက်ရင်း ကျဆုံး သွားသော ရဲဘော်ရွာသားများ၏ သွေးကွက်များလည်း ရှိသည်ဟူ၍ ဦးသာ ကျော်က ဆိုပြန်သည်။

"သခင့်မိန်းမဘဝတုန်းက သူ့ယောကျ်ားနိုင်ငံရေးကို လွတ်လွတ်ကျွတ် ကျွတ် လုပ်နိုင်ဖို့အတွက် ခင်လေးဟာ ကျောင်းဆရာမလေး လုပ်ရတယ်။ အမေ့ရွာကိုတောင် ပြန်မလာနိုင်ဘူး။ ခုတော့ တော်လှန်ရေးအတွက် သူ့ယောကျ်ား ကို ကူညီဖို့ ရွာကို ခင်လေး ပြန်လာခဲ့ပါတယ်"

ဤနေရာတွင်လည်း ဦးသာကျော်သည် သူ၏ ပုံပြင်ကို ခပ်ဆန်းဆန်း ပြော၍ ပြပြန်၏။

ရွာအပြန် လမ်းဘေးရှိ လက်ပံပင်ကြီးအောက်မှာ ထမင်းတောင်းကို ရွက်ကာ ခင်လေးသည် သခင်ကျော်ဇေယျနှင့် သူတို့ရှိရာ တောအုပ်ငယ်အတွင်း သို့ လာရသည်ဟု ဆို၏။

"တစ်ခါတစ်ခါတော့လည်း တခြားရွာသူရွာသားတွေကို ပို့ခိုင်းတယ်"

လက်ပံပင်ကြီးအောက်တွင် ခင်လေးခြေရာများသည် ချောင်းဖြစ်လု အောင် ခေါက်တုံ့လူးလာခဲ့ပေသည်။ ရွက်ဝါကြွေများသည်လည်း နေရောင် ကြောင့် သွေ့ခြောက်ရသည့်အထဲတွင် ခင်လေး၏ ခြေထောက်အောက်တွင် ကြွေမွပျက်စီးလာရပြန်သည်။

"သခင်ကျော်ဇေယျကို ခင်လေး ဘယ်လို ကူညီခဲ့တယ်ဆိုတာ အမှန် အတိုင်းသိချင်ရင် အဲဒီ လက်ပံပင်ကြီးနဲ့ မြေကြီးကို မေးကြည့်ပါလား"

အလို... ကျွန်မသည် ဦးသာကျော်စကားကို အံ့သြရပြန်သည်။

"လက်ပံပင်ကြီးနှင့် မြေကြီးကို"

"ဟုတ်ပါတယ်။ လူဆိုတာတွေက အမှန်ကို ပြောခဲပါတယ်။ မြေကြီး

mgyoe.com

mgyoe.com


ကတော့ မလိမ်ပါဘူး။ သခ်ါရတွေနဲ့ ဖောက်ပြန်ပြောင်းလဲနေတဲ့အကြောင်းတွေကို အစဉ်စောင့်ကြည့်နေတာ မဟုတ်လား”

ကျွန်မသည် ဦးသာကျော်၏ မျက်လုံးများကို စိုက်၍ ကြည့်မိပြန်သည်။ သူ့မျက်လုံးများသည် ကောင်းမွန်စွာ တောက်ပနေ၍ သူ့စကားကို သံသယကင်းရှင်းစွာ ဆက်၍ နားထောင်နေလိုက်ပါသည်။

လူသားများ၏ ဖောက်ပြန်ပြောင်းလဲမှုကိုလည်းကောင်း၊ အဖြစ်မှန် စိတ်ရင်းကိုလည်းကောင်း မြေကြီးသာလျှင် အသိဆုံး ဆို၏။ ရွက်ဟောင်းများကို တပေါင်း၏လေပူသည် မောင်းနှင်ရှင်းပစ်သလို တော်လှန်ရေးသည် ဖက်ဆစ်၏ ဟောင်းနွမ်းဆိုးယုတ်မှုများကို အပြင်းအထန် တိုက်ထုတ်၍ ပစ်လေသည်။

ထိုသောအခါ ဖက်ဆစ်သွေးသည်လည်း မြေသို့ကျ၏။ တော်လှန်ရေးသမားများ၏ သွေးသည်လည်း မြေသို့ကျ၏။ သို့သော် ဘယ်သွေးစက်များသည် ဖက်ဆစ်၏သွေး၊ ဘယ်သွေးကွက်များသည် တော်လှန်သူတို့၏သွေး ဟူ၍ မြေကြီးသည်သာလျှင် ပို၍ သိသည်ဟု ဆိုပါသည်။

တော်လှန်သူတို့သည် ပြေးလွှားကာ တိုက်ခိုက်ရင်း သူတို့ခြေရာများသည်လည်း မြေပေါ်တွင် နစ်၍ နစ်၍ ကျန်ရစ်၏။ တစ်ခါတစ်ရံ ပမာဝလေဝချွတ်ယွင်း၍ မှတ်တမ်းတင်သူတို့က တော်လှန်သူအစစ် အချို့တို့အား မှတ်တမ်းတွင် မတင်ရစ်မိသော်လည်း မြေကြီးကမူ ဘယ်သူသည် တော်လှန်သူအစစ်ဆိုသည်ကို သိသည်ဟု ဆိုလေသည်။

တော်လှန်ရေးပြီး၍ အေးချမ်းသောအချိန်တွင် တော်လှန်းရေးတွင် ပါဝင်သူတို့အား အခွင့်အရေး ပေးခဲ့၏။ ဤအချိန်တွင်လည်း ရောင်တော်ပြန်တို့က “သူတို့ ဖက်ဆစ်ကို တော်လှန်ခဲ့ပါသည်” ဟု လက်သီးလက်မောင်းတန်းကာ အခွင့်အရေး ဆိုကြလေသည်။ ထိုအခါ မြေကြီးသည် ဟက်ဟက်ပက်ပက်ရယ်၏။ မြေသားသည် ပုထုဇဉ်မျှသာတည်း။

* * *

မိုးရာသီစ၍လာလျှင် လေသည် လေပူလေရမ်းများ မဟုတ်တော့ပေ။ တောင်ဘက်မှသာ တိုက်ခတ်၍ လာလေသည်။

အက်ကွဲ၍ မာကျောသော မြေတို့သည်လည်း စိုထိုင်း၍ ညိုလာ၏။ ရေတွင်လည်း မိုးစက်နှင့် မြေငွေ့တို့ ပါ၍လာလေသည်။

ပန်းပွင့်တို့သည်လည်း အိပ်ရာမှ နိုးကြကုန်၏။ သစ်ပင်အားလုံးသည်

mgyoe.com

mgyoe.com


မိုးစက်အောက်တွင် စိမ်းလန်းလာကြလေသည်။ တပေါင်း၏ ပူပြင်းခြင်းနှင့် ပြင်းထန်စွာပြောင်းလဲခြင်း၏ နောက်ပိုင်းတွင် မိုးဦးကဲ့သို့သိပ်သည်း၍ အေးချမ်းသောဥတု လာရသည်မှာ ဇမ္ဗူတာပေတည်း။

ဤသို့ မိုး၏အစတွင် ခင်လေးသည် ဒုတိယအကြိမ် သခင်ကျော်ဇေယျထံသို့ လိုက်ဖို့ ပြင်ရပြန်သည်။

ယခုတစ်ခါသွားရသည်မှာ ရန်ကုန်သို့ ရောက်မည်ဖြစ်၍ အမေ့ကို ခေါ်သော်လည်း အမေက မလိုက်ပေ။

မိုးဦးကျစဖြစ်၍ ရွာလမ်းသည် ဖုန်မထူတော့ပေ။ လှည်းဘီးသည် မြေအိအိပေါ်တွင် နစ်၍နစ်၍ သွား၏။ အမေသည် အိမ်ဝမှာပင် မျက်စိတစ်ဆုံး မျှော်၍ကြည့်၏။ လှည်းလမ်းကြောင်း နှစ်ခုသည် အမေ့ရှေ့မှ ရှည်၍ ရှည်၍ ထွက်သွားကြသည်။

ဦးသာကျော်တို့ လူစုကတော့ သခင်ကျော်ဇေယျတို့အား ရွာသားတို့ ကျဆုံးသော တောတန်းလေးနားအထိ လိုက်၍ ပို့၏။

ပထမတစ်ခါ ထွက်ခွာစက နှင်းဖုံးနေ၍ ရွာကိုမမြင်ရပေ။ ယခုတစ်ခါမူ မျက်ရည်ဖုံးနေ၍ ခင်လေးသည် ရွာကို မျှော်ကြည့်သော်လည်း မမြင်ရပေ။ တောတန်းမှာတော့ မိုးရေကြောင့် သစ်ရွက်များ စိမ်းလန်းလာကြ၏။

ချိုသော ပိတောက်တို့၏ ရနံ့တို့သည်လည်း တောတန်းတစ်လျှောက်တွင် လှိုင်နေပေသည်။ အားလုံးသော သဘာဝသည် မိုးတစ်ဖြိုက်ရွာအပြီးတွင် ပြန်လည် သစ်ဆန်းလာသလို ရွှင်လန်း၍ နေပေသည်။

"အားလုံးကတော့ သစ်နေသလိုပဲ။ ဒါပေမဲ့ လေက စိုထိုင်းထိုင်းကြီး အစ်ကိုရယ်" ဟု ခင်လေးက ပြောလိုက်သည်။

"အေးပေါ့။ ဘယ်အားလုံးတော့ ပြောင်းလဲမလဲကွယ်။ တစ်ခုခုတော့ စိုထိုင်းထိုင်း ဖြစ်နေဦးမှာပေါ့"

အားလုံးသော သစ်ပင်လေးများက ထိုးထိုးထောင်ထောင် လှုပ်လှုပ်ရှားရှားနှင့် သူ့ကို နှုတ်ဆက်၏။ မိချောင်းနွယ်ပန်းများကလည်း ဖွေး၍ နေပေသည်။ သူသည် လက်ကို ဇွေ့ယမ်းကာ ပန်းကလေးများကို နှုတ်ဆက်လိုက်လေသည်။ ယခုလို အသိုင်းအဝိုင်းများမှ ခွဲထွက်သွားရတော့လည်း ဝမ်းနည်းသလိုလို ဖြစ်လိုက်မိသည်။ မြင့်သောလက်ပံပင်ကြီးကို ဖြတ်ကျော်အသွားတွင်မူ သူသည် မော့၍ မကြည့်တော့ပေ။

* * *

mgyoe.com

mgyoe.com


ခင်လေး ထွက်ခွာသွားပြီးမှ သူ့ကိုယ်စား အမေထံသို့ စာများ လာခဲ့လေသည်။ ဦးသာကျော်က ခင်းလေထံမှ စာလာတိုင်း အမေ့ကို ဖတ်ပြရ၏။ စာများလာသည်မှာ တစ်စောင်နှင့်တစ်စောင် ဝေးကွာလွန်း၍ အမေသည် သူ့ကိုများ သမီးလေးက မေ့သွားပြီလားဟု ထင်သည်။

စာတစ်စောင်တွင်မူ သူ့ဘဝကို ခင်လေးက ဖော်ပြလိုက်၏။

အမေရယ်...

ဟိုတုန်းကတော့လည်း သူနိုင်ငံရေး လွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်အောင်လို့ ဆရာမလုပ်နေရတာနဲ့ မအားရဘူး။ အခုတော့ အမေ့သမီးဟာ သခင့်မိန်းမ မဟုတ်တော့ဘူး။ အစ်ကိုတစ်ယောက် ပါလီမန်အတွင်းဝန် ဖြစ်သွားပြီ။ ဒါပေမဲ့လည်း မီးဖိုချောင်ထဲက မထွက်ရလို့ အမေ့ဆီ စာမရေးနိုင်ဘူး အမေရယ်။

ဒီစာရေးနေတုန်းလေ အစ်ကို တင်းနစ်ရိုက်က ပြန်လာလို့ သမီး လိမ္မော်ရည် ဖျော်ပေးရဦးမယ်။ အစ်ကိုလေ အခု ကျန်းမာရေးအတွက် နေ့တိုင်းနေ့တိုင်း တင်းနစ်ရိုက်တယ်။

ပြောင်းလဲတာတွေကို အမေ့ကို ပြောရဦးမယ်။ အခု အစ်ကို တင်းနစ်သွားရိုက်တဲ့ အိမ်ဟာလေ မဂ္ဂီတို့အိမ် အမေရဲ့။ အစ်ကိုပြောတယ် မဂ္ဂီတို့ဟာ အစ်ကိုနဲ့ တစ်မြို့ထဲသူငယ်ချင်းတဲ့။ ဒါပေမဲ့ အစ်ကို သခင်ကျော်ဇေယျ ဘဝတုန်းကဆိုရင် လှည့်လို့တောင် မကြည့်ဘူးတဲ့။ အစ်ကိုတို့ဟာ လူရှုပ်တွေ၊ သခင်ဆင်းရဲတွေဆိုပြီး အစ်ကိုတို့ကို အဖက်မလုပ်ဘူးတဲ့။ အခုတော့ အစ်ကိုတို့ကို အားလုံး ခင်မင်ကြပါတယ်လေ။ ဒါကြောင့် သမီးလည်း ဝမ်းသာပါတယ် အမေရယ်။

ဦးသာကျော်သည် စာကို ခဏရပ်နား၍ အမေ့ကို လှည့်ကြည့်လိုက်၏။ အမေ့မျက်လုံးတွင် တစ်စုံတစ်ရာ နားမလည်သလိုဟန် ပေါက်နေသည်။

ဦးသာကျော်သည် စာဖတ်စဉ် အမေက “တင်းနစ်” နှင့် “မဂ္ဂီ” ဆိုသည်မှာ ဘယ်လိုအဓိပ္ပာယ်ရှိသည့်အကြောင်း ဦးသာကျော်ကို မေး၍ ကြည့်ရ၏။ စာကို ဆက်ဖတ်ပြန်သည်။

“နေ့လယ်ဆိုလည်း အမေရယ် ပေါင်မုန့် ထောပတ်သုတ်နဲ့ ကော်ဖီကို အစ်ကို့ဆီ ပို့ရတော့ နေ့ခင်းမှာလည်း မအားနိုင်ဘူး။ အမေ့ဆီကို လာလည်းလာချင်တယ်။ ငွေလည်း ပို့ချင်တယ်။ ဒါပေမဲ့ သခင်ကဖြစ်လာတဲ့ အတွင်းဝန်

mgyoe.com

mgyoe.com


ဆိုတော့ ကျွေးရ၊ မွေးရတာနဲ့ မနားရဘူး အမေ။ ငွေကလည်း ပိုလှတယ် မရှိဘူး"

အမေက စာဖတ်ရင်း ပြုံး၏။ သမီးသည် သူ့ကို ဒါလောက် သတိရလျှင်ပဲ ကျေနပ်ပါပြီ။

ဦးသာကျော်ကတော့ သခင်ကျော်ဇေယျ သူတို့ဆီ တစ်ခေါက်တလေ လာစေချင်သည့်အကြောင်း ပြော၍နေသည်။ သခင်ကျော်ဇေယျမလာသည်မှာ သွားကတည်းက ယခုအထိဆိုလျှင် ၄ နှစ်တိတိ ရှိသွားပေပြီ။ နောက်လများတွင် ခင်လေးထံမှ စာများ ခဏခဏ ရောက်သည်။

"အမေရယ် ခုတစ်လောတော့ အလုပ်အားတာနဲ့ စာခဏခဏ ရေးနိုင်တယ်။ အစ်ကိုက အိမ်မှာ သိပ်မရှိတော့ အလုပ်အားတာပေါ့အမေရဲ့။ သူ တင်းနစ် ပိုရိုက်တယ် ထင်ပါရဲ့။ ည ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှပဲ အိမ်ကို ပြန်လာတယ်"

အမေသည် ယခုတလော သမီးထံမှ စာ ခဏခဏ လာ၍ ပျော်၏။ သမီးလေးများ ကိုယ်တိုင်လာလျှင် ဘယ်လောက်များ ပျော်လိုက်မည်နည်း။ နောက်တစ်ခါ ရောက်လာသောစာကို အမေက ဘယ်လို အဓိပ္ပာယ် ကောက်ရမှန်း မသိပေ။ ဦးသာကျော်ကတော့ အသံတုန်နေသည်။ ခင်လေးက စာရေးတိုင်း အစချီပုံကိုက "အမေရယ်" ဟူ၍ တိုင်တည်သံလိုလို၊ အားကိုးသံလိုလို စ၍ စ၍ ရေးတတ်သည်။ ယခု စာကလည်း အမေ့ကို တိုင်တည်သံပေလား။

**အမေရယ်**

သမီး ရှိသေစွာ စာရေးလိုက်ပါတယ်။ တပေါင်းလဆန်းရင် အမေ့ဆီကို သမီး ပြန်လာခဲ့ပါမယ်။ အမေနဲ့ဦးသာကျော် ရွာပြင်လမ်းက လာပြီး ကြို နေပါ။

"ဟယ်... အမလေး သမီးလေး ပြန်လာမယ်"

အမေက ထိုစာပိုဒ်ကို ကြားရချိန်တွင် ပျော်လွန်း၍ အသားများ ဆတ် ဆတ် တုန်နေသည်။

သမီးလေ ဒီတစ်ခါ အမေနဲ့အတူ နေသွားတော့မယ်။ အမေ့ကိုရော၊ ယာတောကိုရော သမီး ဘယ်တော့မှ မခွဲဘူး။ သမီး ပြန်လာမယ့်အကြောင်း ကိုလည်း ဘယ်သူ့ကိုမှ မပြောပြနဲ့နော်။

ဦးသာကျော်ကမူ စာကို ခဏရပ်ထား၏။ ဤစာ၏ အဓိပ္ပာယ်မှာ ဘယ်လိုများ ဖြစ်ရပါလိမ့်။

mgyoe.com

mgyoe.com


အမေရယ် ဝမ်းမနည်းနဲ့နော်။ အပြောင်းအလဲဆိုတာ လောကရဲ့ဓမ္မတာဆိုတာ အမေသိပြီးသားပါပဲ။ ပြောင်းလဲတတ်တဲ့သဘောကို ထာဝရတရားအဖြစ် ယူဆထားတဲ့ သမီးစိတ်ကသာ မှားတာပါအမေ။

ဤနေရာတွင် အမေက ဦးသာကျော်လက်ကို ခဏဖမ်းကိုင်၍ ထားလိုက်ကာ "သူဘာကိုရေးနေတာလဲကွဲ့" ဟု မေးပြန်သည်။ ဦးသာကျော်သည် ခေါင်းကို ဖြည်းဖြည်းခါလိုက်ကာ ဆက်၍ ဖတ်ပြန်သည်။

အစ်ကိုလေ သိလား၊ အစ်ကိုရယ် မဂ္ဂနဲ့ မနက်ဖြန် လက်ထပ်ကြတော့မယ်။ သမီး ဒီမှာ ဘယ်လိုနေလို့ ဖြစ်မလဲ။ သမီးမှာ အပြစ်တွေ အများကြီးရှိတယ်လို့ အစ်ကိုက ပြောတယ်။ ဘယ်လို အပြစ်တွေရှိသလဲလို့ သမီး သိချင်လိုက်တာ။ အစ်ကိုကို့ မမေးရဲလို့ မမေးတော့ဘူးအမေ။ ကိုယ့်အပြစ် ကိုယ်မသိတာကိုက သမီးရဲ့အပြစ်ပဲ ထင်ပါရဲ့။ အဲဒီ မဂ္ဂဆိုတာလေ အမေ မှတ်မိမှာပေါ့။ တစ်ခါက အစ်ကိုပြောတဲ့ "တို့များ သခင်ဘဝတုန်းဆိုရင် တို့ကိုလှည့်မကြည့်ဘူး။ သခင်စုတ် သခင်ဆင်းရဲတွေဆိုပြီး နှာခေါင်းရှုံ့တယ်" ဆိုတဲ့ မိန်းမပေါ့အမေ။

သမီး ပြန်လာခဲ့မယ် ဆက်ဆက်ကြိုပါ။

**ကျန်းမာချမ်းသာပါစေ။**

**သမီးခင်လေး**

ဦးသာကျော်က စာရွက်ကိုကိုင်ကာ ငိုင်နေသည်။ အမေကတော့ ပြုံး၍ နေ၏။

"သမီးပြန်လာတာဟာ မှန်တာပေါ့ မောင်သာကျော်" ဟု ဆို၏။

"မဟုတ်ပါဘူး အမေရယ် တစ်ခုခုတော့တစ်ခုခုပဲ။ သူတို့ အဟောင်းကို အားလုံးများ စွန့်ပစ်ကြပြီလား။ တကယ်ဆို ခင်လေးဟာ သခင်ဘဝတုန်းက ဒုက္ခအတူခံပြီး လုပ်ကျွေးခဲ့တာတွေ၊ တော်လှန်ရေးတုန်းက ကူညီခဲ့တာတွေကိုတော့ ထောက်ဖို့ကောင်းပါသေးတယ်။ သူတို့ဟာ လုပ်ဖော်ကိုင်ဖက်တွေကို မေ့ရက်လိုက်တာ"

"အို... ဒါတွေ ဘာမှ မပြောပါနဲ့ကွယ်။ သမီးလေးမှာ အပြစ်ရှိတယ်တဲ့။ ဒီအပြစ်ကို ကျေးဇူးတင်လိုက်တာ သမီးလေးပြန်လာတော့မယ်။ ယောကျ်ားဆိုတာ သူတို့ မြတ်နိုးလာရင် အပြစ်တောင်လိုပုံနေပေမယ့် မမြင်ဘူးကွဲ့။ မုန်းလာပြီဆိုရင် မြူမှုန်လောက်ကို မြင်းမိုရ်တောင်လို အကျယ်ချဲ့တာပဲ။ ဘုရားမလို့ သမီးလေး ချောချောမောမော ပြန်ရောက်ပါစေ"

mgyoe.com

mgyoe.com


အမေသည် လက်နှစ်ဖက် ယှက်ကာ ဘုရားကိုလည်း တ၏။ ပါးစပ်မှလည်း ပြုံးသည်။ မျက်ရည်များလည်း လည်၍နေသည်။

* * *

ခင်လေး ပြန်ရောက်မည့် ညနေစောင်းတွင် အမေနှင့် ဦးသာကျော်လည်း ရွာအပြင်လမ်းတွင် စောင့်၍နေသည်။ ဘယ်တုန်းကမျှ ရွာပြင်လမ်းသို့ မထွက်သော အမေသည် ယခုတစ်ခါ ပထမဆုံး ရောက်လာခြင်း ဖြစ်၏။

တောတန်း တစ်ထောင့်မှ လှည်းရိပ်မည်းမည်း ထွက်လာလျှင် အမေ့ရင်များသည် တဆတ်ဆတ်ခုန်၍ လာသည်။ ဤလမ်းမှပင် သမီးလေး ထွက်သွား၍ ဤလမ်းမှပင် ပြန်လာခဲ့သည်။ နေရောင်သည် အပူချိန်လျော့၍ ရွှေရောင်ဖျော့ဖျော့လေးသာ တောတန်းသစ်ပင်ထိပ်များပေါ်တွင် တင်နေရစ်သည်။ ချုံတန်းများ၏ အောက်ခြေတွင်တော့ မြူများ ဆိုင်းစပြုလာသည်။

"ဒီနေရာမှာပေါ့အမေ၊ ရွာသွားသုံးယောက်ကျတာ" ဟု ဦးသာကျော်က ပြော၏။ သူညွှန်ပြသော လက်ပံပင်ကြီးအောက်တွင်တော့ သွေးစက်များ မရှိတော့ပေ။ လှည်းသည် သူတို့အနား ရောက်လာ၍ လက်ပံပင်အောက်တွင် ရပ်လိုက်၏။

ခင်လေးသည် လှည်းနောက်မြီးမှ ခုန်ဆင်း၍ အမေ့ဆီကို ဖြည်းဖြည်းလျှောက်လာသည်။ အမေ့လက်များကို သူက တင်းတင်းကျပ်ကျပ် ဆုပ်ထားသည်။ အမေသည် စကားတစ်လုံးမျှ မပြောနိုင်ပေ။

"သမီး ပြန်လာပြီ အမေ"

တစ်ခါမျှ မတွေ့ဖူးသည့် လူတစ်ယောက်ကို ကြည့်သလို အမေသည် ခင်လေး၏ပခုံးကို ကိုင်၍ မျက်နှာကို စေ့စေ့ကြည့်၏။

"နောက်တစ်ခါ ပြန်မသွားနဲ့နော်သမီး"

ခင်လေးသည် ခေါင်းကို ဖြည်းဖြည်းညိတ်လိုက်၏။ သူ့မျက်လုံးမှ မျက်ရည်များသည် မြေပေါ်သို့ ခုန်၍ ကျသွားသည်။ ဤမြေကွက်မှာ ရွာသားတို့ ကျဆုံးစဉ်က သွေးစွန်းခဲ့သောနေရာ ဖြစ်သည်။

ရွာသို့ အဝင်လမ်းအတိုင်းလျှောက်၍ လာကြသည်။

ဤမျက်ရည်စက်များ ကျသောနေရာတွင် ယခု ခံပန်း ပင်ချုံတို့သည် အစုလိုက် ပေါက်နေသည်ဟု ဆို၏။

သို့သော် ထိုခံပွင့်များသည် ခင်လေး၏အသည်းနှလုံးကို ကိုယ်စားပြု

mgyoe.com

mgyoe.com


လေသလော၊ ကျဆုံးသွားရရှာသော ရဲဘော်တို့၏ သွေးစက်ကိုပင် ကိုယ်စားပြု လေသလောဆိုသည်ကို ဦးသာကျော်က ဖွင့်ဟ၍ ပြောမသွားပေ။

(၁၉၅၅၊ မတ်လ။)

(ဤဝတ္ထုတွင်ပါရှိသော သခင်ကျော်ဇေယျမှာ သခင်ကျော်ဇေယျနှင့် လုံးဝ မပတ်သက်ပါ။)

□

mgyoe.com

mgyoe.com

# မမြင်နိုင်သောအရာ

ခရီးထွက်ခြင်းအားဖြင့် မမြင်နိုင်သောအရာတစ်ခုကို ကျွန်မ တွေ့ရှိခဲ့ပြန်လေသည်။

လွန်ခဲ့သောနှစ် ဧပြီလတွင် ကျွန်မသည် ချင်းတွင်းမြစ်ကို စုန်ဆင်း၍ လာခဲ့သည်။ ချင်းတွင်းသည် ကွေ့ကောက်၏။ ရေစီးသန်၏။ ကမ်းပါးသည် စောက်၏။ သို့သော် မြင်ကွင်းများသည် လှပလေသည်။

ချောက်ကမ်းပါးအထက်တွင် စိတ်ကူးကောင်းသူသည် ဘုရားဖြူဖြူကို တည်ရစ်ခဲ့၏။ မြစ်ကိုကွေ့၍ သင်္ဘောက ရွေ့သွားတိုင်း ဘုရားစေတီဖြူဖြူသည် ချောက်ကမ်းယံထက်တွင် လည်၍ ကျန်ရစ်ခဲ့သည်။

တစ်ခါတစ်ရံတွင်လည်း ကမ်းပါးတို့သည် ပြေပြေလျော့၍ သဲသောင်ပြင်သည် မြစ်လယ်သို့ ထိတွေ့လာသည်။ သောင်ပြင်သည် အရောင်လက်လက်ထ၍ လေကလည်း ပူပြင်းလှသည်။ ရေပေါ်တွင် ခရီးသွားလာနေရသော်လည်း အတွေ့သည် သဲကန္တာရနှင့် တူပေသည်။ သို့သော် ကမ်းပါးရှိ အလှအပများသည် ပျင်းရိသွေ့ခြောက်သော ဤလမ်းခရီးကို စိုပြည်သာယာစေပေသည်။

သင်္ဘောခန်းထဲတွင် အိပ်စက်နားနေရခြင်းသည်လည်း နားရာမရောက်ပေ။ ချွေးပြိုက်ပြိုက်ကျ၍ မောဟိုက်လွန်းသောကြောင့် အပြင်သို့ အမြဲ ထွက်နေရ၏။

မော်လိုက်တွင် သင်္ဘော ရပ်နားလိုက်၏။ ကျွန်မနှင့် ဘေးတိုက်အခန်းတွင် ခရီးသည်တစ်ဦး တက်၍ လာပြန်သည်။ ခရီးသည်သည် အဘိုးအိုလူကုံထံတစ်ယောက်ဖြစ်၍ ကျွန်မလို ငယ်ရွယ်သူနှင့် စကားမှ ဆိုနိုင်ပါမည်လားဟူ၍ ကျွန်မက တွေးတောပူပင်မိလေသည်။ သူသည် အသက် ၆၀ နီး

mgyoe.com


ပါးခန့် ရှိပုံရသော်လည်း အသားအရေမှာ စိုပြည်လတ်ဆတ်၍ ဗိုက်အနည်းငယ် ရွဲရွဲဝ၍ နေလေသည်။

မျက်နှာသည် အိုကြောင်းများ ရက်သမ်း၍ နေသော်လည်း ပြည့်တင်း၍ နေပေသည်။ သူ့နှုတ်ခမ်းများသည် ဖော့ရွှေဟန်ပေမဲ့ မျက်လုံးများကမူ အရောင်မွဲ မှုန်လွန်းသည်ဟု ထင်ပေသည်။ သို့သော် တစ်ညတွင်မူ သူ့မျက်လုံးများသည် ကောင်းမွန်စွာ မြင်ရသေးကြောင်းကို သူက စတင်၍ စကားပြောလာသည်။

ကျွန်မနှင့် အဘတို့ စကားပြောနေချိန်တွင် မြစ်သည် လှပစွာခွေရစ်၍ နေပုံရလေသည်။ နေရောင်သည် ဖျော့သွား၍ သူ၏ နုပျော့သော ပဝါနုနှင့် ရေပြင်ကို လွှမ်းခြုံ၍ ထားလေသည်။ လှိုင်းလေတို့သည်လည်း နေခြည်မျှင်ဖြင့် ရက်လုပ်သော ပဝါပါးကို ထိနမ်းကြ၏။ အေးစပြုလာသော လေများကလည်း လှိုင်းလေတို့ဖြင့် တို့ထိ ကစားကြသည်။ ကမ်းပါးကြီးများသည်လည်း တစ်ခါ တစ်ရံ အစိမ်းရောင် သမ်းလာ၍ ထန်းပင်အုပ်တို့နှင့် တောတန်းတို့ကို မြင်၍ လာရလေသည်။

တဖြည်းဖြည်းနှင့် သွေ့ခြောက်လွန်းသော အပူပိုင်းကို ကျော်လွန်လာ ဟန်ရှိလေသည်။

သင်္ဘောသည် မြစ်အကွေ့တစ်ခုကို ကျော်လိုက်လျှင် ချောက်ကမ်းပါး တစ်ခုကို ဘွားခနဲ မြင်ရပါသည်။

ကမ်းပါးထိပ်တွင် တစ်ဆူတည်းသောစေတီသည် ကျလုဆဲဆဲ နေရောင် အောက်တွင် သပ္ပာယ်စွာ တည်ရှိ၍ နေပေသည်။ သင်္ဘောပေါ်မှ ကြည့်လိုက် လျှင် စေတီအဖြူနောက်ခံသည် ပြာသောကောင်းကင်ဖြစ်၍ စေတီ၏ရှုခင်းမှာ သာလွန်ပြတ်သား တင့်တယ်လှပေသည်။

"များသောအားဖြင့်ဆိုရင် အဘ–အညာမြစ်ရိုးတစ်လျှောက် ကမ်းပါး ထိပ်တွေမှာ ဘုရားတည်ထားကြတယ်နော်။ တည်သူတွေရဲ့ စိတ်ကူးတော့မသိ ဘူး။ ခရီးသွားသူတွေအဖို့တော့ အတော်ကြည်နူးစရာ ကောင်းတယ်နော်"

အဘသည် မျက်ခုံးရှုံ့၍ စေတီကျန်ရှိရစ်သော သင်္ဘောနောက်ဘက် ကုန်းဆီသို့ မျှော်၍ ကြည့်လိုက်ပြန်သည်။

"အေးပါကွယ်၊ စိတ်ကူးလေးတွေပေါ့။ စိတ်ကူးလေးတွေက သိပ်မဆိုး ပါဘူး များသောအားဖြင့် စေတီတွေရဲ့ဘွဲ့ဟာ လွှမ်းစေတီတို့၊ ဆင်ဖြူရှင်တို့ များတာပဲ"

mgyoe.com

mgyoe.com


"လွမ်းစေတီလို့ ဘွဲ့ပေးတာဟာ လွမ်းတဲ့အထိမ်းအမှတ်ပေါ့နော်။ ဆင်ဖြူရှင်ကတော့ ဘုန်းတန်ခိုးရဲ့ အထိမ်းအမှတ်ထင်တယ် အဘ"

ကျွန်မသည် တကယ်ပင် အမျိုးတော်နေသောအဘလို သူ့အား ရင်းရင်းနှီးနှီး မေးလိုက်၏။ အဘသည် ပက်လက်ကုလားထိုင်တွင် မှီ၍ ထိုင်ရင်း ဆေးတံကို ခဲနေပြန်သည်။

"ဟုတ်သလိမ့်မပေါ့ မိန်းကလေးရဲ့။ တို့များမြန်မာဆိုတာ သူတို့ရဲ့စိတ်မှာ ဖြစ်ပေါ်ရာကို အထိမ်းအမှတ် တစ်ခုခုလုပ်လုပ်ထားတတ်ကြတာပဲ။ ဘုန်းတော်ကြောင့်ပဲဖြစ်ဖြစ်၊ လွမ်းလို့ပဲဖြစ်ဖြစ်ပေါ့ကွယ်။ ဒီလို အထိမ်းအမှတ် လုပ်လို့ ရတာဟာ တော်တာပေါ့။ တချို့ကိစ္စတွေကြတော့ ဘာနဲ့မှလည်း ကိုယ်စားရည်ပြီး အထိမ်းအမှတ် လုပ်လို့မရဘူး"

"ဘယ်လိုအဘရဲ့၊ အဘ စကားနယ်ကောင်းလိုက်တာနော်"

ကျွန်မသည် စာရေးသူပီပီ အဘ စကားလုံးများ ရွေးပုံကို နှစ်ခြိုက်သဘောကျ၍ သွား၏။

"တချို့အရာတွေဟာ ဘာနဲ့မှ ကိုယ်စားရည်မရဘူး"

ကျွန်မသည် ထပ်၍ရွတ်ဆိုပေမယ့် အဘစကားလုံးများနှင့် ထပ်တူကျ၍ မသွားပေ။

"အဘ တွေးလာတာလည်းကြာပြီ။ အဘ အခု အသက် ၆၀ နီးနေပြီ။ အဲဒါကိုများ တစ်ခုခုအမှတ်တရ အထိမ်းအမှတ်ပေါ့လေ ပုံဖော်နိုင်လေမလားလို့ စဉ်းစားခဲ့တာပဲ။ အေး ဆံပင်တွေသာ တစ်ချောင်းပြီး တစ်ချောင်း ဖြူလာတယ် အဲဒါကို တွေးလို့မရဘူး"

"အဲဒါဆိုတာ ဘာလဲ အဘ"

အဘသည် ကျွန်မကို လှမ်း၍ ကြည့်လိုက်၏။ သူ့မျက်လုံးများသည် ကျွန်မကိုမမြင် အတိတ်တစ်ခုကို ကျက်စားနေဟန်ရှိပေသည်။

"အဲဒါ" အကြောင်းကို အဘ ပြောပြသောအချိန်တွင် ကျွန်မသည် ဝတ္ထုအဖြစ် အဘစကားလုံးများကို ပြောင်း၍ ပြောင်း၍ ပစ်လိုက်၏။

ထိုအချိန်တွင် နေလုံးသည် ကွယ်ပျောက်၍ အနောက်မိုးကုတ်စက်ဝိုင်းတွင် အလင်းရောင်သာ ရေးရေးမျှ ကျန်ရစ်ခဲ့ပေသည်။

* * *

"သခင်မကို သူ့တို့ တွေ့ချင်လို့ပါ"

မမယ်ရာသည် ဦးခေါင်းကိုညိတ်ပြီး အခန်းဝမှ နေ၍ ပြောလေသည်။

mgyoe.com

mgyoe.com


သခင်မသည် သူ၏ကော့ဝန်းသော မျက်တောင်များကိုသ၍ နေဆဲပင် ဖြစ်၏။

"မယ်ရာ"

"ဘုရား"

သခင်မက ခေါ်တိုင်း မမယ်ရာသည် ဘုရား ထူးရသည်။ မမယ်ရာသည် သခင်မထက် အသက်လည်း ငယ်ပေသည်။ ရုပ်လည်း ဆိုးပေသည်။ ဂုဏ်က လည်း မဲ့ပေသည်။

"မယ်ရာ သူတို့အားလုံး ဘယ်နှစ်ယောက်လဲ"

"ငါးယောက်ပါ ဘုရား"

သခင်မသည် မျက်နှာတင်းတင်းနှင့် မှန်ကိုကြည့်ကာ လက်ထဲမှ သွားပွတ်တံကို ပစ်ချလိုက်၏။

"သူတို့အားလုံး ကတော်တွေပဲ မို့လား"

"လေးယောက်ကသာ ကတော်ပါ။ တစ်ယောက်ကတော့ မြေပိုင်ရှင် ဦးလူဖေသမီးလို့ ထင်ပါတယ်ဘုရား"

"အေးပေါ့၊ ဦးလူဖေသမီးက ဖေဖေကြီးဆီ လယ်တွေ ပေါင်ထားတာ အတိုးလျှော့ဖို့ လာပြောမယ်။ ဟိုကတော်တွေက သူတို့လင်တွေ ရာထူးတက်ဖို့ တိုင်းမင်းကြီးဆီမှာ ပြောခိုင်းမလို့ပါ။ ထို့ အားလုံး... အားလုံး တစ်ယောက်မှ ကောင်းတဲ့ ကောင်မတွေ မဟုတ်ဘူး"

သခင်မသည် အခန်းထဲမှ ခပ်ဆောင့်ဆောင့် ထွက်သွားသောအခါတွင် မယ်ရာသည် သက်ပြင်းချ၍ ငေးနေမိ၏။ သခင်မ ခြေချသွားသော နေရာတို့ တွင် အကယ်၍သာ ကြာပန်းများ ချထားပါက မီးထ၍ တောက်မတတ် သခင်မ၏ခြေနင်းပုံသည် ပြင်းထန်လှပေသည်။

* * *

"သခင်မလေးအတွက် လက်ဆောင်ကို ကုန်သည်ကြီး ဦးအောင်ဇံက ပို့လိုက်ပါတယ်"

သခင်မသည် ကြက်တူးရွေးကို အစာကျွေးရာမှ မယ်ရာကို လှမ်းကြည့် လိုက်၏။ မယ်ရာ၏လက်တွင် ပိုးနှင့်ကတ္တီပါစတို့မှာ အိနွဲ့ပျော့ကျ၍ အရောင် ကလည်း တဖိတ်ဖိတ်တောက်ပ၍ နေပေသည်။ သခင်မသည် လက်ဆောင်များ ကိုမြင်လျှင် မျက်လုံးမှာ တစ်လက်လက် တောက်ပလာကာ မယ်ရာရှိရာသို့

mgyoe.com

mgyoe.com


လျှောက်၍လာ၏။ ပိုးစများကို ကိုင်တွယ်ကြည့်ရင်း အားမရသလို မယူလိုက်၏။

"ဦးအောင်ဇံက ပို့လိုက်တာ"

"မှန်ပါ၊ အခု သူ အောက်ဧည့်ခန်းမှာ ရှိပါတယ်။ သခင်မကို သူ့သမီးရဲ့ လက်ထပ်ပွဲကို ဖိတ်ချင်လို့တဲ့။ ဖေဖေကြီးကိုလည်း ဆုံးမစကားပြောဖို့ ဖိတ်လိုက်ပါတယ်"

သခင်မသည် ပိုးစများကို ခပ်လှမ်းလှမ်းရှိ ခုတင်ပေါ် ပစ်တင်လိုက်ရင်း ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"ငါ့အဖေလို ချမ်းသာတာ ဒီမြို့ မပြောနဲ့ မြန်မာတစ်ပြည်လုံးတောင် ရှိမှာ မဟုတ်ဘူး။ အဖေ့မှာ ရွှေတွေအများကြီး၊ ငွေတွေကလည်း သောက်သောက်လဲ၊ မြေကြီးတွေကလည်း ပြည့်လို့ ဒီတော့ ဘယ်အရာရှိဖြစ်ဖြစ် အဖေ့ကို ဦးညွှတ်ရတယ်။ ဖေဖေကြီးရဲ့ ဂုဏ်တွေပစ္စည်းတွေကြောင့် တစ်မြို့လုံးက ငါ့ကို ဦးညွှတ်တာ။ လူတွေကလည်း ဒီငွေတွေ၊ ဂုဏ်တွေကြောင့် ငါ့ကို ပေါင်းတာ မယ်ရာရဲ့ သိလား"

"လူတိုင်း ဟုတ်မယ်မထင်ပါဘူး ဘုရား"

မယ်ရာသည် ခေါင်းကို ငုံ့၍ ပြော၏။ သခင်မသည် သူ့အဖြေကို နှစ်သက်ဟန် မတူပေ။

သူသည် ကိုယ်ကိုရှိ့၍ အခန်းပြင်သို့ ထွက်သွားတော့သည်။

သခင်မ၏မွေးနေ့ပွဲ ကျင်းပမည့်ရက်မှာ နီးကပ်၍လာလေသည်။ ဖခင်ဖြစ်သူမှာ သူဌေးတစ်ယောက်ဖြစ်၍ သခင်မထံသို့ ပို့သော လက်ဆောင်များမှာ မွေးနေ့ပွဲမတိုင်ခင်ပင် သီးသန့်အခန်းတစ်ခုဖြင့် ပြည့်လုလုဖြစ်၍ လာလေသည်။ သူဌေးကြီးတို့နေရာသည် အညာဒေသရှိ အရေးပိုင်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်သဖြင့် ဧည့်သည်အသိအကျွမ်း အဝင်အထွက်မှာလည်း များသည်ထက်များ၍ လာလေသည်။

မယ်ရာသည် သူနှင့်သက်ဆိုင်ရာ အလုပ်များကို မအားမလပ်အောင် လုပ်နေရ၍ သခင်မ၏လက်ဆောင်များကိုပင် မကြည့်အားပေ။ သူဌေးကြီးသည် မိတဆိုးသမီးမို့ စိတ်ကျေနပ်သလိုလုပ်ရန် အလိုလိုက်၍ထားပေသည်။

မွေးနေ့မတိုင်မီ တစ်ရက်တွင်မူ သခင်မအခန်းထဲမှ မိန်းမကြီးတစ်ယောက်သည် မျက်နှာညှိုးငယ်စွာနှင့် ထွက်၍ လာလေသည်။ မမယ်ရာသည် လှေကားဝမှ ထိုမိန်းမအား လှမ်း၍ မြင်လိုက်လေသည်။

mgyoe.com

mgyoe.com


"မင်းကတော် ပြန်တော့မလို့လား။ ညအထိနေပါဦး။ သခင်မငလေး မွေးနေ့ပွဲကို ကြိုတင်လာရောက်ကူညီတဲ့ လူတွေကို ညကျရင် ကြာဆံနဲ့ ဘဲသားဟင်းချိုတိုက်ဖို့ ဖေဖေကြီးက ပြောထားပါတယ်"

အဒေါ်ကြီးသည် မမယ်ရာကို ငေးကြည့်ရင်း မျက်နှာမှာ အိုရှ လာသည်။

"ညအထိလည်း မနေပါရစေနဲ့။ ဘယ်တော့မှလည်း ဒီအိမ်ကို မလာ တော့ဘူး"

"အလို ဘာဖြစ်လို့လဲ"

မမယ်ရာသည် ထိတ်ထိတ်ပျာပျာနှင့် မင်းကတော်နားသို့ ကပ်သွား လေသည်။

"ဘာဖြစ်ရမလဲ။ ညည်းတို့သခင်မက ကျုပ်ကို ထဘီ ချုပ်ခိုင်းတယ်။ ဖိနပ်တိုက်ခိုင်းတယ်။ ကျုပ်ဟာ အသက် ၅၀ နားနီးလာပြီ။ ညည်းသခင်မနဲ့ အသက် နှစ်ဆယ်လောက် ကွာတယ်။ ကူညီချင်လို့ စေတနာနဲ့လာပေမဲ့ ဒီအလုပ်မျိုးတော့ လုပ်ခိုင်းဖို့ မသင့်ပါဘူး။ ဒါပေမဲ့ ကျုပ်လုပ်ပေးခဲ့ပါတယ်။ ပေးခဲ့ပါတယ်"

ခပ်ကျယ်ကျယ်အော်ပြော၍ မိန်းမကြီးသည် လှေကားမှဆင်း၍ သွား လေသည်။ မမယ်ရာသည် တောင်းပန် တိုးလျှိုးဖို့သော်လည်းကောင်း၊ တစ်စုံ တစ်ခု ပြောဖို့ကိုသော်လည်းကောင်း သတိမရနိုင်ဘဲ ကြက်သေသေ၍ နေလေ သည်။

သူသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်ရင်း သူ့သခင်မအခန်း သို့ လျှောက်၍ လာလေသည်။

အခန်းထဲတွင် မြို့ပေါ်ရှိ မျက်နှာဖုံးများ၊ အရာရှိသမီး၊ ဇနီးတို့သည် သခင်မလေး ဝေယျာဝစ္စများကို လုပ်လျက်ရှိ၏။ တချို့ကမူ မွေးနေ့တွင်ဝတ်ရန် ချုပ်ပြီးစအဝတ်မှ ကျန်ရှိနေသော အပ်ချည်စများကို ကိုက်ဖြတ်လျက်ရှိ၏။ တချို့က ပန်းခိုင်များကို ခိုင်၍နေကြသည်။ မိန်းမဖော် သုံးလေးဦးမှာမူ သခင်မ အနားတွင် ဝိုင်းဖွဲ့ကာ သခင်မလေး ပျော်ရွှင်အောင် ရယ်မောစရာစကားများ ကို ပြော၍ နေကြသည်။

မမယ်ရာသည် တစ်ခုပြီးတစ်ခု လိုက်၍ ကြည့်လိုက်၏။ ရေချိုးခန်းဝ တွင် သမင်မွေးရောင်ကတ္တီပါ ပိန်းတန်းဖိနပ်တစ်ရံကို တောက်တောက်ပပ တွေ့ရ၏။

mgyoe.com

mgyoe.com


"မယ်ရာ အဲဒီ ဖိနပ် သိမ်းလိုက်စမ်း၊ ဟို အအိုကောင်မကြီးက တိုက်ပြီး မသိမ်းခဲ့ဘူး"

မယ်ရာသည် ကြက်သီးများ ဖြန်းဖြန်းထ၍ သွားလေသည်။

* * *

ထိုနေ့ညသည် သခင်မ၏ မွေးနေ့အထိမ်းအမှတ်ပွဲ ကျင်းပပြီးသွားသော ည ဖြစ်လေသည်။ သခင်မလေးသည်လည်း တစ်နေ့လုံး ဧည့်ခံခဲ့ရ၍ နွမ်းလျလွန်းသောကြောင့် အိပ်ခန်းတွင် အနားယူနေချိန် ဖြစ်ပေတည်း။

မမယ်ရာ သခင်မအနားသို့ ဖြည်းညှင်းစွာ ဝင်၍လာ၏။

"မယ်ရာ အားလုံး သိမ်းဆည်းပြီးပလား"

"မှန်ပါ၊ ပြီးပါပြီ"

"ငါ့ခြေသလုံးကို လာနှိပ်စမ်း"

မမယ်ရာသည် အိပ်ရာဘေးတွင်ထိုင်၍ ခြေသလုံးကို ဆုပ်နယ်နေလေသည်။

"ဒါနဲ့ ဟို အအိုမကြီးကို ဧည့်ခံပွဲမှာ ငါမတွေ့ပါဘူး"

"မင်းကတော် ဒေါ်ငွေတင်လား"

"အေး ဟုတ်တယ်"

"ကျွန်မ စိတ်ထင်တော့ ဒေါ်ငွေတင်ဟာ စိတ်မကောင်းဖြစ်သွားရှာတယ်ထင်တယ်။ ဟိုတစ်နေ့က လူငယ်တွေ၊ ကတော်လေးတွေရှေ့မှာ သူ့ကို မမက ဖိနပ်တိုက်ခိုင်းတာ နည်းနည်း အရုပ်ဆိုးသွားတယ်ထင်တယ်"

"ဟား... ဟား... ဟား... ဟား မိမယ်ရာရယ်၊ နင်က လူပါးဝလိုက်တာ။ သူတို့က ငါရဲ့ဂုဏ်တွေ၊ ပိုက်ဆံတွေကြောင့် ငါ့ဆီလာတာ။ ငါခိုင်းချင်တာခိုင်းမယ်၊ သူတို့ကလည်း ဆန်ပေးလို့ ဆေးရတာပါဟယ်။ သူတို့ကိစ္စတွေကျ ငါအားလုံး လုပ်ပေးရတယ် မဟုတ်လား"

"လူတိုင်းတော့ မဟုတ်ဘူးသခင်မ"

"ဘာ"

သခင်မသည် ငေါက်၍ မေးလိုက်၏။

"လူတိုင်းတော့ မဟုတ်ပါဘူး သခင်မ"

"ဒီစကားလုံးကို ငါ့ရှေ့မှာ ထပ်ကာထပ်ကာ မပြောနဲ့"

"ဒီလိုပါ သခင်မ၊ တချို့ကလည်း သခင်မရဲ့ ကွယ်လွန်သွားတဲ့အမေနဲ့

mgyoe.com

mgyoe.com


ခင်မင်ရင်းနှီးစွဲ စေတနာရှိကြလို့ ဝိုင်းဝန်းကူညီကြတာ။ သခင်မလေးကို ချစ်ကြတာပါ။ အခါခပ်သိမ်း ငါ့ကို ခင်မင်ကြ၊ ပြုစုကြတာဟာ ငါ့ဂုဏ်၊ ငါ့ပိုက်ဆံကြောင့်လို့ ထင်ရင်မှားလိမ့်မယ်"

"အောင်မယ် မယ်ရာ။ ငါ့ကို ဆရာလာမလုပ်နဲ့"

"သခင်မအပေါ် စေတနာရှိလို့ ပြောတာပါ။ တကယ်ပဲ ဂုဏ်ပကာသနကြောင့် လာမြှောက်စားတဲ့လူတွေကို သခင်မလေးက ချိုးမယ်၊ ဒီစိတ်အတိုင်းထားမယ်ဆိုရင် အရေးမကြီးပါဘူး။ စေတနာကြောင့် လာရောက်ကူညီသူတွေကို သခင်မလေးက နှိပ်နှိပ်ချိုးချိုး ယခုလို လုပ်မယ်ဆိုရင် စိတ်နာစရာဖြစ်ပြီး ဘယ်သူမှ လာမှာမဟုတ်ပါဘူး"

"အို ဘယ်သူလာလာ၊ မလာလာ ဂုဏ်နဲ့ပိုက်ဆံအောက်က ဘယ်သူမှ မပြေးပါဘူး မယ်ရာ၊ ဒီမိန်းမကြီး ဖိနပ်တိုက်ခိုင်းတာ ညည်းက တစ်လင်ထဲ မယားမို့လို့ နာသလား။ သွားစမ်း ဒီည ငါ စိတ်ချမ်းချမ်းသာသာ အိပ်ချင်တယ်"

သခင်မသည် ခြေထောက်ကိုဆန့်၍ ကန်လိုက်သောကြောင့် မမယ်ရာမှာ အနားမှထ၍ သွားရလေသည်။

* * *

"လောကမှာ ဂုဏ်နဲ့ငွေရှိလာရင် အာဏာဟာ အလိုလိုသက်ရောက်လာတာပဲ။ ဒီကောင်မတွေ ငါ့အဖေကို မပြုစုချင်နေ၊ ငွေနဲ့ဆရာမနှစ်ယောက်ငှားလိုက်ရင် ဒူးနံ့ပြီးတောင် နေရသေးတယ်"

သခင်မသည် မျက်ထောင့်နီနီနှင့် ကြုံးဝါး၍ နေလေသည်။ သခင်မပြောသည်မှာ မှန်ပေသည်။ ညနေတွင် ဆရာမတစ်ယောက် ည၌အိပ်စောင့်ရန် ဆရာဝန်က လာ၍ ပို့လေသည်။

မိုးသည် တဖြောက်ဖြောက်ရွာနေ၍ သူဌေးကြီး အိမ်ခန်းမှာ ပိုမို တိတ်ဆိတ်သလိုဖြစ်၍ နေပေသည်။ သူဌေးကြီးကလည်း အိပ်ရာထက်တွင် လဲ့ကာ အသက်ကိုပင် ဖြည်းညှင်းစွာ ရှူရှိုက်၍ နေရလေသည်။ အနားတွင်မူ ပိုက်ဆံနှင့် ငှားထားရသော ဆရာမတစ်ယောက်တည်းသာ ရှိလေသည်။

"အမှန်တော့ သခင်မလို အိမ်မျိုးမှာဆိုရင် နာရေး၊ ဖျားတာအတွက် အခုလို ပြုစုမယ့်လူတွေမရှိဘဲ သွေ့ခြောက်ခြောက်ကြီး ဖြစ်နေတာဟာ ဝမ်းနည်းစရာပဲ"

mgyoe.com

mgyoe.com


သူဌေးကြီးအခန်းမှ ထွက်လာသော မမယ်ရာသည် သခင်မအား ပြော၍ ပြသည်။

"ဘာဖြစ်လို့ ဝမ်းနည်းရမှာလဲ။ ပိုက်ဆံနဲ့ငှားရင် ဆရာမတွေ ရိုက်သတ်လို့တောင် မကုန်ဘူး။ သူတို့ ဟိုကောင်မတွေ လာပြုစုရင် သေးအိုးသွန်ရရင်ပဲ နှာခေါင်းရှုံ့ချင်တယ်"

"သခင်မတောင် မလုပ်ချင်တဲ့အလုပ်တစ်ခုကို တစိမ်းတွေက ဘယ်လုပ်ချင်မလဲ။ ဒါပေမဲ့ တကယ့်စေတနာရှိတဲ့လူတွေ ရှိပါတယ်"

"ဘာပြောတယ်"

"အဲဒီလူတွေကျတော့လည်း သခင်မက ငါ့ဂုဏ်ကြောင့် ငါ့ကို လာခတာထင်ပြီး သိပ်ချိုးတာကိုး"

"မယ်ရာ နင်ပြောတာတွေဟာ တရားလွန်ပြီ"

"မလွန်ပါဘူး သခင်မ၊ တစ်နေ့ကဆိုရင် ဖေဖေကြီးကို လာပြုစုတဲ့ မင်းကတော်မမကြီးကို သခင်မ ခေါင်းလျှော်ခိုင်းတာ သတိရမှာပေါ့။ ဒါတွေက မလုပ်သင့်ပါဘူး"

"နင်ကအစ လူတွေဟာ ပိုက်ဆံနဲ့ဂုဏ်ကြောင့် ခယ နေတာ။ ဒီနေ့က စပြီး နင့်ကို ငါမမြင်ချင်ဘူး မယ်ရာ။ ငါ့အိမ်ရိပ်မှာ မြင်ရရင်တော့ နင့်ကို အသတ်ပဲ"

မယ်ရာသည် သခင်မ အိပ်ခန်းမှ နောက်ဆုတ်၍ ထွက်လာခဲ့လေသည်။

၃ နှစ်တိုင်တိုင် မိုးလင်းအထိ စောင့်ရှောက်ပြုစုခဲ့ရသော သူဌေးကြီးအား မယ်ရာသည် သွား၍ ကန်တော့၏။ ပြီးလျှင် သူသည် တဖြောက်ဖြောက် ရွာနေသော မိုးရေထဲသို့ ပြေးထွက်၍ သွားလေသည်။

* * *

မယ်ရာနှင့် သူဌေးကြီးအိမ် အဆက်ပြတ်၍ နေသည်မှာ ကြာမြင့်ခဲ့လေသည်။ လယ်ထွန်ရင်းသော်လည်းကောင်း၊ ပျိုးကြဲ ကောက်စိုက်ရင်းသော်လည်းကောင်း မယ်ရာက တွေး၍နေမိ၏။ ညဥ့်တွင်လည်း သခင်မ၊ ဖေဖေကြီးနှင့် အိမ်ကြီးအကြောင်းကို တစ်လှည့်စီ အိပ်မက်မက်၍ နေတတ်ပေသည်။

နွေဦးပေါက် တစ်နေ့တွင် မယ်ရာသည် မြို့သို့တက်၍ လာသည်။ မြို့ရောက်လျှင် သူဌေးကြီးဆုံးသည့်အကြောင်းကို ကြားရလေသည်။ သခင်မက

mgyoe.com

mgyoe.com


မလာနှင့်ဆိုပေမယ့် မယ်ရာ၏ခြေလှမ်းများသည် အိမ်ကြီးဘက်သို့ ရှေးရှု၍ လှမ်းနေပေသည်။

အိမ်ဝင်းဝတွင် ရှုပ်ထွေးနေသော ခြံကြီးကို သူတွေ့ရ၏။ သူရှိစဉ်က ပန်းပွင့်များ ဝေဆာနေသော ပန်းချုံလေးများသည် ယခုအခါတွင် အရိုးပြိုင်းပြိုင်းနှင့် သွေ့ခြောက်၍နေလေသည်။

အိမ်အဝင်တွင်လည်း ဖုံသုတ်ခုံမရှိဘဲ ခြေရာနှင့်ဖုံများသည် လှေကားဝတွင် ရှုပ်ထွေး၍ နေပေသည်။ လှေကား လက်ရမ်းများသည် လက်နှင့်ပွတ်တိုက်၍ သွားသောနေရာမှာပင် ဖုံများကပ်၍ နေပေသေးသည်။

တစ်အိမ်လုံးသည် ဖရိုဖရဲ နိုင်လွန်း၍ သခင်မအိမ်မှ ဟုတ်ပါလေစဟူ၍ မယ်ရာက တွေးမိပေသည်။ အပေါ်ထပ်သို့တက်၍ ယခင်က သခင်မအိပ်ခန်းရှိရာသို့ လျှောက်သွားသည်အထိ လူသံ၊ သူသံ၊ လူရိပ်၊ လူခြည်ကို မတွေ့ရပေ။

သူသည် ညင်သာစွာနင်း၍ သခင်မ အိပ်ခန်းဝတွင် သွား၍ ရပ်သည်။ ခန်းဆီးသည် သူရှိစဉ်က ဖဲပွင့်အစိမ်းရောင်များဖြစ်သော်လည်း နေလောင်၍ အရောင်အဆင်းပျက်ကာ ဖဲပွင့်များကို ကွင်း၍ ကွင်း၍ ပိုးများ ကိုက်ထားလေသည်။

သူသည် ခန်းဆီးကို မ၍ အခန်းထဲသို့ကြည့်ရင်း ခဏ ငြိမ်သက်၍ နေမိသည်။

အခန်းထဲရှိ ခုတင်ပေါ်တွင် သခင်မသည် ပက်လက်နေ၍ အသက်ကို အားယူကာ ရှူနေလေသည်။ ချိုင့်ဝင်နေသော ပါးခွက်များမှာ သခင်မဟူ၍ ယုံကြည်ဖို့ ခဲယဉ်းလောက်အောင် အရုပ်ဆိုး၍ နေလေသည်။

သခင်မ အပါးတွင်မူ တစ်ယောက်တည်းသောသူသည် ဆေးဖျော်နေဟန် တူပေသည်။ ထိုသူမှာ သခင်မ တစ်ခါက ဖိနပ်တိုက်ခိုင်းသော မင်းကတော် ဒေါ်ငွေတင် ဖြစ်လေသည်။ မမယ်ရာသည် ခြေထောက်များ လှုပ်ရှား၍ မရနိုင်လောက်အောင်ပင် သူ့စိတ်များသည် အံ့သြ၍ နေပေသည်။

ဒေါ်ငွေတင်သည် ဆေးပန်းကန်လုံးကို ယူ၍ ဆေးစက်များကို သခင်မ ပါးစပ်ထဲသို့ တစ်စက်စီ လက်ခလယ်နှင့် ချ၍ပေးသည်။ သခင်မသည် ဆေးကို လျှာနှင့် သိမ်း၍သိမ်း၍ ယူ၏။ ဆေးစက်ကို ချလိုက်တိုင်း ပိန်ချိသောရင်အုံမှာ ပြင်းထန်စွာ လှုပ်ရှားသလို ထင်ရ၏။ ဆေးတိုက်ပြီးလျှင် မင်းကတော်သည်

mgyoe.com

mgyoe.com


အဝတ်ဖြူစနှင့် သခင်မနှုတ်ခမ်းကို ယုယစွာ သုတ်၍ပေး၏။ သခင်မသည် မျက်လုံးကိုမှေးကာ ငြိမ်သက်စွာ မှိန်း၍ နေလေသည်။

မမယ်ရာသည် အခန်းထဲသို့ ခြေသံမကြားအောင် ဝင်လာ၏။ ဒေါ်ငွေတင်သည် ဆေးပန်းကန်ကိုကိုင်ရင်း သူ့ကိုမြင်လျှင် ကြက်သေသေ၍ နေသည်။

သူတို့နှစ်ယောက်သည် ဖြည်းညင်းစွာ အခန်းပြင်သို့ လျှောက်လာကြလေသည်။ အခန်းအပြင်ဝရန်တာတွင် သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ဝမ်းနည်းဝမ်းသာ ကြည့်၍ နေကြသည်။

"သခင်မလေး ဘယ်တုန်းက မမာနေလဲ"

"ကြာပြီ ကြာပြီ"

"သူဌေးကြီး ဆုံးတုန်းကလား"

"မဟုတ်ဘူး ပစ္စည်းတွေလျော့မှ"

"ဩော်... သူတို့ပစ္စည်းတွေ လျော့ကုန်ပြီ"

"ဟုတ်တယ်၊ ရောဂါဖြစ်စက အမျိုးမျိုး ကုသေးတယ်လို့ သတင်းကြားတယ်။ နောက်တော့ ပြုစုမယ့်သူမှ မရှိဘဲ"

"ဟင် ဆရာမတွေ ဘာတွေ ခေါ်မကုဘူးလား"

"ဒီ ဆရာမကို ဘယ်သူ ပိုက်ဆံပေးမလဲ"

"ပိုက်ဆံ"

မယ်ရာသည် ထိုစကားလုံးလေးကို ထပ်၍ ရွတ်လိုက်မိ၏။

"ဒေါ်ဒေါ်လည်း သူ့သတင်းတွေကြားပြီး ဒီလိုဖြစ်နေတယ်ဆိုတော့ မနေနိုင်ဘူး။ ဒါနဲ့လာပြီး ပြုစုနေတာ။ လွန်ခဲ့တဲ့အပတ်နဲ့စာရင် အခု တော်တော်သက်သာလာတယ်"

မမယ်ရာသည် မင်းကတော်ကြီး၏လက်ကို ဆုပ်ရင်း ကြည်ညိုလေးစားစွာနှင့် ကြည့်၍နေမိသည်။

"ကဲ မမယ်ရာ ခဏ လူနာကို စောင့်နေဦး၊ သူ့လုံချည်ဟောင်းတွေကို ဒေါ်ဒေါ် သွားလျှော်ဦးမယ်"

"ဟင်... မဖြစ်ဘူး ဒေါ်ဒေါ်။ ဒေါ်ဒေါ် ဒီမှာစောင့်ရစ်၊ မယ်ရာ သွားလျှော်ပါ့မယ်။ မယ်ရာ ရွာကို မပြန်ဘူး။ သခင်မ နေကောင်းတဲ့အထိ နေမယ်"

သူတို့နှစ်ယောက်သည် အိပ်ခန်းသို့ ပြန်ဝင်ခဲ့ပေသည်။ သခင်မ၏ မျက်လုံးများပွင့်နေ၍ သူတို့သည် အနားသို့ကပ်၍သွားသည်။ သူတို့နှစ်ယောက်ကို မြင်သည်နှင့်တစ်ပြိုင်နက် သခင်မမျက်လုံးများ အားနည်းနေရာမှ ကြည်လင်

mgyoe.com

mgyoe.com


တောက်ပ၍လာသည်။ မင်းကတော်ကြီးက နို့ပန်းကန်ထဲမှနို့များကို အစက်ချ၍ သခင်မလေးအား တိုက်ကျွေး၍ နေပေသည်။ သခင်မ၏ မျက်လုံးများသည် တစ်စုံတစ်ခုကို တွေ့ရှိနေသလိုပင် စူးစိုက်ကြည့်နေရင်း နှစ်သိမ့်ဟန်မှာ မျက်နှာတွင် ပေါ်လွင်၍လာလေသည်။

* * *

အဘသည် သူ၏ "အဲဒါ" အကြောင်းကို ဤနေရာတွင် ရပ်၍ ပစ်လိုက်၏။

"အဘ ပုံကလည်း ဒီတင်ပဲ ပြီးပြီလား"

"ပြီးပြီပေါ့၊ ပုံက ရိုးလွန်းလို့လား"

"အို... ရိုးပေမယ့် တစ်မျိုးပဲ။ ဘဘက စကားစထားလို့ပါ ကိုယ်စားပြု ရမယ်ဆို ဘာကို ကိုယ်စားပြုရမှာလဲ"

"သြော်... ဟုတ်တယ်။ အဲဒီသခင်မလေးဟာ နောက်ဆုံး ဘာကို ကြည့်နေတယ်လို့ ထင်သလဲ"

ကျွန်မက ခေါင်းခါ၍ ပြလိုက်၏။

"မယ်ရာနဲ့ မင်းကတော်ကြီးရဲ့ စေတနာကို သူ နားလည်သွားတယ်။ လောကကြီးမှာ အာဏာ၊ ငွေနဲ့ဂုဏ်တွင် ရှိတာမဟုတ်ဘူး။ အင်မတန်သိမ်မွေ့ ပြီး မမြင်နိုင်တဲ့ စေတနာ၊ မေတ္တာဆိုတာတွေလည်း လူတချို့ရဲ့ အသည်းနှလုံး မှာ ရှိနေသေးတာကို သခင်မလေးဟာ မြင်သွားတယ်။ အေးကွယ် မြင်တယ် ဆိုပါတော့ ငါ့မြေးရဲ့။ အမှန်တော့ အကောင်အထည်လိုက်တော့ မမြင်ရပါဘူး။ သခင်မလေး ကျန်းမာလာတော့ အဲဒီမယ်ရာနဲ့ မင်းကတော်ရဲ့စေတနာကို ဘယ်လို ကိုယ်စားရည်ပြီး အထိမ်းအမှတ် လုပ်ရမှန်း မသိဘူးတဲ့။ ဒါပေမဲ့ သူ့နှလုံးသား ထဲမှာတော့ အမြဲရှိနေတယ်ကွယ်။ ကဲ အဘ အိပ်တော့မယ်"

အဘသည် ရုတ်တရက် ထ၍ သွားရာ ကျွန်မမှာ နောက်ထပ် မေးခွန်း များကို မမေးနိုင်တော့ပေ။ ဤသခင်မအား ခွင့်လွှတ်တတ်သော မင်းကတော် ကြီးနှင့် သစ္စာရှိသော မမယ်ရာတို့ကို မြင်လို တွေ့လိုပါ၏။

သို့သော် ချင်းတွင်းမြစ်ကမ်းဘေးတို့သည် မှောင်အတိကျ၍ သဘော်ာ ပတ်ဝန်းကျင်တွင်လည်း ဘာကိုမျှ မမြင်ရတော့ပေ။

(၁၉၅၅၊ ဩဂုတ်လ။)

▢

mgyoe.com

mgyoe.com

## တန်ခိုးတော်ရှင်၏ ကျလေသောမာန

ဆရာနှင့်ကျွန်မ မတွေ့ရသည်မှာ အတော်ပင် ကြာမြင့်ခဲ့လေပြီ။ နောက်ဆုံးတစ်ခါ တွေ့ကြသည်မှာ ကလောမြို့တွင် ဖြစ်ပေသည်။ ကျွန်မတို့သည် တောင်ခြေလမ်းလေးပေါ်တွင် အပျင်းပြေလျှောက်ရင်း စကားပြောကြ၏။ တောင်ကုန်းပေါ်ရှိ ထင်းရှူးတောများ၏ ပင်ခြေရင်းများထဲသို့ ညနေစောင်း နေခြည်သည် လျော့၍ လျော့၍ ဝင်ရောက်သွားသည်ကို ကြည်နူးစွာ ကြည့်နေကြ၏။ ထင်းရှူးတောသည် တစ်တောလုံးစိမ်းနေသော်လည်း ပင်ခြေရင်တွင် ရှင်းကာ ရွှေရောင်ဝင်း၍ နေပေသည်။

မိုးဦးလေတစ်ချက်မျှ ဖေ့လိုက်လျှင် အပင်တိုင်းရှိ သစ်ရွက်ကလေးများ ဖေ့ယမ်းလိုက်သောအသံမှာ ကလေးတို့ ရယ်မောသံလို ပေါ့ပါးပျံ့လွင့် လွန်းလှပေသည်။ ကျွန်မတို့ရှေ့တွင် ရေစက်ရေမွှားကလေးများသည် နေခြည်တန်းများကို ဖြတ်သန်း၍ သစ်ရွက်မျှင်များပေါ်မှ မြေပေါ်သို့ ကျလာကြလေသည်။

အငေးဘွင်လည်း အရှေ့ဘက်တောင်တန်း၏ တောင်ခြေပိုင်းကို မိုးငွေ့က လွှမ်းထား၍ တောင်ထွတ်ကိုမူ အနောက်သို့ စောင်းစပြုနေသော နေခြည်၏ ရွှေဇာဖျင်ဖြင့် လွှမ်းခြုံထားပေသည်။ ကလောသည် ကဗျာဆန်၍ ပန်းလေးလို လှပပေသည်။ ပန်းအလှသည် ပူလောင်ခြင်းမရှိသလို ကလောသည်လည်း ဆိတ်ငြိမ်သည်။ အေးချမ်းသည်။ သိမ်မွေ့ပေသည်။ ပန်းလေးလိုပင် ဘယာကင်းသော အလှပေတကား။

ရန်ကုန်၏အလှက မိန်းမငယ်လှသလိုပင် မြင်ရသူစိတ်တွင် သာယာကြိုက်နှစ်သက်သည်ထက် တစ်ကိုယ်လုံး မီးမြိုက်ခံရသလို ပူလောင်သော

mgyoe.com

mgyoe.com

အတွေ့ကိုလည်း ခံစားရပေသည်။ လှသည်၊ ရှုပ်ပွသည်၊ ပူလောင်သည်မှာ ရန်ကုန်၏ အတွေ့ဖြစ်သည်။

ကျွန်မနှင့် ဆရာသည် စိတ်တူကြသည့်သူချင်းမို့ လှပသောရှုခင်းတွင် ကြည်နူး၍ နေကြပေသည်။ ဆရာ့နှုတ်ခမ်းမှ သီချင်းတစ်ပုဒ်ကို တိုးတိုးလေး ညည်းသည်ကို ကြားရသောအခါ ကျွန်မသည် ပိုမို၍ ပျော်ရွှင်လာပေသည်။

ဆရာ့မိန်းမဆုံးပြီး ဆရာ့မျက်နှာတွင် ကြည်နူးပျော်ရွှင်သော အမူအရာကို မတွေ့ရသည်မှာ ကြာမြင့်ခဲ့လေပြီ။

"ယခုလို ညနေစောင်းကိုတွေ့ရင် မိုးချုပ်လာမှာကို ကြောက်သလိုပဲနော် ဆရာ"

ကျွန်မသည် ဘာမဆို သူရဲဘောကြောင် အကြောက်လွန်သူဖြစ်၍ လှပသော ညနေခင်းလေး၏ ကုန်ဆုံးရမည့်ဘဝကိုတွေး၍ ကြောက်ရွံ့စွာ ပြောလိုက်၏။

ဆရာကတော့ အပြုံးမပျက်ပေ။

"နတ်ရေးတဲ့ ပန်းချီဆိုတော့ လူရေးတာက ဘယ်မီလိမ့်မလဲကွယ်။ ဘယ်သူက ရေလုံး ရေစက်လေးတွေ နေခြည်ထဲမှာ လှလှပပ လှုပ်ရှားတာကို လူ့ပန်းချီနဲ့ သရုပ်ဖော်နိုင်မလဲ"

ဆရာသည် ကျွန်မပြောသော စကားနှင့် ဘာမျှ မပတ်သက်သော အဖြေကို ဖြေလိုက်သည်။

"ဆရာ ဒါဖြင့် ကလောမှာ ပျော်တာပေါ့နော်"

ဆရာ၏ ညနေခင်းကို မက်မောဟန်ပြောသောစကားကို ကျွန်မသည် လိုက်၍ ပြောလိုက်၏။

"ဆရာ နက်ဖြန် ရန်ကုန်ကို ပြန်မယ်"

"ဟင်"

ဆရာပြန်မည်ဆို၍ ကျွန်မ စိတ်မကောင်းပေ။

"ရန်ကုန်က ရှုပ်သနဲ့ ဆရာရယ်။ ဒီမှာ တစ်လလောက်နေပါ။ ဆရာ့စိတ်လည်း အေးချမ်းတယ်မဟုတ်လား။ ပြီးတော့ ရန်ကုန်မှာ ဆရာဘယ်လောက် အထီးကျန်လိုက်မလဲ။ ပြုစုမယ့်လူလည်း မရှိဘူး။ အိမ်မှာဆိုရင် ဆရာ့ဇနီးရဲ့ ခြေရာ၊ လက်ရာ လှုပ်ရှားတာတွေ မြင်ပြီး ဆရာဘယ်စိတ်ကောင်းမလဲ။ တကယ်လို့များ ဆရာ့မှာ ရည်စူးတဲ့သူရှိရင်တော့ စိတ်သက်သာစရာ ရှိတာပေါ့လေ"

mgyoe.com

mgyoe.com


ကျွန်မသည် ဆရာ့ကို စွတ်ရွတ်၍ စိတ်ထဲရှိသမျှကို ပြောနေပေသည်။ ဆရာနောက်မိန်းမ ယူဖို့ မယူဖို့ စဉ်းစားနေသည်လား၊ မနေသည်လားကိုလည်း ကျွန်မ သိသည်မဟုတ်ပေ။ သို့သော် ဆရာ့ကို ချစ်သောကြောင့် ဘာမဆို ရဲရဲဝံ့ဝံ့ ဆရာ့ကို ပြောရဲပေသည်။

ဆရာသည် အသံထွက်အောင် ရယ်မောရင်း တောင်ခြေတွင် လှဲ၍ထားသော ထင်းရှူးပင်စည်တစ်ခုပေါ်သို့ လှျောက်ကာ ထိုင်လိုက်၏။ သူ့လက်ထဲမှ လက်ကိုင်တုတ်ဖျားကို မြေကြီးပေါ်တွင် တစ်ဒေါက်ဒေါက် ခေါက်လျက်ရှိပေသည်။

"ထိုင်ပါဦးကွဲ့ မခင်ယုရဲ့။ မမောဘူးလား" ကျွန်မသည် သူနှင့်ယှဉ်၍ ထိုင်လိုက်၏။

"ဆရာ ရန်ကုန်ပြန်လို့ စိတ်ဆင်းရဲမှာမှ မဟုတ်ဘဲ။ မိန်းကလေးက ပူမနေစမ်းပါနဲ့။ မင်းနဲ့ခွဲသွားမှာမို့လို့ မင်းဝမ်းနည်းမယ်ဆိုတာတော့ ဆရာ ယုံပါတယ်။ ဒါပေမဲ့ ဆရာနဲ့ အတူတူနေလို့တော့ မင်းအရေးအသားတွေက တိုးတက်ချင်မှ တိုးတက်မှာ။ တကယ်တော့ မင်းဘာသာဖတ်၊ မင်းဘာသာ မပြတ်ရေးနေရင် တိုးတက်လာမှာပေါ့။ ပြီးတော့ စာရေးလို့ ထူးချွန်တဲ့သူတိုင်းမှာ သူတို့ရဲ့မွေးပါရမီ ပါပါတယ်ကွယ်"

"ဒါကတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မဘဝကို ဆရာသိတဲ့အတိုင်းပဲ။ စာမှ ကောင်းကောင်းမတတ်ဘဲ။ တက္ကသိုလ်က မြန်မာစာဆိုတာလည်း ဘာမှန်း မသိဘူး။ ကိုယ့်ဘာသာ သူများရေးသားထားတာတွေ လှျောက်ဖတ်ပြီး ဖြေအောင် ခဲ့ရတာ။ ကိုယ့်ကိုယ်ကိုယ် တစ်ချက်မှ အားမရဘူး။ အို ဒါတွေထက် ဆရာက စကားပြောင်းလိုက်ပြန်ပြီ။ ဆရာ ရန်ကုန်ပြန်ရမှာကို စိတ်ချမ်းသာတယ်လား"

ကျွန်မသည် သူ စခဲ့သောစကားကို မနည်းပြန်ကောက်ရ၏။

"တကယ်တော့ ရန်ကုန်က အသိုက်အဝန်းနဲ့ ကားရယ်၊ ခြံရယ် ရှိတဲ့ လူအတွက် ဘုရားသခင်က သတ်သတ်ဖန်ဆင်းထားသလိုပဲ။ ဆရာနေရာမှာက တစ်ယောက်တည်း။ ဆရာ့ရပ်ကွက်ကလည်း ပွတ်သိပ်လို့။ သယ်လိုက်ရတဲ့ရေ၊ ပူလိုက်တာကလည်း အလွန်၊ ဆူလိုက်တဲ့လူသံ၊ နံလိုက်တာကလည်း အလွန်ပဲ"

ကျွန်မသည် ဆရာနှင့်တွေ့လျှင် ကလေးတစ်ယောက် ဖြစ်သွားကာ ကျွန်မ ခံစားရသလိုပင် ကျွန်မ ပြောချလိုက်၏။

"ဆရာက ရန်ကုန်မှာနေပေမယ့် ဆရာ့ကမ္ဘာ ဆရာ ဖန်ဆင်းနေတာ

mgyoe.com

ကလား။ သူတို့ လူသံ၊ ခွေးသံ၊ အနံ့တွေ၊ အပူတွေဆိုတာ ဆရာ့ ကမ္ဘာထဲကိုမှ ဝင်မလာနိုင်ပဲ"

ဆရာသည် အဝေးကိုလှမ်းမျှော်ကာ ခပ်အေးအေးပင်ဆက်၍ ပြောနေ၏။

"ဆရာဟာ တန်ခိုးတော်ရှင်ကြီးပဲ။ ဆရာ့ဝတ္ထုတွေထဲမှာ ဆရာဟာ လူအမျိုးမျိုး၊ သတ္တဝါအမျိုးမျိုး သစ်ပင်ပန်းမာလာ တောတောင်တွေ အိုလေ တစ်ခါတစ်ခါ ပန်းချီကိုတောင်မီအောင် ဆရာ ဖန်ဆင်းခဲ့တာကလား။ ပြီးတော့ ဆရာ့ ဇာတ်လိုက်တွေဟာလည်း လောကသားတွေ ဖြစ်လေတော့ တစ်ခါတလေ ဒုက္ခဆင်းရဲတွေနဲ့ ပင်ပန်းနွမ်းနယ်တဲ့အခါမှာလည်း ဆရာက နားခိုင်းလိုက်တာပဲ။ တစ်ခါတလေတော့လည်း အားလုံးကိုလက်မြှောက်ပြီး အရှုံးပေးခိုင်းလိုက်တာပဲ။ ဆရာကြိုက်တာကို ဖန်ဆင်းလို့ရလို့ ဆရာ့ကမ္ဘာမှာ ဆရာပျော်ပါတယ် မိန်းကလေးရယ်။ ဆရာ့အတွက် မစိုးရိမ်ပါနဲ့"

ကျွန်မသည် သူပြောသမျှကို ငေး၍ နားထောင်မိ၏။ သူရေးသော ဝတ္ထုများထဲတွင် "လဝန်း" နှင့် "တစ်ကိုယ်တော်" ဆိုသော ဝတ္ထုများကို ပို၍ ကြိုက်နှစ်သက်၏။ "လဝန်း" ဝတ္ထုထဲတွင် အခြေမဲ့၊ အနေမဲ့ ဖြစ်သော်လည်း သူ့ဇာတ်လိုက် မိန်းကလေးသည် လင်ကို လုရှာမယူတတ်ပေ။ သူ့ဘက်က အခွင့်အရေးသာသော်လည်း လက်လျှော့ပေးလိုက်ပုံကို ကျွန်မ သဘောကျ၏။ "တစ်ကိုယ်တော်" ဝတ္ထုထဲတွင် အထီးကျန်သော မိန်းကလေးတစ်ယောက်တည်း ဒုက္ခတွေ ဗလပွကြုံသမျှကို အနိုင်တိုက်ပြီးမှ သာသနာ့ဘောင် ကူးသွားပုံကို ကျွန်မ ကြည်နူး၏။

"ပြီးတော့ ရေးစရာတွေ ဖတ်စရာတွေ အများကြီး ရှိသေးသကွယ်။ ဆရာ့စာအုပ်ပုံတွေထဲမှာ ခေါင်းမြုပ်ထားလိုက်ရင် ဆရာ့အဖို့ အထီးကျန်စရာ မလိုပါဘူး"

ဆရာသည် တစ်ယောက်တည်း ဆက်ပြောနေ၏။

"ဆရာ့ အသည်းနှလုံးတွေကိုရော အရက်နဲ့ စိမ်ထားဦးမှာလား"

ကျွန်မသည် ရုတ်တရက် သူ့စကားကို ဖြတ်၍ မေးလိုက်၏။

"ဟဲ... ဟဲ... ဟဲ မိခင်ယုရေ အိမ်ပြန်ကြဦးစို့ နေကျသွားပြီ"

ဆရာသည် ရှေ့မှ အရင်ထနှင့်ကာ လျှောက်၍သွား၏။ ကျွန်မ အမေးကိုလည်း မဖြေပေ။ တကယ်ဆိုလျှင် မေးသည်ကို ဖြေဖို့ကောင်းသေးသည်။ သူပြောချင်ရာပြော၍ စကားစကို လက်စသတ်လိုက်ခြင်းကိုမူ ကျွန်မသည်

mgyoe.com

mgyoe.com


နည်းနည်းမှ မကျေနပ်ပေ။ "ငါဖြေချင်မှ ဖြေမယ်။ ပြောချင်မှ ပြောမယ်။ ငါ မဖြေကော ဘယ်သူ့ ဂရုစိုက်ရဦးမှာလဲ" ဆိုသော "ငါတကော" ဟန်ပါသည် ဟု ကျွန်မ စိတ်ထဲတွင် ထင်ပေသည်။ နောက်မှ ငြိမ်ငြိမ်လေး လိုက်ပါလာခဲ့ သော်လည်း စိတ်ထဲမှာ ဆရာ့ကို အပြစ်အများကြီး တင်မိ၏။ ဒီလို လုပ်တတ် သည်မှာ ဆရာ၏ ဗီဇအကျင့်ပေပဲလားမသိပေ။ ဘယ်သူက ဘာစကားပြောနေ လျှင် သူမထင်လျှင် မထင်သလို စွတ်၍လုပ်တတ်သည်။ ဒါပေမဲ့ ဆရာ့ကို ကျွန်မ ချစ်ပေသည်။ သူ့အမူအရာများကို မကျေနပ်ပေမယ့် သည်းခံနိုင်ပေ သည်။ ခွင့်လွှတ်နိုင်ပေသည်။

ကျွန်မအချစ်သည် ဆရာ့အပေါ်တွင် သုဘရဟန်းကြီးက ဘုရားသခင် အား ချစ်သောအချစ်မျိုးနှင့် တူချင်လည်း တူနေပေလိမ့်မည်။

ဆရာတော်ပုံ၊ ကြိုးစားပုံများကို ကျွန်မ အစ်ကိုများ တက္ကသိုလ်တွင် နေစဉ်ကတည်းက ကျွန်မတို့ မိသားစုကို သတင်းလွှင့်ပြီး ဖြစ်ပေသည်။ ဆရာ အိုးဝေမဂ္ဂဇင်းတွင်ရေးသော ဝတ္ထုများ၊ ဆောင်းပါးများကို အစ်ကိုတို့က အိမ်သို့ သယ်ယူလာခဲ့ပေသည်။

ထိုစဉ်က ကျွန်မသည် အင်မတန်ပင် ငယ်ပေသေးသည်။ ဆရာဘာတွေ တော်သည်ကို မချိမ့်မွမ်းတတ်၊ မမြတ်နိုးတတ်သေးပေ။ စာပေကို မြတ်နိုးတတ် သော အရွယ်သို့ရောက်လာသောအခါတွင်မူ ချစ်ခြင်းမေတ္တာတို့ ဆိတ်သုဉ်း၍ ပျက်စီးလောင်ကျွမ်းစပြုလာသောကမ္ဘာကို ရင်ဆိုင်လျက် ဖြစ်နေပေတော့သည်။ တစ်ခါတစ်ရံ ကိုယ့်တစ်ခေတ်ကိုတွေး၍ ကိုယ့်ဘာသာဝမ်းနည်းမိ၏။ ဆရာက ကျွန်မတို့ထက် တစ်ခေတ်စော၍ လူဖြစ်ပေသည်။ ဆရာ့တစ်ခေတ်သည် ပန်း တိုင်း မပွင့်နိုင်သေးဆိုသော်လည်း တည်ငြိမ်သည်ဟု ဆိုရပေမည်။ ဆရာတို့ သည် အများကြီး လေ့လာနိုင်၏။ ရှာဖွေစုဆောင်းကြ၏။ ဒါကြောင့် လူတွေ တော်ကြ၏။ နိုင်ငံရေးတွင်ရော၊ စာပေဘက်တွင်ရော ထိတ်ထိတ်ကြဲများ ထွက် လာကြသည်။

ထို့ကြောင့် ကျွန်မတို့ခေတ်ရောက်သော်အခါ သူတို့သည် မီးရှူးတန် ဆောင်ကြီးများ၊ မြတ်နိုးဖွယ်ရာ ခေါင်းဆောင်ကြီးများ ဖြစ်လာကြသည်ဟု ထင်သည်။

ကျွန်မတို့ခေတ်တွင် ပန်းတိုင်းပွင့်နိုင်သည်ဆိုသော်လည်း ဘာက နှလုံး သားကို စွဲကိုင်ဖျစ်ညှစ်ထားမှန်း မသိပေ။ တစ်ခါတစ်ရံတွင်လည်း အရိပ်ကြီး

mgyoe.com

mgyoe.com


တစ်ခုခုက အသည်းနှလုံးပေါ်တွင် ထိုးကျလွှမ်းမိုးထားသလို ကြောက်ရွံ့၍ နေတတ်ပေသည်။ များသောအားဖြင့် ကမ္ဘာတစ်ဝန်းလုံးလိုလို ယခုခေတ်လို "ရောင်ခြည်သစ်ဦးတို့ မြူးသောခေတ်" ဟူ၍ သမုတ်ကြသော်လည်း ကျွန်မ ကမူ ကျွန်မတို့ခေတ်အတွက် ကြေကွဲဝမ်းနည်းမိ၏။ အမှန်တော့ နေဝင်စပြု သော ကမ္ဘာကြီးအား ကြည့်ရှု၍ မွေးဖွား၍များ လာရလေသလဲဟု တွေး၍ ဆွေးမြေ့မိပေသည်။

ရှာဖွေရ၊ စုဆောင်းရ၊ လေ့လာရပေမဲ့ ကသုတ်ကရက်နှင့် အစဉ် ရွေ့လျား ပြောင်းလဲရဖန်များသောအခါ ဆရာတို့လို တော်၍မလာပေ။ ဦးနှောက်တွေက လည်း ဘာကို စွဲမြဲမှတ်ရမှန်းမသိ။ မတည်ငြိမ်နိုင်တော့ပေတကား။

စာပေကို မြတ်နိုးသည်နှင့် ဆရာ့တပည့်အဖြစ် စာပေနယ်ထဲကို ရောက် လာသော်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တိုင်း တစ်ချက်မျှ အားမရပေ။

မေမေက ဆရာ့ကို ဝေဖန်သည်မှာ "ဝယ်ကတည်းက ကိုယ့်ဝင်းခြံထဲ မှာ ရေတွင်းပါလာပေမယ့် မောင်ကျော်ထွန်းက မိုးရေလည်း ခံလိုက်ရသေး တယ်။ မြစ်ရေလည်း ဝယ်ပြီး လှောင်ထားသေးတယ်" ဟု ပြောတတ်ပေသည်။ ဆရာသည် အစဉ်ရှာဖွေလေ့လာစုဆောင်းသူဖြစ်၏။ ဆရာ့အိမ်သည် အိမ်ထောင် ပရိဘောဂထက် စာအုပ်ဗီရိုက များပေသည်။

ဆရာနှင့်အစ်ကိုတို့ ဒီဂရီတူတူရ၍ ကျောင်းထွက်ကြကာ ဆရာသည် ကျွန်မတို့မိသားစု၏ အခင်မင်ဆုံးမိတ်ဆွေ ဖြစ်လာသော်လည်း တကယ်တွင်မူ ကျွန်မ အရွယ်ရောက်ရောက်သောအခါ ကျွန်မသည်သာလျှင် ဆရာနှင့် အရင်းနှီး ဆုံး ဖြစ်လာပေသည်။

ဆရာတို့၏ ခေတ်စမ်းစာပေများသည် ကျွန်မတို့အရွယ်ရောက်စ ပျော်မြူး ရာ ဥယျာဉ်ကြီးနှင့် တူလာလေသည်။ ကျွန်မတို့အရွယ်လွန်သော် ဆရာတို့လို နောက်တစ်ခေတ်အတွက် ဥယျာဉ်ဖန်ဆင်း ပေးရစ်နိုင်ခဲ့ပါ့မလားဟု သံသယ ဖြစ်မိ၏။

ဆရာ ကလောသို့ ရောက်စက ကျွန်မသည် ညည်းတွားမိ၏။

"ခုခေတ်မှာ လူတွေဟာ တယ်ပြီး ပုံသွင်းချင်ကြတာကိုး။ သဲနဲ့ ကျောက် ခဲတွေကိုသာ ပုံသွင်းလို့ ရကြတာကလား။ လူ့အသည်းနှလုံးနဲ့ ဦးနှောက်တွေ ကို ပုံသွင်းချင်ကြတော့ ကျွန်မတို့တစ်ခေတ် လူငယ်တွေဟာ ပျက်စီးရတော့မယ် ထင်ပါရဲ့။ ဆရာတို့လို ဥယျာဉ်ကြီးတစ်ခု ချန်ရစ်ခဲ့ရအောင်လည်း ဥယျာဉ်မှူး

mgyoe.com

mgyoe.com


လုပ်တဲ့လူတွေက အဲဒီဥယျာဉ်ကြီးကို တော်ကြာအကိုင်းတွေ ဖြတ်ကြ၊ တောက်ကြ၊ တစ်ယောက်က ငှက်ပုံဖြစ်အောင်လုပ်၊ တစ်ယောက်က ပန်းအိုးပုံလုပ်၊ တစ်ယောက်က ဘာဖြစ်အောင်လုပ်နဲ့ `သစ်ပင်တောက်လျှောက်ပုံဖော်ကြတဲ့ ဥယျာဉ်မျိုးတော့ မကြိုက်ဘူး။ သူ့အစွမ်းနဲ့သူ ပွင့်ချင်တာပွင့်၊ ရှည်ချင်တာကရှည်၊ သန်ချင်တဲ့အပင်ကသန်ဆို ဘယ်လောက်ကောင်းမလဲ"

ဆရာသည် ကျွန်မစကားကို ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း...

"မင်းဥယျာဉ်ကြီးက ဥယျာဉ်မဟုတ်ဘဲ တောကြီးဖြစ်သွားမှာပေါ့ကွယ်" ဟု ပြောပြပေသည်။

"ဟုတ်တယ်။ ကျွန်မတော့ တောကြီး ဖြစ်စေချင်တယ်။ တောကြီး ချန်ခဲ့ရရင် သိပ်ကောင်းမှာ"

ကျွန်မပြောသည်ကို ဆရာက ဆက်လက် ရယ်မောရင်း...

"အင်မတန်ရိုးတဲ့ အတွေးအခေါ်ပဲ" ဟု မှတ်ချက်ချပေသည်။ ဘယ်လိုပင် မှတ်ချက်ချချ ဆရာနှင့် စကားပြောရသည်မှာ မကြောက်မရွံ့ ရှင်းရှင်းလင်းလင်း ပြောရသည်မို့ ပျော်ရွှင်နှစ်သိမ့်မိပေသည်။

ဆရာသည် မိန်းမဆုံးပြီး ၃ နှစ်ခန့်ကြာမှ ခွင့်ရက်ရှည်ယူကာ ကလောတွင် လာနား၏။ ခွင့်ရက်တစ်လလုံးလုံး လိုသေးလျက်နှင့် ဆရာပြန်မည်ဆိုသည်ကို ကျွန်မ စိတ်မကောင်းပေ။ ဆရာ မပြန်၍လည်း ရန်ကုန်အစိုးရဗဟို တန်းမြင့်ကျောင်းတွင် အထက်တန်းဆရာ လုပ်နေသော အလုပ်ကိုလည်း ထိခိုက်စရာမရှိနိုင်ပေ။

* * *

ကျွန်မတို့ လမ်းလျှောက်ရာမှ ပြန်လာသောအခါတွင် အိမ်မှာ ထမင်းပွဲ အဆင့်သင့်ပြင်ပြီးဖြစ်သည်။ ဆရာ့အနားတွင် ထမင်းထိုင်စားရင်း ဆရာ့ကို ကြည့်နေမိ၏။ ဆရာသည် စကားတစ်လုံးမျှ မပြောတော့ပေ။ မီးရောင်ထိုးကျနေသော ဆရာ့ပါးပြင်တစ်ခြမ်းကို ကျွန်မသည် စိုက်ကြည့်နေမိ၏။ ပါးပြင်များသည် လျော့စပြု၍ နဖူးတွင်လည်း အရေးအကြောင်းများ ထင်လာပါပကော။ အသားရောင်ကလည်း ညိုရုံတင်မက ခြောက်သွေ့စပြုလာလေပြီ။

ဆရာ့ကို မြင်တွေ့စနေ့ကကဲ့သို့ ဆရာသည် လှပစိုပြည်ခြင်း မရှိတော့ပေ။ ထမင်းစားပြီး ဆရာ့အခန်းသို့ ဝင်ခဲ့၏။ ဖရိုဖရဲ ဖြစ်နေသော ဆရာ့ပုဆိုးများ၊ စာအုပ်များကို အားလုံးစီစဉ်၍ သေတ္တာထဲသို့ ထည့်ပေးလိုက်၏။

"ရော ဒါတွေက မင်းကလောမှာနားရင်း ဖတ်ဖို့"

mgyoe.com

mgyoe.com


ဆရာသည် စာအုပ်တချို့ကို လှမ်းပေးကာ အိပ်ရာဝင်တော့သည်။ ဆရာ ပေးသော စာအုပ်များကို ပိုက်ကာ ဆရာ့အခန်းထဲမှ ထွက်လာခဲ့ရသော်လည်း ဆရာသည် ပြန်ခါနီး စကားလေးဘာလေး ကျွန်မနှင့်အတူ ပြောရန်သင့်သည် ဟု စိတ်ထဲမှာ ထင်နေပေသည်။

စာကြည့်စားပွဲသို့သွားကာ ဆရာ့စာအုပ်များကို တစ်ရွက်နှစ်ရွက် လှန်ကြည့်ပြီး ဘေးမှာ ချထားလိုက်၏။ ကျန်းမာရေးအတွက် အနားယူရန် ကလောတွင် လာနေရသော်လည်း ကျွန်မ စာကြည့်ပျက်သွားမှာ စိုးနေပေသည်။ ဘီအေမအောင်မှာကို စိုးရိမ်နေပေသည်။ ကျောင်းစာအုပ်များကို ရှေ့တွင် ချလိုက်၏။ ညဉ့်နက်သည်အထိ စာကို ဖတ်လိုက်၊ မှတ်လိုက် လုပ်နေပေသည်။

"ဒီဂရီကို ဘာလို့ လိုချင်ရတာလဲ။ ကျန်းမာရေးကိုသာ ပြည့်စုံအောင် နားခဲ့စမ်းပါ" ဟု အိမ်သားများက မှာလိုက်သောအသံကို ကျွန်မသည် စာကြည့်တိုင်း ကြားယောင်လျက် ရှိပေသည်။

စာကြည့်နေစဉ် စာအုပ်ပေါ်သို့ အရိပ်တစ်ခုမှာ မိုး၍ ကျလာသည်။ ရုတ်တရက် လန့်သွားကာ ဗြုန်းခနဲ ထလိုက်၏။ ကျွန်မနောက်တွင် ဆရာသည် ပြုံးပြုံးကြီး ရပ်၍ နေပေသည်။

"ဟာ ဆရာကလည်း လန့်လိုက်တာ အသံလည်း မပြုဘူး" ကျွန်မသည် ဆရာ့ကို ဒေါသဖြစ်သလို ပြောလိုက်၏။

"ဆရာ ပထမသော မှေးခနဲ ပျော်သွားတယ်။ နောက် အိပ်လို့ မရဘူး။ မင်း စာကြည့်ခန်းဘက်က မီးလင်းနေတာနဲ့ ထလာခဲ့တာ။ တကတည်း ကျောင်းစာပဲ ကြည့်နေတာပဲ။ ဆရာပေးတဲ့ စာအုပ်တွေ မဖတ်ဘူးလား"

ဆရာသည် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ရင်း ပြောနေ၏။ ကျွန်မသည် ဖန်စပြုနေသော မျက်လုံးကိုပွတ်ရင်း ဆရာ့ကို ကြည့်နေမိ၏။ ဆရာ့မျက်နှာသည် ဝိုးတိုးဝါးတား ဖြစ်သွားပြီးမှ ပြန်၍ ပီသလာ၏။

"ဒီဂရီ လိုချင်သေးတယ် ဆရာရယ်"

ကျွန်မသည် ဒါပဲ ဖြေလိုက်၏။

"မခင်ယု ဆရာပြောတဲ့စကားကို နားထောင်စမ်းပါ။ မင်း အဲဒီ ဒီဂရီကို စွန့်လွှတ်လိုက်စမ်းပါ။ အခု စာတွေ ဖတ်တတ်လာပြီမို့လား။ တခြားစာတွေကို ပိုဖတ်လာရင် မင်း ပိုပြီးတော်လာမယ်။ ပိုပြီး ရေးတဲ့ဘက်မှာ သန်လာမယ်။ ညနေက မင်းပြောတဲ့ စကားမှာလည်း ဒီဂရီကို မက်ပုံရနေတယ်"

mgyoe.com

mgyoe.com


ဆရာက လေးလေးနက်နက် တပည့်တစ်ယောက်ကို ဆုံးမသလို ကျွန်မ ကို ပြော၏။

အိမ်ဖော်ကလေးမလေးသည် ညဥ့်အိပ်ရာဝင်ခါနီး သောက်ရန်အတွက် နို့နှစ်ခွက်ကို ကျွန်မတို့ ရှေ့စားပွဲပေါ်တွင် လာ၍ ချ၏။ ကျွန်မသည် ဆရာ့ ရှေ့သို့ နို့တစ်ခွက်ကို တိုးပေးလိုက်ရင်း သံသယပြင်းစွာနှင့် ဆရာ့မျက်နှာကို ကြည့်လိုက်သည်။

"ဒီဂရီ မလိုချင်ပါနဲ့လို့ ပြောတဲ့စကားမျိုးကို ဆရာဟာ ဒီဂရီမရတဲ့ လူတစ်ယောက်အနေနဲ့ပြောရင် ကျွန်မ လက်ခံနိုင်မှာပေါ့။ ခုတော့ ဆရာက တက္ကသိုလ်မှာ ဒီဂရီတွေ နှင့်လောက်အောင်ယူပြီးမှ ကျွန်မကိုကျတော့ ဒီဂရီကို မမက်စမ်းပါနဲ့ပြောတော့ ကျွန်မ စိတ်ထဲမှာ သံသယရှိတယ်။ ကျွန်မကတော့ ကောလိပ်မှာ ဒီဂရီရအောင် နေလိုက်ချင်သေးတာပဲ"

"အို… ပညာရေးဟာ ဒီဂရီတစ်ခုရယ်လို့ ထင်မနေနဲ့ကွယ်"

"ပြောပါပကော ဆရာရဲ့။ ဆရာကတော့ သင်လာလို့ ကျွန်မတို့ကျမှ"

ကျွန်မ စကားမဆုံးခင် ဆရာသည် ဖြတ်၍ ဝင်ပြော၏။

"ကောလိပ်က တစ်နှစ်တစ်နှစ်မှာ ဘီအေတွေ၊ ဆရာဝန်တွေကို ဆိုကြ ပါစို့။ ၅၀ ကနေ ၁၀၀ လောက်အထိ ထုတ်ပေးနိုင်တယ်ဆိုပါတော့။ တစ်နှစ်မှာ စာရေးဆရာတစ်ယောက်တစ်ယောက် ဖြစ်ပေါ်လာဖို့ဆိုတာက မလွယ်ဘူးနော်။ စက်ကိရိယာပစ္စည်းတစ်ခုလို ထုတ်လုပ်လို့လည်း ရတာမဟုတ်ဘူး။ အတန်း ပညာလို သင်ကြားပို့ချယူလို့လည်း ရတာမဟုတ်ဘူး။ ဒါကြောင့် မင်းကို စာရေးသူဘဝကို ပိုမြတ်နိုးစမ်းပါလို့ ပြောတာပါ"

"မှန်ပါတယ် ဆရာပြောတာတွေ။ ဒါပေမဲ့ တစ်ခါတစ်ခါ ဆရာတို့ အပေါ်မှာ သံသယယ ဖြစ်တယ်။ ဆရာတို့က ပညာတတ်မှ။ အဲဒီပညာတတ် ဆိုတာကလည်း တက္ကသိုလ်မှတက္ကသိုလ်။ တစ်ခါတလေ ဒီအသိုင်းအဝိုင်းထဲမှာ မပါတဲ့ လူဆိုရင်ပဲ အထင်သေးသလိုပဲ။ ပြီးတော့လည်း ဘာကို ယုံကြည် သတ်မှတ်ပြီး ကျွန်မတို့ လုပ်ရမယ်မှန်းမသိဘူး။ တစ်ခါတလေတော့လည်း တက္ကသိုလ်မှာ ပညာကြိုးစားသင်ဖို့ တိုက်တွန်းကြတယ်။ တစ်ခါတစ်ခါတော့ လည်း "ဟော့ အတန်းမလိုဘူး၊ စာဖတ်တတ်ပြီးရော လေ့လာမှုနဲ့ တတ်ကျွမ်း ဖို့ပဲ လိုတယ်" နဲ့ ပြောလိုပြော။ တစ်ချိန်တုန်းကဆို ဆရာ မှတ်မိသေးသလား။ အင်္ဂလိပ်စကားပြောတော့လည်း ဗိုလ်သံမပေါက်ရင် လူရာမသွင်းချင်ဘူး။ အဲဒါ

mgyoe.com

mgyoe.com


လွတ်လပ်ရေးရပြီးမှ။ ကွန်ဗင့်တို့၊ ဒိုင်အိုတို့က စကားသံမပတ်ရင် အထင်မကြီး ချင်ဘူး။ ပြီးတော့ ကဲ့ရဲ့ကြသေးတယ်။ တခြားတိုင်းပြည်ကလူတွေ ဥပမာ– အိန္ဒိယတို့၊ တရုတ်တို့ ယူဂိုစလပ်တို့ သူတို့၊ သူတို့ တရုတ်သံ၊ ကုလားသံတွေ နဲ့ အင်္ဂလိပ်လိုပြောကြတာပဲ။ ဒီမှာဖြင့် ဝိုင်းအထင်သေးလိုက်တာလွန်ရော။ ဒါကြောင့် လွန်ခဲ့တဲ့ ၂ နှစ်က ရူးတယ်ပဲဆိုဆို ကျွန်မတော့ အင်္ဂလိပ်စာအုပ် တွေ အသံထွက်အောင် အကျယ်ကြီးဖတ်ပြီး အင်္ဂလိပ်သံအမတ်ကြီး ဘိုကာ ရေဒီယိုထဲမှာ ပြောတဲ့အသံနဲ့ တူအောင်တောင် လုပ်ကြည့်သေးတယ်"

ဆရာသည် ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

"အေး… မင်းက ရွဲ့တယ်ဆိုတာတော့ ယုံပါတယ်"

"ဒီတော့ ဆရာသာ ကျွန်မတို့လို လူငယ်ဖြစ်စမ်းပါ။ ခု ဟိုဟာလုပ်ကြ၊ ခု ဒီဟာလုပ်ကြနဲ့။ လူတစ်ယောက်ကို ဆရာ့အနေနဲ့ ပြောပါပြီတဲ့။ ကဲ… လူငယ်တွေအနေနဲ့ ဘာလုပ်ရမလဲ၊ ဘာပုံစံကို လိုက်မလဲ"

ဒီတစ်ခါ ကျွန်မသည် ဆရာ့လိုပင် ပြောချင်ရာကို စွတ်ပြောလိုက်၏။ ဆရာ့စကားကို ပြန်မဖြေပေ။

"ဒါကြောင့် ကျွန်မတို့ခေတ်ကို တစ်ခါတလေ ဝမ်းနည်းမိတယ်။ အတန်း တွေ၊ ဘာတွေ ဂရုမစိုက်ဘဲ အပြင်မှာလေ့လာပြီး သူရဲကောင်းကြီးတွေ၊ ပညာရှင် ကြီးတွေအဖြစ် အများအတွက် အလုပ်လုပ်ရတော့မလိုလို၊ တစ်ခါတလေတော့ လည်း စတိုင်နဲ့ပဲ ထိုင်စာသင်ရတော့မလိုလို၊ အူကြောင်ကြောင်နဲ့။ ဒါပေမဲ့ တကယ်လုပ်စားကြစို့ဆိုတော့ အပြင်အပလေ့လာမှုတွေ၊ ဗဟုသုတတွေနဲ့တော်လာ တဲ့၊ ဒီဂရီမရတဲ့သူနဲ့ ဘာမှမတတ်သေးတဲ့ ဒီဂရီရတဲ့လူနဲ့ ယှဉ်ပြိုင်လိုက်ရင် အခွင့်အရေးက ဒီဂရီရတဲ့လူကိုသာ ပိုပေးတာ တွေ့ရတာကိုး"

"ဆရာ ပြောတာက လုပ်စားဖို့ မလိုပါဘူး။ လုပ်စားဖို့ဆိုရင်တော့ မလိုဘူး။ မင်းတို့တစ်ခေတ်အတွက် ဝမ်းနည်းစရာတော့ မလိုပါဘူး။ ခုလို အကူးအပြောင်း ကသောင်းကနင်းမှာတော့ ခုလိုပဲ နေမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ မင်း အင်မတန်မြတ်နိုးတဲ့ ဆရာတို့ခေတ်က လူကြီးတစ်သိုက်ဆိုပါတော့။ အဲဒါတွေက မင်းတို့ကို ကြီးစိုးနေရတယ်။ သူတို့ကိုယ်တိုင်မှာ နှစ်ပိုင်းရှိတယ်လို့ ဆရာထင်တယ်။ တစ်ပိုင်းက တို့များဟာ ရှင်းရှင်းပြောရရင် အင်္ဂလိပ်ကျွန်ကြီး တွေ အပြည့်အဝ ဖြစ်လာခဲ့ရတယ်။ ဆရာဆို အခု အသက် ၄၀ ကျော် ဆိုတော့ အင်္ဂလိပ်ကျွန် အနှစ် ၃၀ ဖြစ်ခဲ့ရတယ်။ အဲဒီတော့ အင်္ဂလိပ်သွင်းခဲ့

mgyoe.com

mgyoe.com


တဲ့ ပုံစံကြီးတွေဟာ ဘယ်လိုပဲဖျောက်ဖျက်ပစ်တယ်ဆိုပေမယ့် ခေါင်းတွေထဲမှာ ကျန်ရစ်နေသေးတာပဲ။ ဒုတိယပိုင်းကလည်း မျိုးချစ်စိတ်မာန်ကြောင့် တက်ကြွတဲ့အပိုင်းအနေနဲ့ နိုင်ငံရေးသမားတွေ လျှမ်းလျှမ်းတောက် ဖြစ်လာခဲ့ပေမဲ့ သူတို့မှာလည်း တကယ်တော့ အင်္ဂလိပ်ပုံဟာ ခေါင်းထဲမှာ မပျောက်တတ်သေးဘူး။ အဲဒီနှစ်ပိုင်းက ပူးပေါင်းပြီး မင်းတို့ခေတ်ကို ပုံဖော်နေကြတာပဲ။ အဲဒီတော့ ဘယ်လိုဖြစ်လာလည်းဆိုတော့ နိုင်ငံရေးသမားပိုင်းက မင်းတို့ကို တစ်ပုံဖော်တယ်။ ရှင်းရှင်းဝန်ခံရရင် နိုင်ငံရေးသမားပိုင်းဟာ သူတို့ချည်း စွမ်းဆောင်သွားနိုင်လေတော့ ပထမပိုင်းက သူတို့ လုပ်ဖော်ကိုင်ဖက် ကျောင်းနေဖက်တွေကို ပညာရေးပိုင်းတို့ အသိဉာဏ်ပေးရေးအပိုင်းတို့မှာ တာဝန်ခွဲပေးရတယ်။ အဲဒီအခါ ပထမပိုင်းလူတွေကလည်း သူတို့အသိုင်းအဝိုင်းထဲမှာဆို သူတို့ကြိုက်သလိုပေါ့။ အင်္ဂလိပ်ပုံစံနဲ့ ပုံဖော်ပြန်ရော။ အဲဒါကြောင့် မင်းတို့မှာ ကြွေးကြော်သံနှစ်ခုကို ကြားနေရတာပေါ့။ မင်းပြောတာတွေဟာ မှန်သင့်သလောက်တော့ မှန်ပါတယ်”

ဆရာ့စကားထဲတွင် ကျွန်မပြောသည်များမှာ တချို့ မမှန်ဟူ၍ ဆိုလိုပေသည်။ ဆရာ၏ရှည်လျားသော ရှင်းလင်းချက်ကို ငြိမ်သက်စွာပင် ကျွန်မနားထောင်နေ၏။ ဆရာသည် နို့ကို ကုန်အောင်သောက်ပြီးမှ ဆက်ပြော၏။

“တစ်ခုကလည်းရှိသေးတယ် မခင်ယု။ မင်းက ငယ်သေးတော့ ခေတ်ကို ထင်မြင်ပုံအယူအဆတွေမှာ လှိုင်းတံပိုးလိုထနေမှာပဲ။ ဒါပေမဲ့ အသက်ထောက်လာတဲ့အခါ မင်းအယူအဆတွေဟာ တစ်မျိုးပြောင်းလဲသွားလိမ့်မယ်။ မင့်အသက်က မင်းကို ပြောလာလိမ့်မယ်။ ကဲ မနက် ဆရာ စောစောထရလိမ့်မယ်။ အိပ်တော့မယ်နော်...”

ဆရာသည် ကျွန်မခေါင်းကို တစ်ချက်ပုတ်ကာ သူ့အိပ်ခန်းသို့ ဝင်သွားတော့သည်။ ကျွန်မ ခေါင်းထဲတွင်တော့ အိပ်ချင်သော စိတ်ကြောင့်လားမသိပေ အုံတုံတုံ ဝေတေတေပင် ဖြစ်နေပေသေးသည်။ သို့သော် ကျွန်မ ဆန္ဒအတိုင်း ပြန်ခါနီး စကားအရှည်ကြီး ပြောသွားသည့်အတွက် ဆရာ့ကို ကျေနပ်မိပေသည်။

* * *

မနက်တွင် ဆရာ့ကို မီးရထားဘူတာသို့ လိုက်၍ ပို့လိုက်၏။ မီးရထားသည် ထင်းရှူးတောအုပ်ထဲတွင် ပျောက်ကွယ်သွားမှ ကျွန်မသည် ဘူတာမှ ပြန်လာခဲ့၏။

mgyoe.com

mgyoe.com


ဤတစ်ကြိမ် ခွဲခွာသွားပြီးနောက် ဆရာနှင့် ထပ်မံ၍ မတွေ့ရတော့ပေ။ ရန်ကုန်အိမ်မှ စာများ ခဏခဏ လာသော်လည်း ဆရာ့ထံကမူ စာတစ်စောင်မျှ မလာပေ။ ကျွန်မစိတ်ထဲတွင်လည်း ဆရာ့ထံက စာလာမှ ဆရာ့ဆီ စာရေးမည် ပိုင်းဖြတ်ထားပေသည်။

သို့သော် ဆရာ့သတင်းကို ဘာမျှမကြားရဘဲ မနေနိုင်သလို ဖြစ်၍နေပေသည်။ ဆရာပေးခဲ့သော စာအုပ်များအနက် သူကိုယ်တိုင်ရေးသော မြန်မာ့စာပေသမိုင်းကို ဖတ်သောနေ့တွင် အိမ်ကိုလှမ်း၍ စာရေးမိ၏။

ဆရာဘာလုပ်နေသည်။ ဘယ်ရောက်နေသည်ကို ရေး၍ ပို့ပါရန် ထည့်ရေးလိုက်သည်။

အိမ်ကစာများ ပြန်လာသောအချိန်တွင် ကျွန်မ စိတ်မချမ်းမှုသာ ဖြစ်ရ၏။ ဆရာသည် ပင်စီသော်၊ ခင်သန်းစိုး၊ အလ်မာတို့နှင့် တွဲနေကြောင်း စာများ ထဲတွင် ဖတ်ရပေသည်။

ဤမိန်းမတွေနှင့် တွဲနေသည်ဆိုသည့်နောက် ဆရာတစ်ယောက်တော့ နစ်ပေပြီဟု ကျွန်မ ယူဆလိုက်ပါသည်။ ကျွန်မသည် ဆရာ့ထံ စာရှည်ကြီး ရေးလိုက်၏။ နိဂုံးချုပ်တွင်မူ–

ဆရာ ခုလိုနေမဲ့အစား မိန်းမတစ်ယောက် အတည်တကျ ယူလိုက်ရင် ဘယ်လောက် ဣန္ဒြေရမလဲ။ ကောလိပ်က ရာဇဝင်နည်းပြ ဆရာမ မမြခက် ဆိုရင် ဆရာနဲ့လည်း ရင်းနှီးတယ်။ ပြီးတော့ သူက အေးအေးလေးမဟုတ်လား။ သူ့ကို ဆရာလက်ထပ်ဖို့ စဉ်းစားရင် ကောင်းမယ်။

ကျွန်မသည် ထိုစာပိုဒ်ကို အဆုံးသတ်တွင် ထည့်ရေးလိုက်ပေသည်။

ဆရာ့ထံမှ စာပြန်လာသောနေ့တွင် ကျွန်မသည်အတွေးမျိုးစုံ တွေးမိ၏။

**မိခင်ယုရေ…**

မဟာကရုဏာကြီးနဲ့ ရေးလိုက်တဲ့စာကို ဆရာဖတ်ရပါတယ်။ မင်းဟာ ယောကျ်ားတွေစိတ်ကို ဘာမျှမသိသေးပါဘူးကွယ်။ မင်းရဲ့ မမြခက်ကိုလည်း မယူပါရစေနဲ့။ ဆရာ့မိန်းမရဲ့နေရာမှာ ဘယ်မိန်းမကိုမျှ ကိုယ်စားရည်ပြီး အစား မထိုးပါရစေနဲ့။ မင်းရဲ့ မမြခက်ကို ယူရင် ရုပ်ရည်၊ ပိုက်ဆံ၊ ပညာတွေပါလာပေမယ့် ဆရာ့မိန်းမရဲ့ အသည်းနှလုံးကို ဘယ်သူမျှ မမီပါဘူး။

ထမင်းမှန်မှန် စားရရုံ၊ ညဥ့်အိပ်ဖော်လေး ရရုံလောက် (ဒီစကားရိုင်းတယ်ထင်ရင် ဆရာ့ကို ခွင့်ပြုပါ) နဲ့တော့ မိန်းမတစ်ယောက်ကို ယူမထားပါရစေနဲ့။ အပျင်းပြေရုံတော့ ပင်စီသော်တို့၊ ခင်စိုးတင့်တို့ လူစုရှိပြီပဲ။

mgyoe.com

mgyoe.com


ကယ်တင်ရှင်မကြီးရဲ့ မေတ္တာစိတ်ကိုတော့ ဆရာ ဘယ်တော့မှ မမေ့ပါဘူး။

ချမ်းမြေ့ရွှင်လန်းပါစေ။

မင်းရဲ့ ဆရာ

ကျော်ထွန်း

ဆရာစာရေးပုံကြီးမှာ ဘယ်လိုကြီးမှန်း မသိ။ ကျွန်မကိုပင် ကယ်တင်ရှင်မကြီးဟူ၍ ငေါ့ထားသေးသည်။ "ငေါ့သည်" ဆိုသည်မှာ ကျွန်မ၏အထင်ဖြစ်ပေသည်။ ဆရာ့မိန်းမသည် ဘယ်လောက်တော်၍ ဘယ်လို မိန်းမစားမျိုးပါလိမ့်ဟု တွေး၍ ကြည့်မိ၏။ ကျွန်မ စိတ်ထဲတွင်တော့ သိပ်ထူးထူးခြားခြား ဘာမျှ မတွေးမိ။ သို့သော် ဆရာသည် သူ့မိန်းမအကြောင်းကို ကျွန်မထက် ပိုသိပေမည်။

ဆောင်းဦးပေါက်တွင် သိုးမွေးထည်များနှင့်အတူ အိမ်မှ စာတစ်စောင် ရောက်၍ လာပေသည်။ ငွေရေးကြေးရေးကိစ္စရှိ၍ ခေတ္တရန်ကုန်လာရန် ခေါ်သော စာဖြစ်ပေသည်။

အိမ်ကို ပြန်သွားပြီးနောက် လုပ်စရာကိစ္စများကို ပြီးအောင် လုပ်လိုက်၏။ ပြန်ခါနီး ဆရာ့ကို သွားတွေ့ရန် စိတ်ထဲမှာ စိစဉ်ထားလေသည်။

သို့သော် တစ်ညတွင်မူ ကိုကိုသည် ဆရာ့သတင်းကို ယူ၍ လာ၏။

"ကိုကို ဒီနေ့ ဒေါက်တာမောင်မောင်သွင်နဲ့ တွေ့ခဲ့တယ်။ မင့် ဆရာ ဆေးရုံရောက်နေတယ်တဲ့။ အထူးတန်း ၃၉ မှာ။ ဒီနေ့ညနေ သွားလိုက်ပါလား။ ကိုကိုတော့ နက်ဖြန်မှလာမယ်လို့ ဆရာ့ကို ပြောလိုက်နော်"

ကိုကို့စကားကို ကြားကြားချင်း ဆရာ့ထံပြေး၍ သွားလိုက်ချင်သည်။ ဈေးသို့ ချက်ခြင်း ထွက်၍ လိမ္မော်သီး၊ ပန်းသီး၊ ဂလူးကို့စ်၊ ဟောလစ်များကို ဝယ်ချလာ၏။ ဆရာ့ရောဂါ ဘာရောဂါမှန်းမသိသော်လည်း ထိုအစာများမှာ လူနာတစ်ယောက်အတွက် မသင့်သောအစာများမဟုတ်ဟု တစ်ယောက်တည်း ဆုံးဖြတ်ထား၏။

ညနေတွင်မူ ဆရာ့အခန်းရှိရာသို့ အပြေးအလွှားပင် ဝင်ရောက်သွားပေသည်။ ဆရာ့အနားတွင် လူနာမေးသူ တစ်ယောက်မျှမရှိ။ ဆရာသည် အိပ်ရာပေါ်တွင် ငြိမ်သက်စွာ လှဲနေသော်လည်း မျက်လုံးများမှာ လှုပ်ရှား၍ နေပေသည်။ တစ်ကိုယ်လုံးသည် ဝါဝင်း၍ မွေ့ရာထဲသို့ ကိုယ်မှာပြားချပ်၍ ဝင်တော့မလို ပိန်၍ နေပေတော့သည်။

mgyoe.com

mgyoe.com


ကျွန်မ၏ ကမန်းကတန်း ဝင်လာသံကြောင့် သူသည် ချက်ချင်းပင် ကျွန်မကို မြင်၏။

"မိခင်ယု"

သူ့အသံသည် တိုးတိုးပင် ထွက်လာ၏။ ဝါနေသော လက်ပိန်လေးကို ဖြည်းညင်းစွာမြှောက်ကာ ကျွန်မကို နှုတ်ဆက်၏။

"ဆရာ"

ကျွန်မသည် အော်၍ ခေါ်လိုက်မိသော်လည်း ကျွန်မ အသံမှာ တုန်၍ အားနည်းစွာ ထွက်လာ၏။ သူမြှောက်သောလက်ကို ဖြည်းညင်းစွာ ဆုပ်ကိုင်လိုက်ရင်း...

"ဆရာ နေမကောင်းတာ ကြာပြီပေါ့။ ကိုကိုတို့လည်း မပြော။ ကျွန်မဆီလည်း စာမရေးဘူး။ ဆရာ အခု သက်သာလား"

သူသည် ပြုံး၍ ကျွန်မကို ကြည့်၏။ ကျွန်မကို ထိုင်ရန် ကုလားထိုင်ကို ညွှန်ပြ၏။ ကုလားထိုင်တစ်လုံးကို ခုတင်ဘေးသို့ ဆွဲကာ ကျွန်မသည် ကပ်၍ ထိုင်လိုက်၏။

"ဘယ်သူမှ မသိစေချင်လို့ ဘယ်သူ့ကိုမှ မပြောတာ ကျောင်းကလူတွေတောင် မသိဘူး"

"ဆရာ ဘာစားလို့ရလဲ။ ကျွန်မ စားစရာတွေ ဝယ်လာတယ်"

"ဘာမှ စားလို့မရဘူး။ ဂလူးကို့စ်တစ်ခုပဲ သောက်ရတယ်။ အရက် သောက်လွန်းလို့ ထင်တယ်။ အဆုတ်ကလည်း ဖွာနေတယ်တဲ့။ (Jaun Dice) လည်း ဖြစ်နေတယ်။ အသည်းနဲ့ကျောက်ကပ်မှာလည်း အနာဖြစ်နေတယ် ဆိုလား"

ကျွန်မ လက်များသည် တဆတ်ဆတ် တုန်နေ၏။ နှုတ်ခမ်းများကလည်း တုန်နေ၍ ဘာစကားမျှ ပြောမထွက်တော့ပေ။ ဆရာသည် ကျွန်မလက်ထဲတွင် ထည့်ထားသော သူ့လက်ချောင်း အဝါကလေးများနှင့် ကျွန်မ၏လက်ကို ပြန်ဆုပ်ထား၏။

"ခုပဲ ဆရာဝန်က စာအုပ်တွေ လာသိမ်းသွားတယ်။ ဆရာ့မှာ အကြီးဆုံး ရောဂါက နားလို့မရဘူးကွဲ့။ ဆရာခုလို အိပ်နေပေမယ့် ဆရာ့ဦးနှောက်က အလုပ်လုပ်နေတယ်။ စာရေးနေတယ်။ တွေးနေတယ်။ စာဖတ်နေတယ်။ ဆရာ နားချင်တယ်။ မင့်ဆီကို စာပြန်ရေးလိုက်တော့ ဆရာငိုမိတယ်။ ဆရာဝတ္ထုကို

mgyoe.com

mgyoe.com


ရေးတဲ့အခါမှာ ထာဝရဘုရားသခင်ကျနေတာပဲ။ ဖန်ဆင်းလို့ရလိုက်တာ မပြော နဲ့တော့။ ဆရာ့ကိုယ်ခန္ဓာကျတော့ ဆရာ ဘာမှ အမိန့်ပေးလို့မရဘူး။ ဖန်တီး လို့လည်း မရဘူး။ ဆရာ့ကိုယ်ခန္ဓာကို နားခိုင်းပေမယ့် သူနားချင်မှ နားတယ်။ သူခံစားချင်တဲ့ အာရုံတွေကို လျှောက်ခံစားတာပဲ။ ဆရာ မထိန်းနိုင်တော့"

ဆရာသည် မျက်လုံးကို စုံမှိတ်ကာ ဆုတောင်းနေသလိုလို တတွတ် တွတ်နှင့် ဆက်ပြော၏။

"ဝတ္ထုထဲမှာ ကိုယ့်ဇာတ်လိုက်ကို ဒုက္ခတွေအနိုင်တိုက်ခိုင်းပြီးတော့ အာရုံတွေဖြတ်ပြီး သာသနာဘက် ကူးခိုင်းလိုက်တယ်။ ရေးတဲ့ဆရာမှာတော့ ဒုက္ခတွေကိုတိုက်ဖို့ သတ္တိမွေးလို့ မရဘူး။ ဘာအာရုံကိုမှလည်း ဖြတ်လို့မရ ပါလား"

ဆရာသည် နောက်ဆုံးစကားလေးများကို ဆက်၍ ပြောနေသေးသည်။ သို့သော် သူ့နှုတ်ခမ်းလေးများ လှုပ်ရှားနေသေး၍သာ သူစကားပြောနေသည် ဟု သိရသော်လည်း သူ့အသံများကို သဲကွဲစွာ ကျွန်မ မကြားရပါ။

ကျွန်မ နားလည်ပါပြီ။ သူ့ခန္ဓာကိုယ်၊ သူ့စိတ်များနှင့် ရင်ဆိုင်ရသော အခါကျမှ မစိုးမပိုင်သော သဘောတို့သာတွေ့ပြီး လက်မြှောက်နေရပြီ။ လက် မြှောက်သည်နှင့်တစ်ချိန်တည်း ယခင်သူ့ဒုက္ခ၊ သုက္ခများမှ လွတ်မြောက်ရာ ကိုယ်ပိုင်ကမ္ဘာတစ်ခု ဖန်ဆင်းနိုင်ခဲ့သည်ဟု လျှမ်းလျှမ်းတောက်ပြောခဲ့သော ဆရာ့မာနများကား ကျရလေပြီတကား။

ကျွန်မသည် သူ့လက်ဖဝါးကို ခုတင်ဘေးသို့ ချလိုက်၏။ လက်ဖမိုးကို ကျွန်မနဖူးနှင့်ငုံ့၍ ထိထားလိုက်၏။ ဤလက်သည် ဆရာ၏ ညာလက်ပင် ဖြစ်၏။ ထိုလက်ချောင်းများဖြင့် တန်ခိုးတော်ရှင်ကြီးသည် ကမ္ဘာတစ်ခုကို ဖန် ဆင်းခဲ့ပေသည်။ ကျွန်မ မျက်လုံးများမှ မျက်ရည်ပေါက်သည် ခုတင်အောက် သမံတလင်းပေါ်သို့ တစ်ပေါက်ပေါက် ကျလျက်ရှိသည်။

ဤတစ်ကြိမ်သည် ဆရာနှင့် နောက်ဆုံးတွေ့ရခြင်းပင် ဖြစ်၏။

သို့သော် မိုးများသည်း၍ လေပြင်းထန်စွာတိုက်သော ကလော၏မိုးတွင်း ညများတွင် အိပ်မက်ထဲဝယ် ဆရာ့အား ရောင်တခင် တွေ့တတ်ပေသည်။

(၁၉၅၇-ခု၊ အောက်တိုဘာ)



mgyoe.com

mgyoe.com

## ကျောင်းနေစဉ် မေတ္တာမျှစဉ်က

ကျွန်တော်နှင့် အချစ်တို့ ခွဲခွာကြရသောအချိန်တိုင်း အချစ်သည် ကျွန်တော့်ကို ကန်တော့၏။ သူခရီးရှည်ထွက်ရသည့် အချိန်တွင်မက ကျွန်တော် ထွက်ရသော အချိန်တွင်လည်း အချစ်သည် ကျွန်တော့်ကို ကန်တော့၏။ ဦးသုံးကြိမ် ညွှတ်၍ ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုပြီးလျှင် "ကိုရေ အချစ် လုပ်ချင်တာတွေ အကုန်လုပ်မယ်နော်။ ကိုလည်း လုပ်ချင်တာတွေ အကုန်လုပ်" ဟူ၍ ဆိုတတ်လေသည်။ ရစက ထိုသဘောများကို ကျွန်တော် နားမလည်ခဲ့ပေ။ သူက ထိုသို့ပြောတိုင်း ကျွန်တော်က "အချစ် လုပ်ချင်တာ အကုန်လုပ်" ဟူ၍ ပြန်ပြောခဲ့ရပေသည်။

အချစ်တို့ အိမ်ထောင်စုတွင် ကိုယ့်ခင်ပွန်းသည် ခရီးသွားနေစဉ် ကျန်ရစ်သောအိမ်သူသည် ခေါင်းမလျှော်ရ၊ မင်္ဂလာဆောင် မသွားရဟူသော ထုံးစံရှိသည်ဟုဆိုသည်။ ဘာကြောင့် မသွားရသည်ကိုမူ အချစ်ကိုယ်တိုင်လည်း သိဟန်မတူပေ။

"ကို ခဏခဏလည်း ခရီးထွက်သေး။ တစ်ခါတစ်ခါ ထွက်ရင်လည်း ဘယ်လောက်ကြာမှန်းမသိ။ ဘာမသိနဲ့။ ကို သွားတိုင်းသာ အချစ် ခေါင်းမလျှော်ရရင်တော့ ကြာရင်ခက်ရချည့်။ ဆံပင်တွေ ချပ်ပြားပြီး သန်းဗလပွ ဖြစ်နေမှာပဲ။ မင်္ဂလာဆောင် မသွားရရင်လည်း မိတ်အကုန်ပျက်ကုန်မှာပဲ"

အချစ်ပြောသည်မှာ မှန်၏။ ကျွန်တော်သည် တစ်ခါတစ်ခါ အချစ်နှင့် အတူ တစ်နှစ်၊ နှစ်နှစ်တိတိ ပြည့်အောင် နေရသော်လည်း တစ်ခါတစ်ခါတွင်မူ

mgyoe.com

mgyoe.com


တစ်နှစ်လုံးမှာမှ တစ်လ၊ နှစ်လ တွေ့ဖို့ ခဲယဉ်းကြပေသည်။ သူတို့ဓလေ့ထုံးစံတွင် ချွင်းချက်တော့ ရှိပေသေးသည်။ ခင်ပွန်းသည် ခရီးထွက်ခါနီးတွင် ဇနီးသည်က “ခေါင်းလျှော်မယ်၊ မင်္ဂလာဆောင်သွားမယ်” စသဖြင့် ခွင့်တောင်းရသည်။ ခင်ပွန်းသည်က ခွင့်ပြုလျှင် ဘာမဆို လုပ်ရသည်ဟု ဆိုပေသည်။ အချစ်ကမူ တစ်ခုနှစ်ခုတည်း ကွက်၍ မဆိုတော့ပေ။ “ကိုရေ အချစ် အကုန်လုပ်ချင်တာ လုပ်မယ်။ ကိုလည်း လုပ်ချင်တာလုပ်”

“ကောင်းပါပြီဗျာ။ အကုန်လုပ် အကုန်လုပ်” ကျွန်တော်သည် သူကန်တော့သည့်အတွက် ဆုမွန်ကောင်းတောင်းရင်း အကုန်ခွင့်ပြုခဲ့ပေသည်။

ယခုလည်း ရှမ်းပြည်မြောက်ပိုင်းဘက်ဆီသို့ သစ်တောသုတေသနအတွက် ကျွန်တော် ခရီးထွက်ခဲ့ရပြန်သည်။ အချစ်ထံမှ စာများကိုသာ တောကြီးမျက်မည်းထဲတွင် ကျွန်တော် စောင့်မျှော်ခဲ့ရ၏။ ပင်မြင့်များထက်တွင် သစ်ခွပန်းများ လှိုင်လှိုင်ပွင့်လျှင် ပန်းများ၏ပင်ခြေဝယ် အချစ်၏စာများကိုဖောက်၍ ဖတ်ရသည်မှာ အရသာ ထူးကဲပေသည်။ တလှိုင်လှိုင် သင်းသော ရနံ့ကပင် “မယ်ကိုယ်ကပင် မွှေးပျံ့လေသလား” ဟု ထင်ယောင်မှားဖွယ် ဖြစ်ခဲ့ရသည်မှာ နှစ်သိမ့်စရာ မဟုတ်ပါလား။

အချစ်စာထဲတွင်မူ တစ်ခါတစ်ရံ တိုင်းပြည်အခြေအနေ နိုင်ငံရေးအကြောင်းများပါ၏။ တစ်ခါတစ်ရံ ရန်ကုန်တွင် ဘာရုပ်ရှင်ပြနေသည်။ ရာသီလိုက် ဘာတွေပေါ်နေသည်ဟူ၍လည်း ရေးတတ်သည်။ ဘာတွေပဲ ရေးရေး အချစ်၏စာများကို ဖတ်ရသည်မှာ ကျွန်တော် နှစ်သိမ့်၏။

အလုပ်ကိစ္စများ အားလပ်ချိန်တွင် အချစ်အတွက် သစ်ခွပန်းမျိုးစုံကို ကျွန်တော်စု၏။ ပြန်လျှင် အချစ်ကို လက်ဆောင်ပေးရမည်။ အချစ်သည် သူ၏ ခြံဝင်းလေးထဲတွင် သစ်ခွပန်းမျိုးစုံကို စိုက်၍ထားတတ်ပေသည်။

ယခုတစ်ပတ် နွေဦးပေါက်တွင် အချစ်ထံမှ စာတစ်စောင်ကို ကျွန်တော်ရ၏။ ရွက်ကြွေစပြုနေသော ပင်အောက်တွင် ပင်ခြေကို ခေါင်းအုံးကာ သူ့စာကို ကျွန်တော် ဖတ်၏။

**ကိုရေ...**

ခုလောက်ဆိုရင် ရွက်ကြွေတောကြီးထဲမှာ ကိုယ်တစ်ယောက် သစ်ရွက်လို မျောချင်ရာ မျောနေမှာပဲ။ နွေဦးဆိုတော့ တောရဲ့ဟန်ကတော့ ရှင်စရာနေမှာပါပဲ။ ကိုတို့လူစု မိုးမကျခင် ရန်ကုန်ကို ပြန်နိုင်လိမ့်မယ်လို့ သစ်တော

mgyoe.com

mgyoe.com


ဌာနက လူတစ်ယောက်က လာပြောတယ်။ အကြောင်းထူးရှိလို့ ဒီစာကို ရေးတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အချစ် အဲဒီစာကို မရေးဘဲ မနေနိုင်လို့ပဲ။

လွန်ခဲ့တဲ့ တနင်္ဂနွေပတ်က ကိုယ်ရဲ့မိတ်ဆွေဝန်ထောက် ကိုခင်မောင်ဝင်း အဖေ ဆုံးတာနဲ့ မသာလိုက်ပို့ခဲ့တယ်။ မသာကတော့ ထုံးစံအတိုင်းပေါ့လေ။ ဂူသွင်းဖို့နေရာကို သယ်သွားတာပဲ။ နေပူလွန်းလို့ အချစ်နဲ့ မိတ်ဆွေတွေ သုသာန်ဇရပ်မှာ နေရစ်ခဲ့ကြတယ်။ အချစ်လည်း ဂူသွင်းတဲ့ဆီကို မျှော်ကြည့်ရာက ကားကိုသတိရတာနဲ့ နောက်ဘက်ကို အလှည့်လိုက်မှာ အချစ်ကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ လူတစ်ယောက်ကို တွေ့ရတာပဲ။ အချစ်ဟာ သိပ်ကြောက်သွားတာပဲ။ အချစ်ကို ဒီလို မကြည့်သင့်ဘူး။ အဲဒီလို ကြည့်လောက်အောင်လည်း အချစ်ဟာ ဘာတစ်ခုမှ ထွေထွေထူးထူး အချစ်ကိုယ်ကို မဆင်ပါဘူး။ အထူးသဖြင့် အဲဒီနေ့မှာ ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ ထမီအနက်ကိုတောင် အချစ် ဝတ်လာခဲ့လို့ အဖွားကြီးလိုတောင် ဖြစ်နေသေးတယ်။

ဒီလိုကြည့်တာကို အချစ် သိပ်ကြောက်တာပဲ။ အဲဒီကြဲတောသချိုင်းက သူရဲတွေ အကုန်ချောက်တောင် အချစ် ဒါလောက်ကြောက်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့ ဒီလိုကြောက်လည်း သိလားကို။

အဲဒီ ကြည့်နေတဲ့လူဟာလေ "ကိုတင်မောင်မောင်" ပေါ့။ အချစ် ချက်ချင်းပဲ မသာရှင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ရတယ်။ အကြောင်းကတော့ ထူးလှတဲ့အကြောင်း မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒါကို ဖွင့်မရေးမိရင် အချစ် စိတ်ထဲမှာ အကုသိုလ်ပြုထားရလိုပဲ။ ဒါပါပဲ ကို။

ရွှင်လန်းချမ်းမြေ့ပါစေ။

**အချစ်**

ကျွန်တော်သည် စာကိုဖတ်ရင်း ဟက်ဟက်ပက်ပက် ရယ်မောမိ၏။ အချစ်သည် တစ်ခါတစ်ရံ သေးသေးဖွဲ့ဖွဲ့လေးများ အပေါ်၌ ဂရုပြုလွန်းတတ်ပေသည်။

တင်မောင်မောင်သည် အချစ်နှင့် ကျောင်းနေစဉ်က ချစ်ခဲ့ဖူးသည်ဟု ဆို၏။ ကျွန်တော်သည် တင်မောင်မောင်ကို မမြင်ဖူးခဲ့ပေ။ လက်ထပ်ပြီးစကသာ ကျွန်တော်သည် အချစ်ကို ခဏခဏ စမိ၏။

"ကျောင်းနေစဉ် မေတ္တာမျှစဉ်က ချစ်ပါနှမရယ်၊ အမြန်မင်္ဂလာဆောင်ရမတဲ့။ ကျွန်မ မခံချင်အောင် စကား"

mgyoe.com

mgyoe.com


ကျွန်တော်သည် ထိုသီချင်းကို နောက်ပြောင်၍ ဆိုတိုင်း အချစ်နှုတ်ခမ်းစူသည်ကို ကျွန်တော် ပျော်၏။

သို့သော် သူတို့နှစ်ယောက်တွင် ဘယ်သူက ဘယ်သူ့ကို စတင် သစ္စာဖောက်သည်မသိ။ အချစ်တို့နှစ်ယောက် မပေါင်းကြရပေ။ သို့ကြောင့်ပင် ကျွန်တော်နှင့် အချစ် လက်ထပ်ရခြင်း မဟုတ်ပါလား။ တစ်ခါတစ်ရံတော့ "သူသည် မိန်းမသားပင်ဖြစ်သော်လည်း သူ့ကြောင့် တစ်စုံတစ်ယောက် နစ်နာအောင် ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးကြောင်း" အချစ်က ပြောပြတတ်၏။

ကျွန်တော်နှင့် လက်ထပ်ပြီးမှ သူနှင့် တင်မောင်မောင် တွေ့ဆုံကြဖူးသည်ဟူ၍တော့ တစ်ခါဖူးမှ ကျွန်တော့်အား မပြောပြဖူးပေ။

"အချစ်က ပြန်တွေ့ရမှာကို သိပ်ကြောက်တာပဲ။ သူ့ရဲ့ကို ကြောက်သ-ပို၊ လူသတ်ဂိုဏ်း ဗိုလ်ကြီးတွေကို ကြောက်သလိုပါပဲ။ ကိုတင်မောင်မောင်ကို ကြောက်တယ်" ဟုလည်း ပြောတတ်၏။

"အချစ်နဲ့ ကိုတင်မောင်မောင် ကြိုက်ခဲ့တုန်းက ဘုရားတွေ၊ ဘာတွေမှာ နောင်ဘဝပေါင်းရပါစေ ဘာတွေများ ဆုတောင်းခဲ့မိသေးလား မသိဘူးကိုရယ်။ အချစ်လည်း မနည်းတွေးနေရတယ်။ ဘာလို့လည်းဆိုတော့ သူ့ကို သိပ်ကြောက်တယ်။ နောင်ဘဝများ အတုံ့အလှည့်ရှိရင် သူနဲ့များ တွေ့နေဦးမလား မသိဘူး။ ဘုရားသိကြားမလို့ အတုံ့အလှည့်ရှိရင်လည်း ဒီဘဝ ဒီမျှနဲ့ပဲ ကြေပါစေ"

သူသည် ကလေးငယ်တစ်ယောက်လို လက်နှစ်ဖက်ကို ပူးယှက်ကာ နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဆုတောင်းတတ်ပြန်သည်။

"အပေါ်မလေး၊ အရူးမလေး၊ ဘာတွေ လုပ်နေလဲ မသိဘူး" ကျွန်တော်သည် သူ့လက်နှစ်ဖက်ကိုဆွဲယူ၍ ပြောင်လိုက်မှ သူသည် စိတ်ပြောင်း သွားပုံရလေသည်။

* * *

ကျွန်တော် ရန်ကုန်ပြန်ရသည့် ရက်တွင်မူ အချစ်အတွက် သစ်ခွပန်းမျိုးပေါင်း ၂၀ ကျော် ယူခဲ့ပေသည်။ အချစ်သည် တစ်ခြံလုံး ဟိုပြေး ဒီပြေးနှင့် လျှောက်သွားကာ သစ်ခွပန်းမျိုးများကို ကြိုးသိုင်းထားသော အိုးလေးများထဲတွင် အုန်းဆံခွံများနှင့် ပျိုး၍နေပေသည်။ ခရမ်းရောင်တချို့မှာ အပွင့်ပါပါလာ၍ အချစ်သည် အတော်သဘောကျပုံရလေသည်။

mgyoe.com

mgyoe.com


ခရီးကသာ ပြန်ရောက်စဖြစ်သော်လည်း ကိုယ့်ဟာကိုယ် ခရီးပန်းသည်ကို သတိမရ။ ချစ်ဇနီးကြီး ပန်းအိုးများနှင့် ပျော်ရွှင်ပြေးလွှားနေသည်ကို ရယ်ကာမောကာနှင့် လိုက်၍ ကြည့်နေပေသည်။

“ကိုရာ အဲဒီ ပန်းချုံနားက မြက်ခင်းပေါ်မှာပဲ နေရစ်။ အချစ် စားစရာတွေ ယူခဲ့မယ်။ အိမ်က ပူသလိုပဲ”

သူသည် ကျွန်တော့်ကို သတိရလာဟန်ရှိ၏။ မြက်ခင်းပေါ်တွင် ထိုင်ခိုင်းကာ အိမ်ဘက်သို့ ပြေးဝင်သွားလေသည်။ အချစ်၏ဟန်သည် သမင်မလေးလို သွက်လက်၏။ မြန်ဆန်၏။ ပွင့်ပွင့်လင်းလင်း ရယ်မောတတ်၏။ ဤသို့သော သူ့အသွင်များကို ကျွန်တော် မြတ်နိုးမက်မောရပါ၏။

ကျွန်တော်သည် မြက်ခင်းပေါ်တွင် ပက်လက်လှန်လိုက်၏။ ပြာသောကောင်းကင်တွင် တိမ်ဖြူတို့သည် ဖြည်းညှင်းစွာ ရွေ့လျားနေကြ၏။ ခြံထဲမှ ပန်းရနံ့တို့သည် နွေဦးလေသွေ့သွေ့ကို ဖွေးအောင်၊ အေးအောင် ရနံ့ဆောင်ကြပေသည်။

အချစ်သည် ကော်ဇောအပျော့လေးကို သယ်ယူလာကာ ကျွန်တော့်အောက်တွင် ခင်းပေး၏။ သူ့နောက်တွင် အိမ်အဖော်ကလေးမလေးသည် လိမ္မော်ရည်၊ ကိတ်မုန့်မျိုးစုံ၊ ရေနွေးကြမ်း၊ ငါးခြောက်ဖုတ်၊ ထန်းလျက်မျိုးစုံပါသော ဗန်းကြီးကို သယ်ယူလာသည်။

“ကဲ… ကို သောက်ချင်တာ သောက်ရအောင် အစုံယူလာတယ် သောက်ပေတော့”

အချစ်သည် စားစရာများကို မြက်ခင်းပေါ်တွင် ခင်းကျင်းနေသည်။ ဘယ်လိုပင် ပူသောရာသီဥတုဖြစ်ပေစေ၊ ကျွန်တော်သည် ရေခဲပါသော အဖျော်များကို ရေနွေးကြမ်းလောက် မနှစ်သက်ပါ။ ငါးခြောက်တစ်မြှောင်းကိုယူ၍ ဝါးရင်း အချစ်ကို ငြိမ်ငြိမ်လေး ထိုင်ခိုင်းလိုက်၏။

“တင်မောင်မောင်နဲ့ တွေ့တဲ့ကိစ္စကိုများ အချစ်ကို့ဆီ စာရေးရသေးတယ်။ ကို ဒါတွေကို ဂရုမစိုက်ပါဘူးကွာ”

အချစ်သည် ကျွန်တော်ပြောသည်ကို ငြိမ်ငြိမ်လေး နားထောင်နေ၏။ ကျွန်တော့်ဘေးတွင် ဝမ်းလျားမှောက်ကာ မေးထောက်ရင်း ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်နေ၏။

“ဘာရယ်လို့တော့လည်း မဟုတ်ဘူး။ အချစ် မရေးဘဲ နေကိုမနေနိုင်သလိုလိုနဲ့။ ဒါကြောင့် ရေးလိုက်တာပါလေ။ ဂရုစိုက်စရာတော့ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


ပြီးတော့လည်း အချစ်လက်ထပ်ပြီးမှ ပထမဆုံးတွေ့ခြင်းပဲ။ တွေ့ရတာလည်း ကြဲကြဲဖန်ဖန် သင်္ချိုင်းမှာမှ လာတွေ့ရတယ်နော်”

သူသည် မျက်တောင်လေးစင်းနေပြန်၏။ ကျွန်တော်က ငါးခြောက်ဖုတ် စားလိုက်၊ ရေနွေးကြမ်းသောက်လိုက်နဲ့ ဈေးများ ပြန်လာသောအခါ တဖြည်းဖြည်း နေရထိုင်ရသည်မှာ ကိုယ့်ဈေးနှင့်ကိုယ်အေး၍ သက်သောင့်သက်သာ ဖြစ်လာသည်။ အချစ်တစ်ယောက် တွေးချင်ရာ တွေးနေသည်ကို ကျွန်တော်သည် ငြိမ်သက်စွာ ကြည့်နေမိ၏။ အချစ်၏ မျက်လုံးဝိုင်းဝိုင်းလေးသည် တစ်ခါတစ်ရံ အရောင်များ တောက်ပလာ၏။ တစ်ခါတစ်ရံ မှေးမှိန် မှုန်ရီ၍ သွားပြန်သည်။ သူ့စိတ်သည် ချစ်ဦးသူနှင့် တွေ့ခဲ့ရသော အတိတ်ကိုပင် ပြန်လည်ကျက်စား နေလေသလော။ သဘောတွေ့ဖွယ်၊ နှစ်သိမ့်ဖွယ်တို့တွင်ပင် နစ်မျောနေလေ သလော။ သို့တည်းမဟုတ် နာကျည်းခံခက်သော ဝေဒနာကို ပြန်လည်၍သတိရ နေပေသလောဟု ကျွန်တော် ပြတ်သားစွာ မတွေးတောတတ်ပေ။

“မိန်းမတစ်ယောက်အဖို့ တစ်ဦးတည်းသောသူ့ကို ချစ်ရခြင်း၊ တစ်ဦး တည်းသောသူကိုသာ လက်ထပ်ရခြင်းဆိုတဲ့အဖြစ်က ရခဲတဲ့ အဖြစ်တစ်ခုပဲ။ မိန်းမတစ်ယောက်ဟာ လူနှစ်ယောက်ကို ချစ်ခဲ့ရတယ်ဆိုကတည်းက သူ့ဘဝဟာ မသန့်သလို၊ မမွန်မြတ်သလို”

အချစ်သည် တွေးရာမှ တိုးတိုးလေး ပြော၏။

အလို မရွှေချစ်သည် လေးလေးနက်နက် မတွေးသင့်သည်များကို တွေး နေပြန်လေသည်။ ယခုခေတ်တွင် ရည်စားဇလပ္ပထားပြီး လင်တစ်ယောက်ကို ယူဖြစ်သလို ယူနေကြသည့် ခေတ်တွင်မှ အချစ်သည် စိတ်ပင်ပန်းစရာမဟုတ် ပင်ပန်းနေလေသည်။ အမှန်တော့ အချစ်သည် အတိတ်ကို ပြန်လည်တသ လွမ်းဆွတ်နေဟန်တော့ မရှိပေ။ သူ လူတစ်ယောက်ကို ချစ်ခဲ့ပြီး ကျွန်တော် နှင့် လက်ထပ်ရခြင်းအတွက် အားနာဟန်၊ စိတ်မကောင်းဟန် ဖြစ်ပုံရလေသည်။ အမှန်တော့ ဤအကြောင်းတရားသည် ကျွန်တော်၏ အသည်းနှလုံးဝယ် ဘယ် လိုမှ အရေးအကြောင်းမထင်ခဲ့။ အချစ်ကို ကျွန်တော် ရကတည်းက မည်မျှ နှစ်သိမ့်နေပြီကို အချစ် သိဟန်မတူပေ။ အချစ်အပေါ်တွင် ကျွန်တော် လုံးဝ သံသယ မရှိ။ သူတို့နှစ်ယောက် မပေါင်းရခြင်းကို အချစ်သည် ဘယ်သူ့အပြစ် ဖြစ်သည်ဟု ဖွင့်ဟ မဆိုသော်လည်း ကျွန်တော် နားလည်ပါ၏။ အချစ်သည် ချစ်ဦးသူ၏ “အပြစ် ကိုယ်ကျင့်တရား” ကို တခြားသူသို့ မပြောရက်၊ မပြော ခြင်းသာ ဖြစ်၏။ အချစ်သည် ဘယ်သူ့အပေါ်မှ မဆိုးခဲ့သော မိန်းကလေး

mgyoe.com

mgyoe.com


ဖြစ်သည်ကို ကျွန်တော်သိ၏။ မဆိုးသော မိန်းမကို လက်ထပ်ရသည်မှာ ကျွန်တော်အတွက် နှစ်သိမ့်စရာ ဖြစ်ပေသည်။

ကျွန်တော်သည် အချစ်၏ လေးနက်ပြင်းထန်စရာ မဟုတ်ဘဲ ပြင်းပြင်းထန်ထန် တွေးနေသောအတွေးကို ဖြတ်၍ပစ်ချင်သည်။ ချက်ချင်းပင် ကျွန်တော်သည် သီချင်းတစ်ပုဒ်ကို ကောက်ဆိုလိုက်၏။

"ဘယ်ဆီ ဘယ်ဝယ် တမ်းတကာ လွမ်းမိတယ်။ ပျိုဖြူ ခင်စံပယ် စွဲမိပြီပေါ့ခက်တယ်။ ဘုရားမှာ တစ်ခါဆုံတယ်။ လဝါဆိုဦးဆီကကွယ်"

ကျွန်တော့်သီချင်းကို ဆက်၍မဆိုခင် သူသည် ပြုံးရယ်လာကာ...

"ဘုရားမှာ တစ်ခါဆုံတယ်၊ ကျောင်းမှာ တစ်ခါဆုံတယ်၊ သင်္ချိုင်းမှာ တစ်ခါဆုံတယ်" ဟူ၍ ဆက်ဆိုလိုက်သည်။

အချစ် ရယ်မောလာလျှင် ကျွန်တော် ကျေနပ်ပေပြီ။

* * *

နွေကုန်ခါနီးလောက်တွင် အချစ်သည် အသက်ရှူမဝသောရောဂါ ပြန်စလာ၏။ ယမန်နှစ်များကဆိုလျှင် ပူလွန်းသော နွေရာသီအလယ်လောက်တွင်မှ အချစ်၏ ရောဂါသည် ပြန်၍ ဖြစ်တတ်၏။ ဒီနှစ်နွေလယ်တွင် မဖြစ်တော့၍ ကျွန်တော် စိတ်ချနေရာမှ ယခုနွေနှောင်းတွင် ရောဂါစလာပြန်သည်။

အချစ်၏ရောဂါသည် သနားစရာကောင်း၏။ အသက်ရှူကြပ်လာပြီဆိုလျှင် ပါးစပ်ကို ဟကာ ဟကာ ငါးတွေလို အသက်ရှူရ၏။ လက်ဖျား၊ ခြေဖျားများကား ရေထွက်မတတ် အေးစက်နေလေသည်။

ပထမသော် နှလုံးရောဂါဟု ဆရာဝန်ကြီးများက စွပ်စွဲသော်လည်း ဓာတ်မှန်ရိုက်ကြည့်သောအခါ အချစ်၏နှလုံးသားသည် ဘာမျှ မချွတ်ယွင်းခဲ့ပေ။

အိပ်ရာထက်တွင် အချစ် ငြိမ်သက်စွာလဲလျောင်းနေသည်ကို မြင်လေလေ ကျွန်တော့်ရင်ထဲတွင် တင်းကြပ်ကြပ် ရှုပ်ပွပွနှင့် အနေခက်၍ နေပေသည်။ အချစ်၏ နှုတ်ခမ်းတို့သည် ဖွေးဖွေးလှုပ်နေ၏။ တစ်အိမ်လုံးကလည်း ငြိမ်သက်တိတ်ဆိတ်နေသလိုပင် ဖြစ်၏။

အမှန်တော့ နေ့စဉ်နေ့တိုင်း ကျွန်တော့်အလုပ်နှင့် ကျွန်တော် ရှုပ်နေသော်လည်း ဤအိမ်ကြီး၏ တစ်နေရာရာတွင် အချစ်ရှိနေသည်ကို ကျွန်တော် အမြဲ ဂရုပြုနေမိသည်။ ထမင်းချက်ချိန်တွင် အချစ်၏တေးသံကို မီးဖိုဆီမှ ကြားနေရ၏။ ကြမ်းတိုက်ချိန်တွင် တဖိတ်ဖိတ်တောက်ပနေသော ကြမ်းပြင်များပေါ်မှ အချစ်၏တေးသံသည် လျော၍လျော၍ ထွက်လာသည်။ အချစ် ရေချိုး

mgyoe.com

mgyoe.com


ခန်းသို့ ရောက်ပြီဆိုလျှင် ရေကျသံကြားထဲမှ တေးသံသည် လွင့်၍ထွက်လာ၏။

ယခုတော့ အချစ် နှုမ်ခမ်းကလေးများသည် ငြိမ်သက်နေသည်။ ကျွန်တော့်ကို မြင်စဉ်တွင် ဖြည်းညင်းစွာ ပြုံးလိုက်သည်မှတစ်ပါး အချစ်၏ နှုတ်ခမ်းတို့သည် ရွေ့လျားဟန် မရှိပါပေ။

ညဉ့်ဦးတွင်မူ တေးဆိုကာ သူ့ကို ကျွန်တော် သိပ်၏။ ကျွန်တော်၏ တေးသံဖြင့် ဤအိမ်ကြီးကို မြိုင်ဆိုင်စေလိုသော်လည်း ကျွန်တော့် တေးသံဝယ် ဂီတ၏အရသာ မပါလေသလားမသိ။ စိုပြည်မြိုင်ဆိုင်၍ မလာပေ။

ကျွန်တော်တို့ အိပ်ခန်းထဲတွင် မီးရောင်ပြာလေးတစ်လုံးသာ လင်းနေ၍ ပြတင်းမှ လရောင်ဝင်လာသည်ကို မြင်နေရပေသည်။ အချစ်သည် ခေါင်းအုံးကို မှီကာ ကြမ်းပြင်ပေါ် ပြန့်ကျဲနေသော လရောင်ခြည်ကို ငေးမော၍ ကြည့်နေပေသည်။ တစ်ခါတစ်ရံ သူ့ရင်အုံသည် ရောရောရှူရှူ အသက်ရှူရဟန် မတူ။ မို့မောက်တင်းကျပ်၍ အားယူရဟန်ပုံ ပေါ်လာ၏။

"ကို သီချင်းတွေ အများကြီးဆိုလေကွယ်။ ညဉ့်ဟာ ဒီလို တိတ်တိတ် ဆိတ်ဆိတ်ကြီး မနေပါရစေနဲ့"

အချစ်သည် တိုးတိုးလေးပင် အားယူ၍ ပြောလိုက်၏။ ညဉ့်နက်လာပြီ ဖြစ်၍ ရေဒီယိုသံလည်း တိတ်ခဲ့ပေပြီ။ အချစ်သည် ငြိမ်သက်တိတ်ဆိတ်စွာ နေရသည်ကို အားငယ်ဟန် ရှိပေသည်။ ကျွန်တော်သည် ရသည့်သီချင်းကို တိုးတိုးညည်းလိုက်၏။

"အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့။ နှောင်းခဲ့တဲ့ သစ္စာရှင် ကြီးရယ်၊ ပြန်ကာ လှန်ကာ မတွေးပါရစေနဲ့ကွယ်။ ချစ်ခြင်းမေတ္တာဆိုတာ အက္ခရာသင်္ချာနည်းနဲ့ တွက်ဆလို့ရမယ်မထင်နဲ့"

"ကို ဒီသီချင်းမျိုးတွေ မဆိုနဲ့လေကွယ်။ ပျော်စရာတွေကို ဆိုလေ"

အချစ် သတိပေးလိုက်မှ ကျွန်တော် သတိရ၏။ ကျွန်တော်သည် ဘာ ဆိုရမှန်း မသိတော့။ ငေးကြောင်ကြောင်နှင့်ပင် အချစ်ကိုကြည့်၍ နေမိပေသည်။

* * *

နောက်တစ်နေ့ နံနက်တွင်မူ အချစ်၏ ရင်အုံတို့သည် လုံးဝ မလှုပ်ရှား တော့ပေ။ ညဉ့်က လရောင်ခြည် ဝင်လာသော ပြတင်းမှန်မှ နံနက်ခင်းနေရောင် ခြည်တို့သည် အချစ်ဝန်းကျင်သို့ ရောက်လာကြ၏။ နံနက်ခင်းလေပြည်သည် လည်း အချစ်၏ နဖူးဆံစကို ထိတွေ့နမ်းရှုပ်ပါသော်လည်း အချစ်ကား မလှုပ် ရှားတော့ပေ။ ဆရာဝန်ကြီးသည် အချစ်အပါးမှ ခွာ၍လာ၏။ အချစ်သည်

mgyoe.com

mgyoe.com


မွေ့ရာထက်တွင် ပျော့ပျော့ပုံ့ပုံ့လေး အိပ်နေပုံရသည်။ သို့သော် အချစ်သည် အိပ်စက်ရာမှ နိုးတော့မည် မဟုတ်သည်ကို ကျွန်တော်သိ၏။

အချစ်၏ နဖူးထက်မှ ဆံခွေလေးများကို ကျွန်တော်သည် အသာပင် ဖယ်ရှားလိုက်၏။ အချစ်၏ ဆွေးမျိုးများကား ဝိုင်းအုံလာကြလေသည်။ သူတို့ ဘာတွေ လုပ်နေသည်ကို ကျွန်တော် တစ်ခုမှ ဂရုမပြုမိပေ။

ကျွန်တော် လုပ်ချင်သည်ကိုတော့ ဘယ်သူ့မှမပြောဘဲ ကျွန်တော် တစ်ယောက်တည်းလုပ်၏။ အချစ်၏ ပန်းခြင်းတောင်းငယ်ကို ဆွဲကာ ကျွန်တော် ခြံထဲသို့ ထွက်လာ၏။ ၁၂ ရာသီ မပြတ်ပွင့်သောစံပယ်ပန်းတို့ကို ကျွန်တော် လိုက်၍ ခူး၏။ ခရမ်းရောင် သစ်ခွပန်းတစ်ခိုင်ကိုလည်း ခူးလာသည်။

အချစ်၏ ရုပ်သည် ဆုံးခါစမို့ မပြောင်းသေးပေ။ ကော့သော မျက်တောင်များက မှေးမှေးလေးစင်းနေ၏။ သူ့ညီမလုပ်သူက ပေါင်ဒါ ရိုက်ပေးထား၍ မျက်နှာမှာ ဖွေးနုနု ဖြစ်နေလေသည်။ အချစ်၏ နံဘေးတွင် စံပယ်ပန်းများကို ကြဲ၍ ချထားလိုက်ခဲ့၏။ ခရမ်းရောင်သစ်ခွပန်းများကိုမူ အချစ်၏ ဆံခွေနားတွင် တင်၍ထားလိုက်သည်။

အချစ်သည် ပန်းပွင့်များအလယ်တွင် ပုံ့ပုံ့ဖြူဖြူလေး ထင်နေပေသည်။

တကယ်ဆိုတော့ ကျွန်တော်က အချစ်ထက် အသက်ကြီးပေသည်။ ကျွန်တော်သေလျှင် အချစ် ကသီလင်တ မဖြစ်ရန်အတွက် အသက်အာမခံထားလိုက်ရသည်မှာ (၃-၄) ခု ရှိ၏။ အချစ်အတွက် အိမ်ဝယ်ရ၊ မြေဝယ်ရ၊ ကားဝယ်ရနှင့် စုလိုက်ဆောင်းလိုက်ရသည့် ဖြစ်ခြင်း။

ယခုတော့ အချစ်သည် ကျွန်တော့်ထက် စောစီးစွာ လူ့လောကမှ ထွက်ခွာသွားပေပြီ။

ကျွန်တော်တို့သည် လူ့လောကကို ဘာမှ ကြိုတင်တွက်ဆ၍ မရပါကလား။

ကျွန်တော်သည် ခြံထဲသို့ တစ်ဟုန်ထိုး ပြေးထွက်သွား၏။ သစ်တောမှ ပြန်လာစဉ်နေ့က အချစ်နှင့်အတူ နားနေခဲ့သော မြက်ခင်းပေါ်တွင် ရပ်နားလိုက်၏။ ကျွန်တော်တစ်ယောက်တည်း မြက်ခင်းပေါ်တွင် လဲလျောင်းလိုက်ပါ၏။

* * *

အချစ်ကို သင်္ဂြိုဟ်ရမည့်နေ့တွင် ကျွန်တော်သည် အချစ်၏ရထားနောက်မှ ကျွန်တော်၏ ကားလေးကို တစ်ယောက်တည်း မောင်း၍ လိုက်လာသည်။ သူ့အမျိုးတွေက ငိုလိုက်ကြသည်မှာ ပွက်လောရိုက်၍ နေပေသည်။ ကျွန်တော်

mgyoe.com

mgyoe.com


သည် ကားကို မှန်မှန်မောင်း၍လာခဲ့၏။ သချိုင်းရောက်လျှင် အချစ်၏ ခေါင်းကို ကျွန်တော်ပါဝင်၍ထမ်းကာ မြေပ်မည့်နေရာသို့ ယူခဲ့သည်။

"လူတစ်ယောက်ကို ဘယ်လိုချစ်တယ်ဆိုပေမယ့် သေတော့မှ မလွမ်းနဲ့။ မသေခင် ကျကျနနပြုစု။ သေရင် အမြန်ဆုံး မြေကြီးထဲ ရောက်ဖို့သာ ကြိုးစား။ အတွန့်အတက်တွေ ဂူတွေလုပ်တာ အချစ်တော့ လုံးလုံး သဘောမကျဘူး"

အချစ်ပြောခဲ့သော စကားအတိုင်း ကျွန်တော်သည် အချစ်ကို ရိုးရိုးပင် မြေမြှုပ်ရန် စီစဉ်၏။ အချစ်ကို မြေမြှုပ်ရန် တွင်းတူးထားသောနေရာအနီးသို့ တခြားမှ အသုဘတစ်ခုလည်း ယူ၍လာသည်။ မိန်းမငယ်တစ်ယောက်သည် မြေတွင်လူးလိမ့်ကာနှင့် ဟစ်အော်ငိုကြွေး၍ ပရိဒေဝသောကမီး တောက်လောင်နေဟန် ပေါက်၏။

ကျွန်တော်တို့သည် ကြိုးနှင့်ဆိုင်း၍ အချစ်၏ခေါင်းကို မြေတွင်းထဲသို့ သွင်းပြီးပြီးခြင်း ကျွန်တော်သည် ငိုင်၍ သွားမိ၏။

ကျွန်တော့် မျက်လုံးများသည် အချစ်၏ဘေးရှိတွင်းတွင် မြှုပ်မည့်အသုဘကို မျက်စိရောက်သွား၏။ ထိုသေတ္တာပေါ်တွင် ရေးထားသော စာတမ်းမှာ ကျွန်တော့်ကို အကြီးအကျယ် ထိတ်လန့်စေပါသည်။

"ဦးတင်မောင်မောင်"

ကျွန်တော်သည် နာမည်ကိုသာ ကွက်၍ ဖတ်၏။ ဘုရား... ဘုရား ဤ "ဦးတင်မောင်မောင်" မှာ အချစ်နှင့်ကျောင်းနေစဉ်က မေတ္တာမျှခဲ့သော တင်မောင်မောင်ပေပဲလား။ ဘာလို့များ လာ၍ဆုံပါလိမ့်။ ကျွန်တော့်အချစ်လေးသည် သေဆုံးရသော တမလွန်တွင် ကြောက်ရွံ့များ နေရှာပေမည်လား။

ကျွန်တော်သည် ပူဆွေးကြေကွဲရမည်ထက် ပူပန်သောက ရောက်နေပေသည်။

"အချစ်နှင့် တင်မောင်မောင် နောင်တစ်ဘဝတွင် မတွေ့ဆုံပါစေနှင့်" ဟု ဆုတောင်းရမှာကလည်း သဝန်တိုလွန်းရာ၊ ယောကျ်ားမပီသရာကျ၏။

မိန်းမဖြစ်သူကတော့ တင်မောင်မောင် ခေါင်းကိုမြှုပ်ရာတွင်းသို့ ခုန်ဆင်းဟန်ပြုလိုက်၊ ဘေးကလူများ ဆွဲလိုက်နှင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေလေသည်။

"ကဲ... မောင်မိုးအောင် မြေဖို့လေကွယ်..."

အချစ်၏ မိခင်က သတိပေးမှ ကျွန်တော်သည် မြေကြီးများကို တွင်းထဲသို့ ဖို့၍ ဖို့၍ နေ၏။

mgyoe.com

mgyoe.com


အချစ်နှင့် နောက်ဆုံး ခွဲရပေတော့မည်။ အချစ်အတွက် ဘာဆုတောင်းလိုက်ရပါမည်နည်း။

"ဒီကောင်နဲ့မတွေ့ဖို့ ဆုပေးလိုက်ရင်လည်း ဒီကောင့် ဝိညာဉ်က ငါ့ကို သဝန်တိုတယ်လို့ သရော်မှာ။ အချစ်ကလည်း တမလွန်မှာတောင် ဒီကောင်နဲ့ တွေ့ရမှာ ကြောက်တယ်"

တကယ်တော့ အချစ်သည်သာ အသေးအဖွဲလေးများကို အကျယ်ချဲ့၍ တွေးသည်မဟုတ်၊ ကျွန်တော်လည်း ဦးနှောက်ခြောက်စရာမဟုတ် ခြောက်အောင် တွေးနေသည်ဟု သတိရလာပြန်သည်။

ဆယ်မိနစ်အတွင်း အချစ်၏ တွင်းလေးသည် စုနဲ့စုနဲ့ပုံထားသော မြေပုံလေးအဖြစ်သို့ ပြောင်းလဲ၍သွား၏။

"အချစ် လုပ်ချင်တာတွေကို အကုန်လုပ်နော်... နောက်တစ်ဘဝမှာ အချစ်ဟာ ဘယ်သူ့ကိုမှ မကြောက်ရပါစေနဲ့၊ အချစ်လေး ချမ်းငြိမ်းပါစေ"

ကျွန်တော်သည် ဆုပေးကာ လှည့်၍ ထွက်လာ၏။ မိတ်ဆွေတွေကိုရော၊ ဆွေမျိုးများကိုပါ နှုတ်ဆက်ရန် သတိမရပေ။

"ကိုကိုရေ... ဦးတင်မောင်မောင်ကြီးရဲ့" စသော အော်ဟစ် ငိုကြွေးသံများမှာ လုံးထွေး၍ နောက်ပိုင်းတွင် ကျန်ရစ်၏။

ကျွန်တော့် ကားလေးကို မှန်မှန်မောင်းထွက်လာ၏။ ကျွန်တော်၏ ဘယ်ဘက်တွင် အချစ်လိုက်ပါ၍ လာလိုလာငြား စောင်းငဲ့၍ ကျွန်တော်ကြည့်လိုက်၏။ ထိုင်ခုံပေါ်တွင် ဟင်းလင်းဖြစ်နေသော နေရာကိုသာ ကျွန်တော် တွေ့ရ၏။

"ဘုရားမှာ တစ်ခါဆုံတယ်၊
ကျောင်းမှာ တစ်ခါဆုံတယ်၊
သင်္ချိုင်းမှာ တစ်ခါဆုံတယ်"

အချစ်၏ ပြောင်ချော်ချော် ဆိုလိုက်သော တေးသံသည် ကျွန်တော့် နားထဲသို့ တိုးဝင်လာ၏။

ပုဗ္ဗနိမိတ်ဆိုသည်က ယုံရခက်သော၊ မယုံရခက်သော အကြောင်းတရားပါတလား။

(အချစ်ဝတ္ထု ရေးပါဆိုသော အစ်ကိုသို့)

▢

mgyoe.com

mgyoe.com

## ကျွန်မတို့မှာ မိန်းမသား

"မဖြစ်နိုင်တာမှ နည်းနည်းမှ မဖြစ်နိုင်ပါဘူး"

ဒေါ်ခင်မကြီးသည် လေးလေးတွဲ့တွဲ့ကြီး ညည်းလိုက်သည်။ ထိုင်ရာမှ ထ၍ ပြတင်းပေါက်ဝသို့ သွားရပ်ပြန်သည်။ ခြံဝင်းသည် စိမ်း၍လှပမဲ့ခြံပြင်မှ ဝါးတောသည် အရုပ်ဆိုးလောက်အောင်ပင် ရှုပ်ထွေးနေသည်။ ဒေါ်ခင်မ ကြီးသည် စိမ်းစိမ်းစားစား ကြည့်နေရာမှ နေရာသို့ ပြန်ထိုင်လိုက်ပြန်၏။

ညဆိုတော့ လကလည်းမိုက်သေး၊ ပြီးတော့ မိုးတွေရွာနေသေးတယ် မဟုတ်လား မဖြစ်နိုင်ပါဘူး။ နည်းနည်းမှ မဖြစ်နိုင်ဘူး။ မိုးမရွာဘဲတောင် ဒီဝါးတောက လေတိုက်ရင် သရဲအော်တဲ့အသံလိုပဲ ငါဖြင့် ညများနိုးရင် ဒီအသံ တွေ မကြားမိအောင် သတိထားနေရတယ်။ ညကြီးသန်းခေါင် ဒီခြံထဲ ဆင်းသွား ရဲတယ်ဆိုတာ မဟုတ်နိုင်ဘူး"

"ဩော်... မမကြီးနှယ်"

အနားတွင် ထိုင်နေသော ယောက်မဖြစ်သူမှာ စိတ်မရှည်သလို ပြန် အော်လိုက်၏။

"ဖြစ်နိုင်တာမှ သိပ်ဖြစ်တာ၊ ဖြစ်နိုင်လို့ပဲ မမကြီး တူမ လိုက်သွားပြီ မဟုတ်လား"

သမီးရှင်ပီပီ ရင်ထဲတွင် မခံချိမခံသာနှင့် ပြန်ပြောလိုက်ပြန်သည်။

"အေး... ငါဖြင့် ပုံတစ်ခု နားထောင်နေရသလိုပဲ၊ မနည်းယုံအောင် လုပ်နေရတယ် စိန်စိန်၊ စဉ်းစားလည်း ကြည့်စမ်းပါဦး"

mgyoe.com

mgyoe.com

"ချစ်သူနောက် လိုက်ရမယ်ဆိုတော့ သချိုင်းကုန်းတောင် ဖြတ်ရဲတာပဲ မမရဲ့"

"ဒါကတော့ ကဗျာထဲမှာပါအေ။ ရီရီအဖို့တော့ မဖြစ်နိုင်ပါဘူး။ တစ်နေ့ညကများ အခန်းထဲက ရေချိုးခန်းထဲတောင် ထမသွားရဲလို့ ငါကိုယ်တိုင် လိုက်ပို့ရတယ်။ အခုထိလည်း တစ်ယောက်တည်း မအိပ်ရဲဘူး မဟုတ်လား"

"ဘယ်လိုပဲ ဖြစ်နေနေလေ။ အခုလိုက်သွားပြီ မဟုတ်လား မမကြီးရဲ့"

ဒေါ်ခင်မကြီးသည် ငြိမ်၍ နေလိုက်ရပေမယ့် အလျှော့မပေးချင်၊ စိတ်ထဲတွင်လည်း အတော်အခံရခက်နေ၏။ မှန်၏။ သူ့တူမလေး ရီရီသည် ကြောက်တတ်၏။ သိမ်မွေ့၏။ နူးညံ့၏။ မိုးဦးကျစများဆိုလျှင် မိုးထစ်ချုန်းတိုင်း သူ့ ရင်ခွင်ထဲသို့ ပုန်း ပုန်း ဝင်၏။ လက်ဖျားကလေးများအေးကာ ရင်မှာ တဆတ်ဆတ် ခုန်နေတတ်သည်။ တောက်တဲ့အော်သံကြားလျှင်လည်း နှုတ်ခမ်းများ ပြာ၍လာ၏။ ခြံဝင်းပတ်ဝန်းကျင်တွင် တီကောင်များ၊ ပက်ကျိများ ပေါများလှ၏။ တီတွန့်သည်ကိုမြင်လျှင် သူ့ တူမလေးသည် တွန့်၍သွား၏။ အသည်းယားတတ်ပေသည်။ မနေ့ည ညဥ့်သန်းခေါင် မိုးရေထဲတွင် ရီရီသည် လျှောက်၍ သွား၏။ သူခြေချနင်းသွားသောနေရာများတွင် ပက်ကျိများ တီများထွေး၍ နေပေတော့သည်။

"ဒါတွေကို မမြင်ဘူးဆိုတာလည်း ငါဖြင့် မယုံပါဘူး။ အေးလေ ညက သိပ်မှောင်နေတော့ မမြင်ချင်လည်း မမြင်ဘူးပေါ့။ ဒါပေမဲ့ ဒီပက်ကျိတွေအပေါ်မှာ သူဖြတ်လျှောက်ခဲ့တယ်ဆိုတာများ တွေးကြည့်ရင် ငါ့တူမလေး ညက အိပ်ပျော်မှာ မဟုတ်ပါဘူးအေ"

ဒေါ်ခင်မကြီး ညည်းတွားသံမှာ ယောက်မစိန်စိန်အတွက် စိတ်တိုစရာ ဖြစ်လာ၍ အနားမှ ထသွားသည်။ ဒေါ်ခင်မကြီးသည် သူ့စကားကို စိန်စိန် နားမထောင်လိုတော့မှန်းသိ၍ သူ့အိပ်ခန်းသို့ ထသွားပြန်သည်။ သူနှင့်ရီရီ အိပ်သော နှစ်ယောက်အိပ် ခုတင်မှာ သူ့ကိုပို၍ စိတ်မချမ်းသာဖြစ်အောင် လုပ်သလို ဖြစ်နေပြန်၏။

ခုတင်ပေါ်တွင် လှဲလိုက်ပြန်သည်။ အိမ်တွင်နေသော လုရင်သည် သူ့ခြေသလုံးများကို လာ၍ဆုပ်ပေးလေသည်။

"ရီရီ ထသွားတာကို ညည်းတို့ တစ်ယောက်မှ မသိကြဘူးလား။ နိုးတဲ့ လူများရှိလား"

mgyoe.com

mgyoe.com


"အတူအိပ်တဲ့ အဒေါ်ကြီးတောင်မသိဘူးဆိုတော့ ကျွန်မတို့"

"အေးလေ ဟုတ်တယ်၊ ငါတောင်မသိတာ၊ ဟင်း... ငါဖြင့် မယုံနိုင်သေးဘူးဟေ့၊ ဒီကလေး ဒါလောက်ရဲရင့်လာတယ်ဆိုတာ နတ်ရေစင်ရင်လည်း ဖျန်းပါမှပဲ"

လှရင်သည် ဝမ်းထဲတွင် ရယ်ချင်ပေမယ့် ဣန္ဒြေဆည်၍ နေလိုက်သည်။

"ချစ်ရေစင်ဆိုတာ နတ်ရေစင်ထက် အစွမ်းရှိတာပေါ့ ဒေါ်ဒေါ်ကြီးရဲ့"

"ဘာ... နင်တို့တွေတောင် ဒါတွေ ပြောတတ်နေပြီလား"

လှရင်သည် ခေါင်းလေးငုံ့၍ နှိပ်မြဲနှိပ်နေသည်။ ဒေါ်ခင်မကြီးရင်ထဲတွင် ဝတ္ထုတိုများ ပြောင်းရေး၍ရလျှင် တူမလေးအကြောင်းကို ရေးလိုက်ချင်သည်။ အသစ်ပြင်ရေးသော ဝတ္ထုထဲတွင် ရီရီ၏ ခိုးရာလိုက်ခန်းမပါရ။ ယခုတော့ ပြင်ရေးရန်လည်းမရတော့ပေ။

မနေ့ကပင် ရီရီသည် လက်ကိုင်ပဝါငယ်များကို မလျှော်နိုင်ကြောင်း ပြောခဲ့သေးသည်။ ပွတ်၍လျှော်တိုင်း သူ့လက်နာသည်ဟုဆို၏။ ပြီးတော့လည်း ညှော်နံ့နံ့လျှင် ခေါင်းကိုက်တတ်သေးသည်။ ငါးကြီးနှင့် ငါးခူကိုလည်း မခွဲခြားတတ်သေး။ ဤလိုသော မိန်းကလေးတစ်ယောက်က အိမ်ထောင်ပြုလိုက်သည် ဆိုသည်မှာ ဒေါ်ခင်မကြီးအဖို့တော့ ထူးဆန်းနေ၏။

သူ့မောင် မမာတုန်းကလည်း ယောက်မစိန်စိန်နှင့် သူသာ ပင်ပန်းခဲ့ရသည်။ ရီရီသည် ဖေဖေ့အတွက် စွတ်ပြုတ်ကိုပင် မလုပ်ပေးခဲ့။

လှရင် နှိပ်ပြီး၍ အပြင်ထွက်သွားသောအခါတွင် ဒေါ်ခင်မကြီးမျက်လုံးထဲမှ မျက်ရည်များ စိမ့်၍လာ၏။

"ကလေးမကလည်း ကြက်တောင် အဖြစ်ရှိအောင် မဖျက်တတ်သေးဘူး"

တစ်ယောက်တည်း ပါးစပ်မှ ရေရွတ်နေသည်။ စိတ်သက်သာသလို ရှိ၏။ လင့်အိမ်တွင် သူ့တူမလေးသည် ဘယ်လိုဖြစ်ရာမည်ကို မတွေးရဲ၊ မတွေးရက်ပေ။ အဝတ်လေးကြီးများကို ဖွတ်လျှော်နေရမည်လား၊ ထမင်းဟင်းများကိုပဲ မချက်တတ်၊ ချက်တတ်နှင့် ချက်ပြုတ်နေမည်လား။ စိတ်ထဲတွင် မသက်သာလှပေ။ သူ့စိတ်ထဲမှ ရီရီကိုရော၊ သူ့ယောက်ျားကိုပါ အိမ်ကို ပြန်၍ခေါ်ချင်၏။ သို့သော် သူ့မောင်နှင့် ယောက်မ ဆန္ဒကို မလွန်ဆန်နိုင်ပေ။ သူတို့သည် ရီရီကို အလွန်စိတ်ဆိုး၍ ပြန်မခေါ်လိုကြသေးပေ။

နှစ်ပတ်သုံးပတ်ကျော်လာ၍ လကူးလာသည်အထိပင် ရီရီနှင့် မိဘများ

mgyoe.com

mgyoe.com


မှာ အဆင်မပြေကြသေးပေ။ ရီရီတစ်ယောက် လမ်း ၅၀ ထဲတွင် နေသည်ဟူ၍သာ ဒေါ်ခင်မကြီးသည် သတင်းကြားနေရသည်။ တစ်ခါမှတော့ မတွေ့ရသေးပေ။

"ငါတော့ ရီရီကို တွေ့မှဖြစ်မယ်။ မင်းတို့ ရီရီကို မခေါ်ချင်နေ။ ငါ့ကိုတော့ လိုက်ပို့ရမယ်။ ငါတစ်ယောက်တည်းနေရတာ ငရဲခံနေရသလိုပဲ သိရဲ့လား"

စိန်စိန်ကိုရော သူ့မောင့်ကိုပါ ဒေါ်ဒေါ်ကြီးသည် ခပ်တင်းတင်း ပြောလိုက်သည်။

"သူက မမကြီးကို လာစေချင်ပါသလား။ သူက လာဖို့ပါ မမကြီးရယ်

"ငါသွားရင် မိန်းကလေးက ဆီးကြိုမှာပါ။ မင်းတို့က ဒေါသကြီးတစ်ခွဲသားနဲ့ ဖြစ်နေကြတော့ ကလေးက လာရဲပါ့မလား"

"ကလေးတဲ့ တောက်"

ရီရီ့ ဖေဖေသည် တောက်တစ်ခေါက်ခေါက်နှင့် ဒေါသပိုဖြစ်နေပုံရသည်။

"သွားလေ၊ ရီရီအိမ်ကို ဒရိုင်ဘာသိတယ်။ ကျွန်တော်တို့ အကြောင်းများတော့ မမကြီးတူမကို စကားစပ်လို့ မပြောလိုက်ပါနဲ့"

ဒေါ်ခင်မကြီးသည် အမြန်ဆုံးပြင်ဆင်၍ ကားနှင့်ထွက်သွားတော့သည်။ ရီရီအိမ်နားသို့ နီးလေလေ ရင်ခုန်သံမှာမြန်လွန်းလှ၍ လက်နှင့်ဖိထားရသည်။

လှေကားအတက်ထွင်လည်း လက်များတုန်လွန်း၍ ဒရိုင်ဘာကို ကိုင်ထားရလေသည်။ အိမ်ဝတွင် အစေခံတစ်ယောက်က သူ့ကို လာကြို၏။ သူသည် ဧည့်ခန်းတွင် ထိုင်နေရပေမယ့် ရီရီကို မမြင်ရသေးပေ။ ရီရီယောကျ်ားက ကောင်းကောင်းမွန်မွန်ပင် ဧည့်ခံ စကားပြောနေသော်လည်း သူ့စိတ်များသည် အိမ်ထဲသို့ လွင့်ပျံ၍ တူမကို ရှာ၏။ နောက်ဆုံးတွင် သည်းမခံနိုင်တော့ပေ။

"ဒီမှာကွယ် မောင်ရင်၊ သူဘယ်အခန်းထဲမှာပဲ ဘာလုပ်နေနေ ဒေါ်ဒေါ်ကြီး သွားတွေ့ပြီး စကားပြောပါရစေကွယ်"

"သွားနိုင်ပါတယ် ဒေါ်ဒေါ်ကြီး လာပါ၊ လာပါ။ ဒေါ်ဒေါ်ကြီးကို ညော်မိမှာစိုးလို့ပါ"

ဒေါ်ခင်မကြီးသည် ငေါက်ခနဲထ၍ ရီရီ ယောကျ်ားနောက်မှ လိုက်သွားသည်။ အိပ်ခန်းများကို ဖြတ်ကျော်၍ မီးဖိုအဝင်တွင် မတ်တပ်ရပ်ကာ ငိုင်နေမိသည်။ ဒေါ်ဒေါ်ကြီးသည် ရှေ့ကို တိုး၍ မရပေ။

mgyoe.com

mgyoe.com


"မဖြစ်နိုင်ဘူး၊ မဟုတ်နိုင်ပါဘူး"

စိတ်ထဲကသာ အတင်းရေရွတ်နေရသည်။ မျက်စိရှေ့မှာတော့ ရီရီသည် တကယ်ပင် ငါးကြော်နေ၏။ ငါးကြော်အနံ့မှာ မီးဖိုဆောင်တစ်ခုလုံးတွင် လှောင်နေတော့၏။ သူ့ခေါင်းတွင်ပင် ငြီးစီစီ ဖြစ်လာသည်။ သူရပ်နေမှန်းကို ရီရီသည် မသိသေးပါ။ ငါးကြော်များကို အိုးထဲသို့ ပြန်ထည့်၍ ဘေးတွင် အသင့်ချထားသော ပန်းကန်ကိုယူလိုက်၏။ ပန်းကန်ထဲတွင်မူ ကြက်သွန်ဥကြီး ခရမ်းချဥ်သီးနှင့် ငရုတ်သီးစိမ်းများ ဖြစ်၏။ ငါးကြော်ထဲသို့ လောင်းထည့်လိုက်သောအခါ ငရုတ်သီးစိမ်းနံ့သည် သင်း၍ ထွက်လာသည်။

"မိန်းကလေး ရီရီ" တုန်တုန်ယင်ယင်နှင့် ဒေါ်ဒေါ်ကြီးသည် ခေါ်လိုက်၏။ ရီရီသည် ဖျတ်ခနဲ လှည့်ကြည့်ကာ သူ့ဆီကို ပြေးလာ၏။ အနားရောက်ခါနီးမှာ ကမန်းကတန်း ဟင်းအိုးရှိရာသို့ ပြန်ပြေး၍ အိုးကို ချလိုက်ပြန်၏။ သူ့နားသို့ ပြန်လျှောက်လာကာ လှမ်း၍ ဖက်လိုက်၏။

ဒေါ်ဒေါ်ကြီး၏ မျက်လုံးထဲတွင် မျက်ရည်များသည် ပြည့်သိပ်နေ၏။ ရီရီသည် ယခုလိုတော့လည်း စိတ်ထဲတွင် ဆွေးသလို ဖြစ်သွားတော့သည်။

"မိန်းကလေးက ဒေါ်ဒေါ်ကြီးဆီကို လာဖို့သင့်ပါတယ်ကွယ်။ ဒီလောက်တော့ အကြာကြီး မနေသင့်ပါဘူး"

ရီရီသည် အားယူ၍ ပြုံးလိုက်၏။ "အိမ်ရှေ့မှာသွားပြီး စကားပြောရအောင်။ ရီရီလည်း လာချင်ပါတယ်။ အိမ်ကိစ္စတွေနဲ့ မအားရဘူး"

အိမ်ရှေ့ခန်းသို့ လျှောက်ရင်း ဆီရောင်ဝင်းနေသော သူမ လက်ကို လှမ်း၍ ကြည့်လိုက်မိပြန်၏။

"အိမ်မှာ အစေခံတွေ မရှိဘူးလား"

"ရှိပါတယ်။ ကိုကိုက ရီရီချက်တာမှစားတယ်"

"ငါးကြော်ရတာလည်း ညှော်လွန်းပါတယ် ကလေးမရယ်"

"ကိုကိုက ငါးကိုကြော်ပြီး တရုတ်ချက်ဖြစ်ဖြစ် ခုနလို ခရမ်းချဥ်သီး အုပ်ပြီးချက်မှ ကြိုက်တာ ဒေါ်ဒေါ်ကြီးရဲ့"

"ဟင်..."

ဒေါ်ခင်မကြီးသည် ကုလားထိုင်ပေါ်တွင် ဖြည်းဖြည်းထိုင်ချရင်း မယုံချင်ပြန်ပေ။

"မိန်းကလေးဟာ ဟင်းတွေဘာတွေ ချက်တတ်တယ်လို့ တခြားသူတွေကများပြောရင် ဒေါ်ဒေါ်ကြီးတစ်ယောက် ယုံမှာမဟုတ်ဘူး"

mgyoe.com

mgyoe.com


"ဟဲ... ဟဲ"

ရီရီသည် ခပ်ရှက်ရှက် ရယ်လိုက်၏။ "ဒေါ်ဒေါ်ကြီး မပြန်နဲ့ဦးပေါ့။ ရီရီချက်တဲ့ ထမင်းဟင်းတွေ စားပြီး ညနေကျမှ ပြန်နော်"

တူမလေးကို မခွဲချင်၍ ခေါင်းညိတ်ပြလိုက်၏။ အိမ်ထဲတွင် ရီရီသည် လိပ်ပြာတစ်ကောင်ပျံနေသလို သွက်သွက်လက်လက် လှုပ်ရှားသွားလာနေသည်။ ထမင်းချက်၊ အင်္ကျီပြင်၊ ဖိနပ်တိုက်၊ သူ့လင်ကိစ္စကို သူကိုယ်တိုင်လုပ်၏။ ချွေးပေါက်ကျနေသော နဖူးပြင်ကို ဒေါ်ဒေါ်ကြီးသည် မကြည့်ရက်ပေ။

ရီရီယောက်ျား ရုံးသွားမှ ရီရီသည် နားရတော့သည်။ ထမင်းစားပြီးတွင် ဒေါ်ဒေါ်ကြီးသည် သင်ဖြူးပေါ်တွင် ခဏလှဲနေသည်။ ရီရီကိုမူ အနားပင် မတွေ့ရပေ။ သူသည် ရီရီရှိရာ ရေချိုးခန်းအဝသို့ သွားမိပြန်သည်။ ဒီတစ်ခါ တွင်လည်း မယုံချင်ပြန်ပေ။ ဒါပေမဲ့ မျက်စိနှင့် တပ်အပ်တွေ့ရသည်ကို မယုံလျှင်တော့ ရူးမှဖြစ်ပေတော့မည်။

ရီရီလက်ထဲရှိ အင်္ကျီများကို ကြည့်ရင်း ပင့်သက်ရှူမိ၏။

"အင်္ကျီတွေဖွပ်ဖို့ အဖော်တွေ မရှိဘူးလား မိန်းကလေးရယ်"

"သူတို့ဖွပ်တာ ဆပ်ပြာစော်နံတယ် ဒေါ်ဒေါ်ကြီးရဲ့"

"အင်း..."

ယခုအခါတွင်တော့ လက်ဖဝါးတော် မို့မို့တို့သည် မနာတော့ပါကလား။

ညစာအတွက် ကြက်ကို ဖျက်နေပုံမှာလည်း ဒေါ်ခင်မကြီး စိတ်လှုပ်ရှားစရာ၊ အံ့သြစရာ ဖြစ်နေ၏။

"တစ်ခုခုက ဖန်ဆင်းမှ ဖြစ်မှာပါ။ ကလေးမ အလိုအလျောက်တော့ ဒါလောက် မကျင်လည်ပါဘူး" ဟု စိတ်ထဲတွင် တွေးမိပြန်၏။

ရီရီသည် ရင်အုပ်သားနှင့် ပေါင်သားကို သပ်သပ်ခွဲယူ၍ အရိုးနှင့် ကျန်အသားများကို သပ်သပ်ထား၏။ အရိုးကို အိမ်သားများအတွက် အာလူးနှင့်ချက်၍ ရင်အုပ်နှင့်ပေါင်သားမှာမူ ကိုကို့အတွက် ကြော်ပေးရမည်ဖြစ်၏။

ညစာ စားပြီး၍ ဒေါ်ဒေါ်ကြီးသည် အိမ်ပြန်လာ၏။ လမ်းတစ်လျှောက်လုံးတွင် ရီရီ လှုပ်ရှားနေပုံမှာ ဓာတ်ပုံလို စွဲ၍ လာ၏။ အိမ်ရောက်ရောက်ချင်း ရီရီအကြောင်းကို ပြောပြလိုက်ချင်၏။ သို့သော် သူ့ယောက်မနှင့် သူ့မောင်သည် "ဒီလိုဖြစ်မှ ကောင်းတယ်" ဟူ၍ တူမလေးအပေါ်မှာ မှတ်ချက်ချမှာကို စိုး၏။ ဒါကြောင့် သူသည် တိတ်တိတ်ဆိတ်ဆိတ်ပင် နေလိုက်၏။ အိပ်ခါနီးတွင် လှရင်သည် ခုတင်အနားသို့ ရောက်လာ၏။

mgyoe.com

mgyoe.com


"ဒေါ်ဒေါ်ကြီး မမရီနဲ့တွေ့ခဲ့လား" ဒေါ်ခင်မကြီးသည် မျက်လုံးကို ပြူးလိုက်ပြန်ကာ"

"အေး... တွေ့တယ် လှရင်... ဘုရားစူးရပါစေ၊ ငါ့မျက်စိတောင် ငါမယုံမိပါဘူးအေ"

"ဘာဖြစ်လို့လဲဟင် မမရီ ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး"

ဒေါ်ခင်မကြီးသည် သူတွေ့ရသော အခြေအနေများကို ပြန်ပြော၏။ လှရင်သည် နှစ်နှစ်ခြိုက်ခြိုက် ရယ်၏။

"မိန်းမတွေဟာ ဒီလိုပါပဲ"

ဒေါ်ခင်မကြီးသည် ဘာမှပြန်မပြောဘဲ မျက်စိကို စုံမှိတ်ထား၏။ မှိတ်ထားသော မျက်လုံးထဲတွင် မရွှေရီ အဝတ်လျှော်ပုံ၊ ဟင်းချက်နေပုံတို့မှာ တစ်လှည့်စီ ပေါ်လာ၏။

တစ်လတစ်ခါလောက်တော့ မှန်မှန်ပင် ဒေါ်ခင်မကြီးသည် တူမလေး ထံသို့ သွား၏။ ပြန်လာတိုင်းပင် စိန်စိန်ကို ဖျောင်းဖျ၏။ ရီရီကို ပြန်ခေါ်ဖို့ တောင်းပန်နေပေသည်။ ရီရီ လုပ်ရကိုင်ရပုံများထဲမှ တချို့တစ်ဝက်ကို ပြောပြ မိသည်။ စိန်စိန်သည် အမှန်တော့ သမီးကလေးကို လွမ်းပါ၏။ ဒါပေမဲ့ ရီရီ အဖေကို သူမပြောရဲပေ။

"ဒီမှာဆို မိန်းကလေးဟာ သက်သာတာပေါ့"

"ဒါကတော့ မမကြီးရယ် ပိုက်ဆံမရှိလို့ ဆင်းရဲတာမှ မဟုတ်ဘဲ။ သူ့လင်ဝေယျာဝစ္စ သူလုပ်တာပဲဟာ"

"ဒါတော့ ဒါပေါ့... နို့ပေမယ့် သိပ်ပင်ပန်းပါတယ်"

"ဘယ်တတ်နိုင်မလဲ၊ လူဇွတွေဟာ ဒီလိုပဲ ဖန်တီးသွားကြတာပါပဲ။ မမ ကြီးက ဒါပဲတွေ့ခဲ့ရသေးတာကို သမီးက သိပ်ပြီးကျိုးနွံတာ"

"ဘယ်လို"

"သူ့လင်အပြင်မှာ အရက်သောက်မှာစိုးလို့ အိမ်မှာဝယ်ပေးတယ်တဲ့။ သူကိုယ်တိုင် ငှဲ့ပေးတယ်။ အရက်နဲ့သောက်ဖို့ အာလူးကြော်၊ ဝက်အူချောင်း ကြော်များ သူကိုယ်တိုင်ကြော်တာ သိပ်အရသာ ရှိတာပဲတဲ့။ ကိုယ်တိုင် သောက် လာခဲ့ရတဲ့ လူကပြောတယ်"

"ဘုရားရေ အမလေး၊ ဒါတော့ ငါမယုံဘူးဟေ့ မယုံဘူး"

mgyoe.com

mgyoe.com


"လာပြန်ပြီ မမကြီးရဲ့ မယုံဘူးကလည်း"

"တကယ်ပါအေ၊ အရက်ဆို ဆေးထဲမှာ ပါတာတောင် ငါ့တူမလေး မသောက်ပါဘူး။ အရက်ဆို အင်မတန်ရွံတာ၊ သူ့ခြေထောက်ယောင်တုန်းကများ တောအရက်လူးဖို့ဟာ အနာခံတယ်။ အရက်ကို မလူးဘူး။ အလကားပါ မိန်းကလေးကို မနာလိုလို့ အယုတ်အမာတွေပြောတာ"

"မမကြီးကလည်း ပြောတာပဲ။ မိန်းမဆိုတာကတော့ လျှော့ရတာကြီးပဲ သိလား"

"လျှော့နိုင်ပေါင်၊ လျှော့နိုင်ပေါင်။ ငါ့တူမလေး အရက်ငှဲ့ပေးရတယ် ဆိုတာတော့ ငါမယုံဘူးဟေ့"

ဒေါ်ခင်မကြီးသည် ပြောရင်း ဒေါသထွက်လာ၍ ဟစ်အော်ပစ်လိုက်တော့သည်။ အိပ်ခန်းထဲသို့ ယိုင်တီယိုင်တိုင်နှင့် လျှောက်လာ၏။ ခုတင်ပေါ် ထိုင်ရင်း ပြတင်းမှကျော်၍ ဝါးရုံတောကို ကြည့်မိပြန်သည်။ အပြင်တွင် မိုးသည်းလွန်း၍ ဝါးရုံတောကလည်း အရက်သမားလို ယိုင်ထိုးကာ စူးစူးဝါးဝါး အော်နေသလို ဆူညံနေသည်။

"ဒီဝါးရုံတောများကို ကျော်ဖြတ်ပြီး အရက်သမားနောက်လိုက်ရဲတာများ အံ့ပါရဲ့"

သူ့စိတ်များသည် ငြိမ်၍မရပေ။ တူမလေးထံသို့ သွားမှဖြစ်တော့မည်။ မသွားလိုက်လျှင် နား၍ ရမည်မဟုတ်တော့ပေ။

ညနေစောင်းတွင် သူ့မောင် ရုံးမှ ကားနှင့်ပြန်ရောက်ချင်း သူသည် ကားကိုယူကာ ရီရီအိမ်သို့ ထွက်လာခဲ့သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေ၍ အိမ်ဝတွင် သူသည် ရပ်နေမိသည်။ မိန်းကလေးတစ်ယောက်မှာ သူ့နားသို့ ရောက်လာ၏။

"မေမေကြီး ဧည့်ခန်းမှာ ဝင်ထိုင်ပါ"

"နင်တို့ မမကော"

"မမ နေမကောင်းလို့ပါ"

"ဟေ ငါသွားကြည့်မယ် မထိုင်တော့ဘူး"

"ထိုင်ပါဦး၊ ခဏထိုင်ပါဦး မေမေကြီးရဲ့"

ဒေါ်ခင်မကြီးသည် ကုလားထိုင်ပေါ်ထိုင်ရင်း မျက်လုံးများက အိမ်ထဲသို့ ကြည့်နေပြန်၏။

mgyoe.com

mgyoe.com


"နေပါဦး ဘာဖြစ်လို့ ငါက အိပ်ခန်းထဲ မဝင်ရတာလဲဟင်။ ရီရီ တော်တော်ဖျားလား၊ သူ့ယောကျ်ားရော"

"မရှိဘူး မေမေကြီးရဲ့"

"မရှိဘူး"

"ဟုတ်ကဲ့ ဒါကို ပြောမလို့ပါ။ မနေ့ညကတည်းက အိမ်က ထွက်သွားပါတယ်။ ဒါကြောင့် မမရီလည်း စိတ်ညစ်ပြီး အိပ်ခန်းထဲမှာ အိပ်နေတာပါ။ နေလို့တော့ ကောင်းပါတယ်"

"ဘာဟေ့ ဘာပြောတယ်"

ဒေါ်ခင်မကြီး မျက်လုံးများသည် မီးဝင်းဝင်းတောက်၍ လက်ဖျားများ တုန်လာတော့သည်။

"အရင်ကတော့ အိမ်မှာပဲ အရက်သောက်ပါတယ်။ မမက အမြဲအိမ်မှာ ဝယ်ပေးတယ်။ အမြည်းလည်း ကြော်ပေးပါတယ်။ ခုတလော ဘာဖြစ်မှန်း မသိဘူး။ အပြင်က သောက်သောက်လာတယ်။ မနေ့ကတော့ အပြန်မှာ မိန်းမတစ်ယောက် လည်း ပါလာတော့ မမရီက သည်းမခံနိုင်တော့ဘူး။ ဆူတာနဲ့ ထွက်သွားတာ ပါပဲ"

"ဒါဖြင့် ဒါဖြင့် မိန်းကလေးက အရက်ငှဲ့ပေးရတယ်ဆိုတာ တကယ်ပေါ့"

"တကယ်ပါပဲ။ မေမေကြီး ကျွန်မတို့ မျက်စိနဲ့ အမြဲတွေ့ရတာပါ"

"ငါမယုံဘူးဟေ့၊ မိန်းကလေးဆီ ငါသွားမယ်။ ဟင်... သူကများ ငါ့တူမကို စွန့်သွားရသေး။ ငါ့တူမ သူ့ကိုယူတာ ငရဲခံရတာ သိလား၊ သိလား။ အသူရကယ်မလို နေရတာ"

ဒေါ်ခင်မကြီးသည် ရီရီအခန်းထဲသို့ တောက်လျှောက် ဝင်သွားတော့ သည်။ ရီရီသည် ခုတင်ပေါ်တွင် လှဲရင်း ငိုနေ၏။

"လိုက်ခဲ့ မိန်းကလေး၊ အိမ်ကို လိုက်ခဲ့။ တကတည်း ဘုရားလို ရှိသေ ကျိုးနွံတာတောင် သူက ကဲတာ လိုက်ခဲ့"

ရီရီသည် ရှိုက်၍သာ ငိုနေသည်။ စကားတစ်လုံးမျှ မပြောနိုင်ပေ။

"မိန်းကလေးရဲ့ ဖေဖေနဲ့မေမေ သိပ်စိတ်မကောင်းဖြစ်နေကြတာ၊ လိုက် ခဲ့ပါ။ တစ်နေ့ သင်းသိမှာပေါ့"

ရီရီ စိတ်ထဲတွင် သူ့လင်ကို လွမ်းလည်းလွမ်း၏။ စိတ်လည်း ဆိုး၏။ သူ့ယောကျ်ားမရှိဘဲ အိမ်တွင် မနေချင်ပေ။ ခဏတော့ ဒေါ်ဒေါ်ကြီးနောက်

mgyoe.com

mgyoe.com


လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ကားပေါ်တွင် ရီရီပါလာ၍ ဒေါ်ဒေါ်ကြီး သည် ပျော်နေသည်။

"တိတ်စမ်းပါ၊ စိတ်ကို တင်းပါ။ တကတည်း သူတို့က ထောင်လှတယ်။ ဒေါ်ဒေါ်ကြီးဖြင့် နေ့တိုင်း စိတ်မကောင်းဘူး။ မိန်းကလေးလက်ချောင်းလေး တွေဟာ အရင်လိုတောင် မလှတော့ဘူး။ အလုပ်ကြမ်း လုပ်ရတာကိုး"

ရီရီသည် ဘာမှ ပြန်မပြောဘဲ ငိုမြဲ ငိုနေပြန်သည်။ အိမ်ရောက်လျှင် ဖေဖေရော၊ မေမေပါ ဆီးကြိုကြ၏။ စိတ်ဆိုးသည်ဆိုပေမဲ့ သမီးကိုမြင်ချင် သည်မှာ ကြာလှပြီ။

ဒေါ်ဒေါ်ကြီးသည် ရီရီယောကျ်ားအကြောင်းကို ဒေါ်နှင့်မောနှင့် ပြော ပြ၏။

"ကဲ... မိန်းကလေးရေ ပင်ပန်းသမျှ အေးအေး နေပေတော့"

ရီရီကို ဒေါ်ဒေါ်ကြီးသည် မင်းသမီးလေးလို ပြန်၍ပြုစု၏။ ယခုတစ်ခါ တော့ ရီရီသည် အခန်းခွဲအိပ်၏။

ရီရီသည် ခုတင်ပေါ်တွင် အိပ်စက်နားနေရင်း အပျိုဘဝလို ပြန်၍ နေရပြန်သည်။ သို့သော် ရီရီသည် ခုတင်ပေါ်တွင် ဘာတွေများ တွေးတော နေမည်ကို ဒေါ်ဒေါ်ကြီးသည် သိချင်၏။

တစ်ခါတစ်ခါတွင် ယောက်မစိန်စိန်ကိုရော လှရင်ကိုပါ ရန်တွေ့ပြန်၏။

"နင်တို့ပြောတာတွေ ငါမယုံဘူးဆိုတော့ ညည်းတို့က ရယ်သေးတယ်။ အခု မိန်းကလေးဟာ အိမ်ပြန်ရောက်လာပြီး သူဘာမှ မလုပ်နိုင်ဘူး"

စိန်စိန်သည် သူ့ယောက်မကြီး စိတ်များ ဖောက်ပြန်နေပြီလားဟု ထင်၏။ ဒေါ်ခင်မကြီး၏ မျက်လုံးများမှာ ကောင်းနေသေး၍ စိုးရိမ်စိတ် နည်းနည်း လျော့သွား၏။

ရီရီရောက်လာသည်မှာ တစ်ပတ်ကြာ၍ သွားသည်။ နေ့လယ်တိုင်း တစ်ရေးအိပ်တတ်သော ဒေါ်ခင်မကြီးမှာ ယခုတစ်ခါ လှရင် လာနိုး၍ အလန့် တကြား နိုးလာသည်။

"ဟဲ့... ဘာဖြစ်တာလဲ"

"မမရီ မရှိတော့ဘူး"

"ဟယ်... အမလေး"

ဒေါ်ခင်မကြီးသည် အပျိုလေးတစ်ယောက်လို အမြန်ဆုံးပြေး၍ ရီရီ အခန်းကို ကြည့်၏။ ရီရီသည် အခန်းထဲတွင် မရှိပေ။

mgyoe.com

mgyoe.com


"မြို့ထဲခဏသွားတယ်။ မမရီ ထွက်သွားတာက ယောကျ်ားတစ်ယောက်ရဲ့ ကားနဲ့ထွက်သွားတာ ကျွန်မ တွေ့လိုက်တာ။ စောစောကတော့ အခန်းထဲမှာ စာရေးနေတယ်"

"ဟင် အသူရကယ်ဘုံ ပြန်သွားပြန်ပြီ ထင်ပါရဲ့။ ဘာစာများလည်း ဝင်ရှာစမ်း လှရင် စာကို ငါ့ဆီယူခဲ့ သူ့အခန်းကိုလည်း ငါမကြည့်ချင်တော့ဘူး"

ဒေါ်ခင်မကြီးသည် သူ့အိပ်ခန်းသို့ ပြန်လာရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပြန်သည်။ မျက်ရည်များကလည်း သွန်၍ ကျလာ၏။ လှရင်သည် ချက်ချင်း ဝင်လာလေသည်။

"မမကြီး စာက မမကြီးတို့ကို ရေးခဲ့တာမဟုတ်ဘူး။ ပြီးလည်း မပြီးဘူး။ သူ့ယောကျ်ားဆီရေးတာ မပြီးခင် လာခေါ်တာနဲ့ လိုက်သွားတာထင်တယ်"

"ဟင်..."

"ဖတ်စမ်း ငါ့ကို ဖတ်ပြစမ်း" လှရင်သည် စာကို စ၍ ဖတ်ပြ၏။

"ကိုကို"

ရီသေစွာ စာရေးလိုက်ပါတယ်။ ကိုကိုနဲ့ခွဲပြီး နေရတာဟာ ရီအဖို့ သဲကန္တာရလိုပဲ အိမ်ကြီးကလည်း ငရဲဘုံလိုလို။

"ဘာငရဲဘုံ အမလေး တို့အိမ်က ငရဲဘုံ။ ဆက်ဖတ်စမ်း"

"တကယ်တော့ ရီဟာ ကိုကဖြူဆိုရင် ဖြူရတဲ့သူပါ။ ကိုယ့်စိတ်တိုင်းကျ ဘာမဆို လုပ်ပေးတယ်မဟုတ်လား။ အပျိုတုန်းကဆို အရက်နံ့မခံတဲ့ မိန်းကလေးဟာ ခုတော့ အရက်ကို ငှဲ့ပေးပါတယ်။ ဟိုနေ့က စိတ်ဆိုးလွန်းလို့ ကိုကို့ကို ပြောမိတာပါ"

ရီဟာ ကိုရဲ့ ခြေအစုံကို အမြဲ ဦးခိုက်ပြီး ရိုကျိုးခဲ့ပါတယ်။

ကိုရေ ကိုကများ တစ်ခုခုစားချင်တယ်ဆိုရင် ရီဟာလေ လက်တွေကိုပဲ မီးလောင်သွားပါစေ ချက်ကျွေးခဲ့တယ်မဟုတ်လား။ ထင်းမရှိဘူးဆိုတောင် ရီ လက်ဖြတ်ပြီး ထင်းအဖြစ်"

"ဟော့ တော်တော့။ မိလှရင် ဒီစာကို ငါဆက်ပြီး နားမထောင်ချင်တော့ဘူး ဆုတ်ပစ်လိုက်၊ ဆုတ်ပစ်လိုက်ဆို ခုဆုတ်ပစ်လိုက်။ လက်ကိုဖြတ်ပြီး သူ့လင် အရက်နဲ့မြည်းဖို့ ဝက်အူချောင်းကြော်မှာပါ။ ဆုတ်ပစ်လိုက်တော့"

မလှရင်သည် စာရွက်များကို ဆုတ်နေရင်း ဒေါ်ခင်မကြီး မျက်နှာကို

mgyoe.com

mgyoe.com

မော့ကြည့်မိ၏။ ဒီတစ်ခါ မျက်လုံးများသည် အရောင်ကင်းမဲ့၍ ဘာအဓိပ္ပာယ်မှ မရှိတော့ပေ။

ဒေါ်ဒေါ်ကြီးတစ်ယောက် မရူးပါစေနဲ့။

(၁၉၅၄–ခု၊ ဩဂုတ်လထုတ် ရှုမဝ။)

❒

mgyoe.com

mgyoe.com

## လမင်းကြီးနှင့် ငွေငါးဆယ်

မေမေဟာ အိမ်ရှင်မတစ်ယောက်အနေနဲ့ အဝေးကရောက်လာမယ့် ဧည့်သည် အမြောက်အမြားကို ကြိုဆိုခဲ့ဖူးပါတယ်။

သူတို့အတွက် အိပ်ရာနေရာ၊ စားဖို့သောက်ဖို့ နေရာထိုင်ခင်း၊ အပန်းဖြေနားနေစရာတွေကိုပါ ပြင်ဆင်ပြီး ဝမ်းပန်းတသာ စောင့်နေရတာပါပဲ။ ဒါပေမဲ့ အဲဒီကြိုတင်ပြင်ဆင်မှုတွေဟာ သားလာတော့မယ်ဆိုတာသိလို့ ကြိုတင်ပြင်ဆင်ရတာတွေနဲ့ ဘာမှ မတူပါလားသား။

သားကိုလည်း မေမေ တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ သူလေးဟာ အကျည်းတန်သော သူငယ်လေးများလား၊ သူလေးဟာ လှပတင့်တယ်သူပေပဲလား၊ အလွန်ဆိုးသွမ်းတဲ့ သူငယ်ဆိုးလေး တစ်ယောက်ပေပဲလား၊ ကျစ်လျစ်သိပ်သည်းတဲ့ သားလိမ္မာလေးပဲ ဖြစ်လိမ့်မလား။ မေမေဟာ အိပ်မပျော်ခင်မှာရော၊ အိပ်ပျော်သွားတဲ့အချိန် အိပ်မက်ထဲမှာရော မေမေ မမြင်ဖူးတဲ့ သားရဲ့ရုပ်ရည်ကို မျှော်မှန်းတွေးခေါ်ခဲ့ရတာ အမောပါပဲ။

ဩော်... သားလေး အပန်းဖြေ နားနေ အိပ်စက်ဖို့ မေမေ့မှာ မွေ့ရာလေးကို ပထမချုပ်မိတယ်။ ဂွမ်းကပ် နုနုလေးပေါ်မှာ မေမေကြိုက်တဲ့ ရေရောင်ပြာလွလွ ဖဲစကလေးအပေါ်က အုပ်ပြီး မွေ့ရာလေးကို ချုပ်ရိုးကြမ်းကြမ်းကြီးတွေ မထင်အောင် ချုပ်ရတယ်။

သားခြုံဖို့ အပြာနုရောင် သိုးမွေးစောင်လေးကိုလည်း အဆင်သင့် ဝယ်ထားရသေးတယ်။ စောင်လေးပေါ်မှာ ယုန်ရုပ်လေးနှစ်ကောင် ဖြူဖြူဖွေးဖွေးက ရထားမောင်းလို့၊ လိပ်ကလေးကရထားကိုဆွဲလို့ သားလေးသာ ဒီအရုပ်ကလေး

mgyoe.com

mgyoe.com


တွေကို တွေ့ရရင် ချစ်တန်ကောင်းပါရဲ့လို့ အောက်မေ့မိတယ်။ စိတ်ထဲမှာလည်း တစ်ခါတည်း ဆက်တွေးသွားတာက ဒီစောင်လေးကိုခြုံရင်း သားလေးဟာ တဖြည်းဖြည်း ကြီးထွားလာတော့မယ်။ သားလေး သိတတ်လာရင်ဖြင့် ဒီယုန်ရုပ်ကလေးနဲ့ လိပ်ကလေးအကြောင်းကို မေးတော့မယ်။ ဒီအခါကျတော့ မေမေဟာ ပျင်းလွန်းတဲ့ ကိုရွှေယုန်အကြောင်း၊ ဝီရိယကောင်းတဲ့ ကိုရွှေလိပ်လေးအကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြရဦးမယ်။ ပုံပြောဆရာမကြီး ဖြစ်ရဦးမှာပါလားလို့ တွေးမိတယ်။ မေမေ့ရင်ထဲမှာ သောကတွေ ဝင်လာပြန်ရော၊ သားဟာ ယုန်လေးလိုများ အပျင်းကြီးနေမလား၊ လိပ်သူငယ်လေးလို ဝီရိယကောင်းတဲ့ သူငယ်လေးဖြစ်အောင် မေမေ ဘယ်လိုလုပ်ရပါ့မလဲလို့ တွေးမိပြန်တာပဲသား။

သားကို မေမေဟာ ပုံတွေအများကြီး ပြောပြရဦးမှာပါလား။ အားလပ်ချိန်ရောက်ရင် မေမေယယ်ယယ်က ဖတ်ပြီးသားပုံပြင်တွေကို ပြန်ပြီးဖတ်ရပြန်ရော။

နံနက်မိုးသောက်လို့ ပြတင်းဖွင့်လိုက်ရင်ပဲ နှင်းမှုန်ပါတဲ့ ဆောင်းလေတွေဟာ မေမေ့ကို နှုတ်ဆက်ကြတယ်။ မေမေ အပျိုတုန်းကဆိုရင်ဖြင့် နှင်းရည်သောက်ထားတဲ့ ပန်းခင်းတောထဲမှာ အပြေးအလွှား ဆော့ကစားပြီး ဆောင်းနံနက်လေကို အားပါးတရ ရှူရတယ်။

ခုတော့ သာယာညှင်းညှင်းတိုက်လာတဲ့ ဆောင်းလေကို တိုးတိုးသာသာပဲ ပြောပြရတယ်။ "ရှေ့လအတောအတွင်းမှာ ကျွန်မဟာ သားဦးလေးနဲ့ တွေ့ရတော့မယ်" လို့ သူတို့ကလည်း ဝမ်းပမ်းတသာ မေမေ့သားကို ကြိုဆိုကောင်းချီးပေးတဲ့သဘောနဲ့ သားကိုယ်စား မေမေ့ပါးပေါ်ကို အသာတကြည် ထိတွေ့နမ်းရှုပ်သွားကြတယ်။ မေမေဟာ အရင်လို မပြေးဘဲ ပန်းခင်းတွေထဲမှာ ဖြည်းဖြည်းသာသာပဲ လျှောက်ရဘာယ်။

ပန်းပွင့်လေးတွေကိုလည်း သားလာတော့မယ့်အကြောင်း ပြောပြရင်ပဲ သူတို့ဟာ ပွင့်ဖတ်တွေကို စွင့်စွင့်ကားကား လေမှာလွှင့်ပြီး တစ်ပွင့်အပါး တစ်ပွင့်ကပ်ပြီး သားနဲ့တွေ့ကြရတော့မယ့်အကြောင်း တစ်ဆင့်စကား တစ်ဆင့်သတင်းပါးကြပြန်တော့တယ်။

မကြာခင်ပဲ ရွှေရောင်ပေါ်မှာ မဟူရာစင်းလေးတွေခင်းထားတဲ့ ဝတ်ရုံလွှာကို ခြုံထားတဲ့ ပျားကောင်လေးတွေဟာ နံနက်နေခြည်မှာ ပျံဝဲလာကြတယ်။ မေမေဟာ ပျားကောင်လေးတွေကို မြင်ရပြန်တော့ သားရဲ့အနာဂတ်ကို ကွေးမိပြန်ရော။

mgyoe.com

mgyoe.com


မေမေဟာ ဆောင်းလေပြည်နဲ့ ပန်းဝတ်လွှာအကြောင်း၊ နွေဦးရွက်နုများနဲ့ ဥသြတေးသံတွေအကြောင်းကို ပုံထဲမှာသာ ထည့်သွင်းပြောနိုင်တာကလား။ တကယ်ဆိုတော့ မေမေ့သားက မေမေဟာ အရွယ်ရောက်လာရင်ဖြင့် တခြားလူသားတွေနဲ့အတူ ခေတ်ဆိုတဲ့ ခရီးလမ်းမှာ သွားခိုင်းရမှာပါလားလို့ တွေးမိရင်ပဲ ရင်ထဲမှာ တင်းကြပ်သွားတယ်။

မေမေသာ တန်ခိုးတော်ရှင်ကြီးဆိုရင်ဖြင့် သားလေးအတွက် သီးသန့်ကမ္ဘာတစ်ခုကို ဖန်ဆင်းပေးပါရဲ့သားရယ်။ မေမေမျက်မှောက်ပြုနေတဲ့ ကမ္ဘာကတော့ လေထဲမှာ ယမ်းငွေ့တွေဟာ အပြည့်အသိပ် ပါလာလေတော့ အသက်ရှူရတာတောင် မဝတဲ့ကမ္ဘာ။

ဘယ်သူတွေက ဘယ်ဦးနှောက်နဲ့ ဘာတွေကို ကြံစည်တွေးတော တီထွင်လိုက်တယ်မသိဘူး။ လူသားစင်စစ်ကို ခုနက မေမေမြင်ရတဲ့ ပျားကောင်တွေဖြစ်အောင် လုပ်နေတဲ့ ကမ္ဘာကြီးကလား။ မေမေ့ စိတ်ထဲမှာ သားလေး အရွယ်ရောက်လာရင် စည်းကမ်းစနစ်ကျပြီး လိပ်သူငယ်လေးလို ဝီရိယရှိရုံမက သားရဲ့အတွေးအခေါ် ဆင်ခြင်ဉာဏ်လေးတွေကို သားဟာ လွတ်လပ်စွာ တင်ပြဆွေးနွေးနိုင်ခွင့်ရှိတဲ့ ခေတ်ကို ကြုံစေချင်ပါတယ်။ စည်းကမ်းတော့ ကျနပါရဲ့ သူများခိုင်းသမျှ တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်တတ်တဲ့ နှလုံးသားမရှိတဲ့ လူသားမျိုး ထွန်းကားတဲ့ခေတ်မျိုး သားကို မကြုံစေချင်ဘူး။

မေမေတို့ရဲ့ ကမ္ဘာကြီးဟာ ခုတော့ လမ်းဆုံလမ်းခွကို ရောက်နေတယ်သား။ သူတို့ဟာ "လူ" ဆိုတဲ့ စကားတစ်လုံးကို ကိုယ်ကြိုက်ရာ ကိုယ်ဆွဲပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ပြနေကြတယ်။ သြော်... ဒီအကြောင်းကို တင်ပြဆွေးနွေးဖို့က အချိန်စောလွန်းပါသေးကလား။ မေမေဖြင့် သားကို ပြောချင်ဇော၊ တွေ့ချင်ဇောနဲ့ အတွေးတွေ အလှမ်းကျယ်သွားရပြန်ပြီ။ သားဟာ တကယ်ဆိုတော့ မေမေ့ကို အတွေးကျယ်အောင် လုပ်နိုင်စွမ်းရှိပါကလား။ ပျားကလေးတစ်ကောင်ကို မြင်တာနဲ့ သားရဲ့အနာဂတ်ကို တွေးပြီး မေမေ ပူပန်လိုက်တာ။

သားအတွက် မေမေ စာဖွဲ့ချင်တယ်။ သားအတွက် မေမေ စာတွေ ရေးချင်လိုက်တာ။

သားကို မေမေမြင်ရတော့မယ့်နေ့ကို ရောက်လာပြီ။ မျက်ခုံးမွေးထူထူနဲ့ ဆရာမလေးက အဝတ်ဖြူလေးကို ပါးစပ်နဲ့ နှာခေါင်းမှာစီးလို့ မေမေ့ဗိုက်

mgyoe.com

mgyoe.com


ပေါ်မှာ နားခွက်ကလေးတပ်တပ်ပြီး သားရဲ့ရင်ခုန်သံကို မိနစ်ပိုင်းနဲ့အမျှ နားထောင်နေရှာတယ်။

မိန်းမတွေဟာ ချစ်ဦးသူနဲ့ တွေ့ခါနီးတော့လည်း ရင်ခုန်ခဲ့ကြတာပဲ။ ဒါပေမဲ့ အဲဒီရင်ခုန်ပုံတွေဟာ သားကို မေမေ ပထမဆုံး တွေ့ရမယ့်အချိန်မှာ ရင်ခုန်ပုံနဲ့ လုံးဝမတူဘူးသား။ ဒီတစ်ခါတော့ မေမေ အကျယ်ချဲ့ပြလို့ မရဘူး။

မေမေလေ လူကသာ ခုတင်ပေါ်မှာ အိပ်နေတယ်။ စိတ်ကတော့ ခရီးအဝေးကြီးကို ပင်ပန်းစွာ သွားနေရသလိုပါပဲ။ ဝမ်းထဲက နာကျင်တဲ့ ဝေဒနာကြောင့် နဖူးမှလည်း ချွေးတွေ ပြိုက်ပြိုက်ကျလို့၊ ဆရာမလေးရဲ့ လက်တွေကိုလည်း မေမေ တအားဆုပ်ထားလွန်းလို့ သူ့လက်ချောင်းလေးတွေများ ကြေသွားမလား အောက်မေ့ရတယ်။ မေမေ့ ဒူးတွေဟာ ဆတ်ဆတ်တုန်နေတယ်။ သားရဲ့ ဘွားဘွားကြီးပြောတဲ့စကားကို သွားသတိရတယ်။ “ချွေးတစ်ခါ နှစ်ခါ မပြန်ဘဲနဲ့များတော့ ဘယ်တော့မှ မမွေးသေးဘူး” ဆိုတာ ခါးကိုလိမ်ပြီး ပစ်ချင်လောက်အောင် ဝေဒနာပြင်းလာပေမယ့် မေမေ့ဝမ်းဗိုက်ထဲမှာ သားရှိတယ်ဆိုတဲ့ အသိကြောင့် မေမေဟာ ဒီဝေဒနာကို ကြိတ်ခံတယ်၊ အံကိုလည်း ကြိတ်ထားလွန်းလို့ သွားတွေများ ကျိုးမတတ်ပါပဲ။

“သားလေး အပြင်ရောက်ဖို့ သူ့လမ်းကြောင်းဟာ တစ်လက်မဘဲ လိုတော့တယ်။ ပထမ ကလေးမို့ ခံရတာပါလို့” ဆရာမလေးဟာ အေးဆေးတဲ့ အသံနဲ့ မေမေ့အပါးက မင်းဒေါ်ဒေါ်ကြီးကို ပြောနေသံ မေမေကြားရတယ်။ ဒါပေမဲ့ သုံးနာရီလုံးလုံး ကြာတဲ့အထိ သားကို မေမေ မမြင်ရသေးဘူး။

သားလေးဟာ ပက်ကျိလေးများလို ခရီးသွားနေသလားကွယ်။ တစ်လက်မ ဆိုတဲ့ ခရီးကို သုံးနာရီကြာရတယ်ဆိုတာ မေမေ မယုံချင်ဘူးကွယ်။ မေမေဖြင့် ဝေဒနာကို သည်းမခံနိုင်တော့ဘူး။ ဆရာမကြီးတွေနဲ့ ဒေါက်တာတွေလည်း မေမေ့အပါးကို ဝိုင်းလာကြတယ်။

“ကျွန်မကို လုပ်ချင်သလို လုပ်ပါ။ သား ကျန်းကျန်းမာမာနဲ့ အပြင်ရောက်ရင် ပြီးတာပါပဲ” မေမေလေ အဲဒီအချိန်မှာ မေမေ့ အသက်ကိုပဲ စွန့်ရပါစေ၊ သားကိုသာ အပြင်ဘက် ချောချောမောမော ရောက်စေချင်တာပါပဲ။

“သြော်... တို့များ မိန်းမတွေဟာ အားနွဲ့တယ်၊ အားငယ်တယ်နဲ့ အခြေအနေက တကယ်လိုလားလို့ တောင်းဆိုလာပြီဆိုတော့ အသက်ကိုတောင် ပေးအပ်ပြီး ချစ်သူအတွက် စွန့်စားရဲသူပါလားသား။

mgyoe.com

mgyoe.com


မကြာခင်ဘဲ မေမေဟာ မွေးခန်းထဲကို ရောက်သွားတယ်။ ခဏအကြာမှာ လုံးဝ သတိလစ်သွားတာပဲ။ မေမေ သတိရလို့ မျက်လုံးဖွင့်လိုက်တော့ ဖြူနွဲ့နွဲ့ ဒေါက်တာနှစ်ဦးရယ်၊ ဆရာမ ဝတုတ်တုတ်ရယ်က သားလေးကို မွေးဖွားပြီး ကြောင်း သတင်းကောင်းပါးကြတယ်။

မေမေဖြင့် မျက်ရည်တွေ ပေါက်ပေါက်ကျလာတာပါပဲ သားရယ်။

နီနီထွေးထွေး ပိုးတောင့်တဲလေးနဲ့ တူတဲ့သားကို အနီးဖြူဖြူလေးနဲ့ ရစ်ပတ်ပြီး ဆရာမလေး ခေါ်လာတော့။

"သြော်... တစ်လက်မခရီးကို သုံးနာရီကြာအောင် လာခဲ့ရတဲ့ သူငယ် လေးပါလား" လို့ မေမေတွေးမိပြီး သားကို သနားလိုက်တာ။ သားကို ချိုချို စတိုက်ရတဲ့နေ့ရောက်တော့ မေမေ စိတ်မကောင်းဖြစ်ရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်လေးဆယ့်ငါးရက်ရောက်ရင် မေမေအလွန်မုန်းတဲ့ အလုပ်ကြီး တစ်ခု လုပ်ရဦးမယ်။ မေမေ့မှာ မေမေ့မေတ္တာတန်ခိုးနဲ့ သွန်ကျလာတဲ့ မေမေ သွေးကဖြစ်တဲ့ နို့ရည်တွေ မေမေ့ရင်ထဲမှာ အပြည့်ရှိပါရဲ့သားနဲ့ သားကို နို့မှုန့် ဘူးတွေနဲ့ထားခဲ့ပြီး မေမေ အလုပ်သွားရဦးမယ်။ ပြီးတော့ ချိုချိုတွေတောင့်လာ ရင် အဲဒီနို့ရည်အစစ်တွေကို မေမေညှစ်ရဦးမယ်။ မေမေ ဒီအလုပ်မျိုး လုပ်ရမှာ ကို သိပ်စက်ဆုပ်တာပဲ။ ဒါပေမဲ့ လုပ်ရဦးမယ်"

ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တော့ သားကို ညဥ့်ဦးမှာ မေမေ နို့ ဝအောင် တိုက်သိပ်ခဲ့တယ်။ အပြင်မှာ လဝန်းဟာ ထိန်ထိန်သာလို့ မေမေတို့ အိမ်ခန်းမကြီးလည်း လင်းနေတာပဲ။ မေမေဟာ ပြတင်းကနေ လမင်းကို မော် ကြည့်မိတယ်။ ယောကျ်ားတွေက သူတို့ ချစ်သူရည်စားကို စာဖွဲ့တဲ့နေရာမှာ ချစ်သူမျက်နှာဟာ "လမင်းနဲ့ နှစ်လေးသာ အေးမြလိုက်တာ" လို့ ဆိုကြတယ်။ မေမေကတော့ လမင်းကြီးနဲ့ သားမျက်နှာကို မနှိုင်းရက်ပါဘူး။

"ခုနေများ လနတ်သားက မေမေ့သားကြီးနဲ့ လမင်းကြီးနဲ့ လဲမလား ဆိုရင် မေမေကတော့ ပြန်ပြောမှာပဲ"

"မေမေ့သား လမင်းကြီးနဲ့ မလဲနိုင်ပါ" လို့ ပြောမှာပဲ။

လမင်းကြီးက လောကဓာတ်တစ်ခွင်ကိုသာ သူရဲ့အေးမြတဲ့ ရောင်ခြည် နဲ့ ရွှန်းရွှန်းပပ သာစေနိုင်ပေမယ့်လို့ မေမေရဲ့နှလုံးသား တစ်နေရာကို သူ့ ရောင်ခြည် ထိုးဖောက်ပြီး မလင်းနိုင်ပါဘူးသားရယ်။

သားမျက်နှာ ဝင်းပပက လမင်းကြီးလို မကြီးပေမယ့် သားကို မြင်ရရင်

mgyoe.com